ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့ (31-5-2015) (၈၂၁၇)

## အေးစေ မြစေ မေတ္တာရေ

- Ep&mwp&m q u q&m arwmv&i;o;
- rwaqci;om ay;i;o i;&m arwm t jrwq;
- a t ;apjrap arwma& o;av &y&mo;
- arwmpw"mw vejrijrw vew t cpq;
- arwm&e ]u]i v iE o i;ye , r q;
- arwmye;ci u , pu i zu]y]i o w½;
- wp0;arwm wp0;rm &n]u m&rre;
- w&m;aymu u , arwmjy , ]u;i , t rm;re;
- arwmewye; yeq ijre; &i v e;pwE v;/

စံကင်းဆရာတော်

# တိုင်းပြည်၏ စီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အမှန်တကယ်အားစိုက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ပြန်/ဆက်)

(သတင်း စာမျက်နှာ - ၈၊ ၉)

" သမဝါယမစနစ်တွင် အားလုံးတန်းတူညီမျှပိုင်ဆိုင်ခွင့်ရှိပြီး ဆင်းရဲချမ်းသာ ပဓာနမထားဘဲ အားလုံးပူးပေါင်းပါဝင်နိုင်ပါကြောင်း၊ သမဝါယမများသည် ပြန်လည်ရရှိလာမည့် အကျိုးအမြတ်ထက် ၎င်းတို့အသင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကထားသည့်စနစ်ဖြစ်။ "

မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ ခေတ်ဆန်ရေချိုးကာ မရှိသေးပါ


ဒေါ်ဝင်းစုစုထွန်း

ကျွန်မကဒေါ်ဝင်းစုစုထွန်းပါ။ ကျွန်မတို့ရုံးအဖွဲ့ ပိတ်ရက်မှာ ပုဂံ၊ ညောင်ဦး ခရီးသွားခဲ့ကြပါတယ်။ အညာဒေသကလည်း အရမ်းပူတော့ အင်္ကျီလွတ်တဲ့နေရာ(လက်တို့၊ ခြေတို့) တွေဆို နေလောင်ဒဏ်ခံခဲ့ရတယ်။ နေလောင်တဲ့ဒဏ်ကြောင့် ကျွန်မမျက်နှာဆိုရင် မဖြူရတဲ့အထဲ မည်းပြာသွားတယ်။ ဒီကြားထဲ အသားတွေယားယံပြီး မိတ်ဖုတွေလည်း ထွက်လာသေးတယ်။ အစ်မတစ်ယောက်ကသူယူလာတဲ့ ရွှေပြည်နန်းဓရေချိုးသနပ်ခါးကို လာပေးပါတယ်။ လိမ်းကြည့်လိုက်တာ မိတ်ဖုတွေ သက်သာလာခဲ့တယ်။ ရွှေပြည်နန်း အစိမ်းရောင်သနပ်ခါးကို လိမ်းလိုက် နေလောင်ဒဏ်ကာကွယ်တယ်လို့လည်း ပြောပါတယ်။ ခရီးကပြန်ရောက်တော့ အိမ်မှာဆက်ပြီး လိမ်းခဲ့တယ်။ (၁၅)ရက်လောက်ကြာတော့ ကျွန်မအသားအရေ ဝင်းလာတယ်။ မိတ်ဖုတွေကတော့ အရှင်းပျောက်သွားတယ်။ ဝယ်ယူသုံးကြည့်တော့ ရွှေပြည်နန်းအမျိုးအစားတစ်ခုစီမှာ အကျိုးထူးလေးတွေရှိမှန်း သိလိုက်ရတယ်။ အလွန်တစ်ရာမှ ကောင်းမွန်သော နည်းပညာများနဲ့ ဖော်စပ်ထားတဲ့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီကို ထာဝရအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ ယုံကြည်စွာနဲ့ အမြဲသုံးစွဲလျက်ပါ။ ကျေးဇူးလည်းတင်ပါတယ် ရွှေပြည်နန်းရယ်...

ဒေါ်ဝင်းစုစုထွန်း (Admin Head, KTM Logistic & Transportation)

ထပ်ဆင့်ထောက်ခံအပ်ပါသည်၊ ဒေါ်သီတာဇော် (BATON LOGISTIC CO.,LTD.)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ကြေးမုံစာတည်းရှေ့ထောင့် ၃၁-၅-၂၀၁၅ [တနင်္ဂနွေနေ့]

# သက်တမ်းမတိုအောင် ဆေးလိပ်ရှောင်

ဆေးလိပ်၏ဆိုးကျိုးကို ကမ္ဘာပေါ်ရှိ လူအများသိရှိနားလည်ကြပြီး ဖြစ်သည်။ စီးကရက်၊ ဆေးလိပ်အန္တရာယ်ကို အသိပေးနှိုးဆော်မှုများလည်း စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသည်။ အချို့ဒေသများတွင် ဆေးလိပ်မသောက်ရနယ်မြေများသတ်မှတ်ထားပြီး ဆေးလိပ်သောက်ရန် သီးသန့်နေရာသတ်မှတ်ပေးထားသည်။

သောက်သုံးသည့် ဆေးလိပ်ဘူးတိုင်းတွင်လည်း "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ပါသည်"ဟူသော သတိပေးနှိုးဆော်ချက်စာတန်းကို ဆေးလိပ်ဥပဒေအရကပ်ထားသည်။ သို့သော် ဆေးလိပ်၊ စီးကရက်တွင် နီကိုတင်းဟူသော ဓာတ်တစ်မျိုးက လူကိုညို့ယူဖမ်းစားထားသည်။ ထို့ကြောင့် ဆေးလိပ်သောက်သုံးသူများအဖို့ မကောင်းမှန်းသိသော်လည်း ဖြတ်မရဖြစ်ကြသည်။

စီးကရက်ထုတ်လုပ်သူတို့က လူတို့သောက်သုံးရလွယ်ကူပြီး နှစ်သက်ဖွယ်ဖြစ်အောင် အထူးစီမံထားသည်။ မည်သို့ပင်စီမံသည်ဖြစ်စေ ဆေးလိပ်၊ စီးကရက်ကို စတင်စမ်းသပ်မသောက်မိသရွေ့ မည်သည့်နည်းနှင့်မျှ စွဲလမ်းစရာ အကြောင်းမရှိချေ။ စီးကရက်ကို စတိုင်လ်ထုတ်၊ အကြံထုတ်၊ စိတ်ဖိစီးမှုထွက်ပေါက်အတွက် စတင်မြည်းစမ်းကြည့်မိရာမှ စွဲစွဲမြဲမြဲသောက်ဖြစ်သွားကြသည်။

များသောအားဖြင့် လူငယ်လူရွယ်ဘဝမှ အစပြုကြသည်။ အပေါင်းအသင်းများ၏ တိုက်တွန်းမှု၊ ကိုယ်တိုင်ကလည်း စတိုင်လ်ထုတ်လိုမှု၊ လက်တည့်စမ်းလိုမှု၊ မိသားစုအသိုင်းအဝိုင်းတွင်လည်း ဆေးလိပ်သောက်သူ ရှိနေမှုစသည့်အကြောင်းများသည် ဆေးလိပ်သောက်ရန် တွန်းအားများပင်ဖြစ်သည်။

စီးကရက်တစ်လိပ်တွင် အမျိုးပေါင်း ၄၀၀ ကျော်သော ဓာတ်ပစ္စည်းမှ အဆိပ်အတောက်များပါဝင်ပြီး ကျန်းမာရေးကို ထိခိုက်စေသော ကင်ဆာကိုဖြစ်စေသည့် ကတ္တရာစေးတစ်မျိုး၊ စိတ်ကိုစွဲလမ်းစေပြီး သွေးအတွင်း အဆီဓာတ်ကိုမြင့်တက်စေသည့် နီကိုတင်းဓာတ်၊ အဆုတ်တွင် အောက်ဆီဂျင်ပါဝင်မှုလျော့နည်းစေပြီး အဆိပ်အတောက်ကိုဖြစ်စေသည့် ကာဗွန်မိုနောက်ဆိုက်ဓာတ်တို့ အဓိကပါဝင်သည်။

ကျန်းမာရေးဆိုင်ရာ တွေ့ရှိချက်အရ စီးကရက်တစ်ဘူးနှင့်အတူ အရက်သောက်သုံးသောသူသည် အစာမျိုခံတွင်းလမ်းကြောင်းကင်ဆာဖြစ်နိုင်ခြေပိုများသည်ဟုဆိုထားသည်။ စီးကရက်သောက်သူသည် မသောက်သူထက် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေ ၁၀ ဆ ပိုသည်။ အများဆုံးဖြစ်သောရောဂါမှာ အဆုတ်ကင်ဆာဖြစ်သည်။ ပါးစပ် ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ ပန်ခရိယကင်ဆာ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ရင်ကျပ်ပန်းနာချောင်းဆိုးရောဂါများ ရတတ်သည်။ ထိုမျှသာမက ဆေးလိပ်ငွေ့ရှူရှိုက်မိသော ပတ်ဝန်းကျင်မှ မိသားစုနှင့်အသိုင်းအဝိုင်းကိုပါ ဆေးလိပ်သောက်သူကဲ့သို့ အန္တရာယ်ပေးနိုင်သည်။

ထိုသို့ မိမိနှင့်တကွ လူမှုပတ်ဝန်းကျင်အတွက် အန္တရာယ်များသော စီးကရက်နှင့် ဆေးလိပ်သောက်သုံးမှုကို ဆေးလိပ်သောက်သုံးသူများအနေဖြင့် ယခုပင်ဖြတ်သင့်သည်။ ထိုသို့ ဖြတ်မည်ဆိုပါက ၎င်းတို့ မည်မျှပင်သောက်သုံးခဲ့သည်ဖြစ်စေ ၎င်းတို့၏သက်တမ်းသည် ဆေးလိပ်မသောက်သူများကဲ့သို့ သက်တမ်းရှည်နိုင်သည်။ ဆေးလိပ်သောက်ပါက မသောက်သူထက် သက်တမ်းသုံးနှစ်မှ ရှစ်နှစ်အထိ အသက်တိုနိုင်ပါသည်။

ထို့ကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဆေးလိပ်သောက်သုံးမှုကို ဝိုင်းဝန်းဟန့်တားကြသည်။ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် ယနေ့ကိုသတ်မှတ်ကာ နိုင်ငံတိုင်းကျင်းပကြသည်။ အသိပညာများပေးကြသည်။ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်မြို့တိုင်း၌ အခမ်းအနားများကျင်းပကြသည်။ အသိပညာပေးကြသည်။ သို့သော် ထုတ်လုပ်သူများရှိနေ၍ သောက်သုံးသူများရှိနေဆဲဖြစ်သည်။ ထုတ်လုပ်သူများကို အခွန်နှုန်းထားအမြင့်ဆုံးပေးဆောင်စေသော်လည်း အရောင်းအဝယ်မှာ ကောင်းနေဆဲဖြစ်သည်။

ယင်းမှာ နီကိုတင်းဟူသော စွဲလမ်းနှစ်သက်စေသည့်အရာက သောက်သုံးသူများအား ဖမ်းစားထားသောကြောင့်ဖြစ်သည်။ ဤအရာသည် မကောင်းပါဟုဆိုသော်လည်း မစွန့်လွှတ်နိုင်ခြင်းသည် တပ်မက်စေသော တဏှာအားကြီးနေသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အန္တရာယ်ရှိကြောင်း အသိပေးနှိုးဆော်မှုများဖြင့် ဝိုင်းဝန်းဟန့်တားကြရမည်သာတည်း။ ။



# နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၃၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၁၅) အထူးအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ကျင်းပရာ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဘုရားကြီးတိုက် ဆင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သြဝါဒကထာမြွက်ကြားတော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး **(ဝဲပုံ)** အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်များ၊ ပညာရှင်များက တက္ကသိုလ်၏ ဆွေးနွေးဆုံးဖြတ်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ကြပြီး သဘာပတိဆရာတော်က နိဂုံးချုပ်သြဝါဒစကား မြွက်ကြားတော်မူသည်။

**(သတင်းစဉ်)**



## ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့ပြန့်ပွားတိုးတက်ရေးသင်ကြားနည်းဆိုင်ရာများ ဆွေးနွေး

**ညောင်တုန်း မေ ၃၀**

ညောင်တုန်းမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်း အသီးသီးမှ ကျောင်းသား ကျောင်းသူများ ဗုဒ္ဓတရားတော်အခြေခံများ သိရှိလာစေပြီး လိမ္မာယဉ်ကျေးလာစေရန်နှင့် ညောင်တုန်း မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ပြန့်ပွားစေရေး ရည်ရွယ်ချက်များဖြင့် နှစ်နှစ်ပြည့်အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက မဟာဝိသုတာရာမတိုက်သစ်ကျောင်း စိန်ရတုဗိမာန်တော်ကြီး၌ ကျင်းပရာ မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးသီလဝံသက ဓမ္မစကူးလ်ကျောင်းများ ရေရှည်တည်တံ့စေရေးအတွက် မိန့်ကြားကာ သြဝါဒစကားပြောကြားသည်။

ထို့နောက် ဗဟိုဓမ္မစကူးလ် သင်တန်းတက်ရောက်သင်ကြားသူ ဆရာ ဆရာမများက ပညာသင်နှစ်နှစ်နှစ်အတွင်း သင်ကြားမှုဆိုင်ရာ ဖြတ်သန်းခဲ့ရသော အားနည်းချက်၊ အားသာချက်များ ပြန်လည်စုပေါင်းဆွေးနွေးခြင်း၊ ကောင်းမွန်သော သင်ကြားနည်းများဖြင့် အရည်အသွေးပြည့်ဝသော ဓမ္မစကူးလ်ကျောင်းများ ဗုဒ္ဓဘာသာအခြေခံကောင်းမွန်သော ကျောင်းသားလူငယ်များ မွေးထုတ်နိုင်ရေး၊ သင်ကြားပေးနိုင်ရေးအတွက် အသေးစိတ် ဆွေးနွေးကြသည်။

အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး ဓမ္မစကူးလ်ကျောင်း ၆၅ ကျောင်းမှ သင်တန်းနည်းပြဆရာ ဆရာမ ၆၅ ဦးနှင့် မြို့ပေါ်ဓမ္မစကူးလ်ကျောင်းကိုးကျောင်းမှ သင်တန်းနည်းပြ ဆရာ ဆရာမ ၁၅ ဦး စုစုပေါင်း သင်တန်းနည်းပြ ဆရာ ဆရာမ ၈၀ က သင်ကြားရေးဆိုင်ရာများ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

**အမည်ပြောင်း**

ဦးမင်းနိုင် [၇/ပခန(နိုင်) ၀၄၇၅၁၁] ၏သမီး အမှတ်(၃) အထက်တန်းကျောင်း ပဲခူး Grade 2D မှ မယွန်းနဒီအေး အား မအေးချမ်းမိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးချမ်းမိုး**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ချောင်းကူးတံတားတည်ဆောက်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့ကို ဆက်သွယ်သည့် လူကူးကြိုးတံတားအနီးတွင် တည်ဆောက်မည့် ချဉ်းကပ်လမ်းအပါအဝင် (၂)လမ်းသွား ကွန်ကရစ်တံတား၊

၂။ တံတားဒီဇိုင်းတင်ပြရာတွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရမည်-

(က) Minimum Lane Width = 3~3.25m
(ခ) Maximum Vertical Gradient = 5%
(ဂ) Movable Design Load = 75 Ton (AA SHTO-HS-25)
(ဃ) Minimum Design Speed = 50km/hr

၃။ တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်လျက် ၃၀-၆-၂၀၁၅ ရက် (အင်္ဂါနေ့) ၁၆း၃၀ နာရီ နောက်ဆုံးထားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးရှိ တင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်း ရမည်။

၄။ သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၈-၆-၂၀၁၅ ရက် နောက်ဆုံးထားပြီး (ရုံးချိန်အတွင်း) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့်ကိုက်ညီသည့် ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၆။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့

## ကချင်ပြည်နယ်အစိုးရအဖွဲ့ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ် မြစ်ကြီးနားမြို့တွင် စုပေါင်းရုံး (၃)ထပ် အဆောက်အအုံ (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဘဏ္ဍာဌာနတွင် ၁-၆-၂၀၁၅ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၃၀-၆-၂၀၁၅ရက် ၁၂း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့်ကိစ္စရပ်များအား ဖုန်းနံပါတ်-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၄၂၃၀၊ ၀၇၄-၂၄၂၃၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပြည်တွင်းရေးရာ

# ရဲစွမ်းသတ္တိနှင့်စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ၊ တပ်မတော်ချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ ရှင်သန်နေအောင် လုပ်ဆောင်ရန် လိုအပ်

**နေပြည်တော် မေ ၃၀**





၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းထိ တပ်မတော်အနေဖြင့် မှတ်တမ်းတင်ထားသည့် တိုက်ပွဲကြီး ၁၅၅၇ ပွဲ၊ တိုက်ပွဲငယ် ၁၆၅၇၁ ပွဲ ရှိခဲ့ပါကြောင်း၊ ယင်းတိုက်ပွဲကြီးငယ်များစွာတွင် ထောင်သောင်းမကသော တပ်မတော်သားများ၏ အသက်သွေးချွေးများ ပေးဆပ်ခဲ့ရပါကြောင်း၊ ထိုသို့ ပေးဆပ်လုပ်ဆောင်မှုများကြောင့်လည်း မိမိနိုင်ငံ နယ်နိမိတ်ပြောင်းလဲမှုမရှိအောင်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ပြီး လက်ရှိနိုင်ငံတော်၏ အခြေအနေ အတိုင်း ရှိနေခြင်းဖြစ်ပါကြောင်း၊ ၎င်းအခြေအနေကို ထိခိုက်စေမည့် မည်သည့် ကိစ္စရပ်မျိုးကိုမဆို တပ်မတော်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက် သွားရမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ပြုလုပ်သော ၂၀၁၅ ခုနှစ် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ နည်းပြများ နှင့်သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာခြင်းဖြစ်၍ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ မိမိတို့ ကိုင်ဆောင်ထားသည့် လက်နက်၊ ခဲယမ်းများမှာ တိုင်းပြည် နှင့်ပြည်သူက ယုံကြည်စွာ အပ်နှံထားခြင်းဖြစ်၍ ယင်းတို့ကို ကိုင်ဆောင်ပြီး တိုင်းပြည်ကို ကာကွယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်ရန် စွမ်းရည်ရှိသော တပ်မတော်ဖြစ်ရန်လိုကြောင်း၊ သို့ဖြစ်၍ တိုက်စွမ်းအားနှင့် တိုက်စွမ်းရည်မြှင့်တင်မှုများ မဖြစ်မနေလုပ်ဆောင်ရ မှာဖြစ်ကြောင်း၊ အခြေခံကျသည့် တပ်မတော်သားများ ပညာရည်မြှင့်တင်ရေးကို လည်း မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ၎င်းအပြင် ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်များ၊ တပ်မတော်ချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် များအား ရှင်သန်နေအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း ။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများကြောင့် ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့ ၁၂ ဖွဲ့၊ ပြည်နယ်အဆင့် လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ၂ ဖွဲ့တို့နှင့် ငြိမ်းချမ်းရေးသဘောတူညီမှု ကတိကဝတ်များ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက် နေကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားများကို တိုက်ခိုက်နေခြင်း မဟုတ်ဘဲ တိုင်းပြည်၏အချုပ်အခြာအာဏာကို ထိပါးသောရန်သူ၊ တိုင်းပြည်၏ သယံဇာတများကို ခိုးထုတ်နေသော၊ ခိုးထုတ်မှုကို ကာကွယ်ပေးနေသော ရန်သူနှင့် တစ်ကမ္ဘာလုံးက လက်မခံသည့် မူးယစ်ဆေးဝါး ထုတ်လုပ်နေသော ရန်သူများကိုသာ တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများသည် ရှေ့တန်းစစ်ဆင်ရေးတွင် အသက်သွေးချွေးပေးဆပ်ရုံသာမက သွားလာရေး ခက်ခဲသော၊ ရာသီဥတုဆိုးရွားသော အစွန်အဖျားနယ်စပ်ဒေသများတွင်လည်း နေထိုင်တာဝန်ထမ်းဆောင်နေကြရကြောင်း၊ နေထိုင်စားသောက်မှုဆင်းရဲခြင်း၊ ပင်ပန်းကြမ်းတမ်းစွာ တာဝန်ထမ်းဆောင်ရခြင်း၊ အသက်ခန္ဓာသွေးချွေးများစွာ စတေးရခြင်းတို့မှာ တပ်မတော်၏ ပေးဆပ်မှုများပင်ဖြစ်ကြောင်း၊ ထိုသို့ ပေးဆပ်မှု၊ စတေးမှုများစွာဖြင့် တည်ဆောက်ခဲ့ရသော တိုင်းပြည်၏ အခြေအနေ ယိမ်းယိုင်သွား၍မရကြောင်း၊ တွေ့ကြုံလာရမည့် နိုင်ငံရေး၊ စစ်ရေးအခြေအနေ များအား ရင်ဆိုင်နိုင်သည့်စိတ်ဓာတ်များ ရှင်သန်နေရန်လိုအပ်ကြောင်း။

လူတိုင်းလွတ်လပ်မှုကို လိုလားကြကြောင်း ၊ သို့သော် စည်းကမ်းနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ စည်းကမ်းကောင်းသော တပ်မတော်သားများ ဖြစ်ရန် လိုအပ်သကဲ့သို့ လိုက်လျောညီထွေရှိသည့် နေထိုင်မှုစနစ်နှင့် ဒီမိုကရေစီအလေ့ အကျင့်များ ရရှိအောင် လုပ်ဆောင်သွားရန်လိုအပ်ကြောင်း ရှိသည့်စွမ်းအား အပေါ်မူတည်ပြီး လူတစ်ဦးချင်း၏ စွမ်းအားမှသည် မိမိတပ်စွမ်းအားတပ်မတော် ၏စွမ်းအား မြှင့်တင်နိုင်သည်အထိ၊ နိုင်ငံတော်ကို အကျိုးပြုနိုင်သည်အထိ တိုင်းပြည်အတွက် သစ္စာရှိရှိဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလုပ် ဆောင်သွားရမည်ဖြစ်ကြောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် အသက်စွန့်လွှတ်ခဲ့သူ၊ ထိခိုက်ဒဏ်ရာရရှိသူ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သက်ပြည့်အငြိမ်းစားယူသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ နေထိုင်ရန်အတွက် အများစုနေထိုင်လိုသည့် တိုင်းစစ် ဌာနချုပ် နယ်မြေ ၅ ခု၌ စစ်မှုထမ်းဟောင်းအိမ်ရာ တိုက်ခန်း ၅၄၆ ခန်းအား ကျပ်ငွေ ၁၁ ဘီလီယံ အကုန်အကျခံ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုနှစ်တွင်လည်း ကျပ်ငွေ ၆ ဘီလီယံ တန်ဖိုးရှိသည့် လိုင်းခန်းများ ကို အခြားတိုင်းစစ်ဌာနချုပ် နယ်မြေ ၃ ခုတွင် ထပ်မံဆောက်လုပ်သွားမည် ဖြစ်ကြောင်း၊ ယင်းစစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ ပူးပေါင်းပါဝင်ဆောင်ရွက်လိုသူများကိုလည်း လက်ခံဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ နိုင်ငံတော်မှ ဘတ်ဂျက်ခွဲဝေရရှိသည့် အခြေအနေအပေါ်မူတည်၍ စစ်မှုထမ်းဟောင်းအိမ်ရာစီမံကိန်းများကို ဆက်လက်တိုးချဲ့ လုပ်ဆောင်သွား မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(မြဝတီ)**

# မှော်ဘီမြို့နယ်ရှိ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲမှ အင်းစိန်စက်ရုံသို့ မြွေဆိပ်ဖြေဆေးထုတ်လုပ်ပေးမည်

**ရန်ကုန် မေ ၃၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း(အင်းစိန်) ကြီးကြပ်မှုအောက်ရှိ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးဝင်းကိုကိုက ဆေးဝါး စက်ရုံ(အင်းစိန်)ရှိ မွေးမြူရေးဌာနအား မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)သို့ ပြောင်းရွှေ့ပြီးစီးမှုအခြေအနေ၊ မြင်းများ၊ သိုးများ ထားရှိရန် အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။



**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)တွင် ကြည့်ရှုစစ်ဆေးစဉ်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု နည်းပညာများနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများတွင် သွားရောက်လေ့လာသင်ယူခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် ကိုယ့်နိုင်ငံ ကိုယ့်ဒေသနှင့် ကိုက်ညီမှုအပေါ် ပေါင်းစပ်လုပ်ကိုင်သွားကြရန်၊ ပြည်ပမှပညာရှင်များက နည်းပညာနှင့်ပတ်သက်၍ လာရောက်သင်ကြားပြသမှုအပေါ် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းအောင်မြင်စွာ လုပ်ကိုင်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းပြီး အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြွေပွေး၊ မြွေဟောက်များမှ မြွေဆိပ်ထုတ်ယူမှု၊ မြွေများစနစ်တကျမွေးမြူထားရှိမှု၊ မြင်းများအား ချိန်တွယ်၍ မြင်းသွေးထုတ်နေမှု၊ မြင်းများ၊ လားများ၊ သိုးများနှင့် ကြွက်ဖြူများ စနစ်တကျမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မှော်ဘီမြို့နယ်ရှိ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြင်းများ၊လားများ၊ သိုးများမှ စမ်းသပ်ပြီး ရရှိသွေးရည်ကြည်များအား မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ(အင်းစိန်)တွင် အသစ်တည်ဆောက်လျက်ရှိသည့် မြွေဆိပ်ဖြေဆေးစက်ရုံသို့ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။**(သတင်းစဉ်)**

# ကဝမြို့၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ကဝ မေ ၃၀**

ကဝမြို့နယ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက ကဝမြို့နယ် (အထက)ဆရာ ကျော့ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ NGO များက ထောက်ပံ့လှူဒါန်းသော ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာပစ္စည်းများ၊ ဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း၊ မြို့နယ်အထောက်အကူပြုဉက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မာရီနှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ထက်/လယ်/မူ ကျောင်းအုပ်ကြီးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

**မူဆယ် မေ ၃၀**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက မူဆယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူးဦးကိုကိုဇော်က နိုင်ငံတော်အစိုးရအနေဖြင့် ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ စီးပွားရေးစနစ်များကို ပြောင်းလဲ ကျင့်သုံးရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် ရည်ရွယ်ပြီး နှစ်ရှည်၊ နှစ်တို၊ နှစ်စဉ်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်သူ၏ လူမှုစီးပွား ဖွံ့ဖြိုးမှုကို အလေးထားသော ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လှိုင်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရေးဆွဲဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာ အသီးသီးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား စီမံကိန်းတာဝန်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

❑❑❑

မြန်မာနိုင်ငံက လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ယာယီကယ်ဆယ်ရေးစခန်းတွင်ယာယီလက်ခံထားသည့် လှေစီးဒုက္ခသည်များကို ၎င်းတို့မိခင်နိုင်ငံများသို့ပြန်လည်ပို့ဆောင်နိုင်ရန် နှစ်နိုင်ငံ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အထူးအစည်းအဝေးကို မေ ၂၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ရာ အစည်းအဝေး တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ပြောကြားချက်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

*တွေ့ဆုံမေးမြန်း - မျိုးမြင့် (သတင်းစဉ်)*

# ဒုက္ခသည်အများစု မြန်မာနိုင်ငံကမဟုတ် အိမ်နီးချင်းနိုင်ငံကသာဖြစ်ကြောင်း ထင်ထင်ရှားရှား ဆွေးနွေးနိုင်၍ သူတို့သဘောပေါက်သွားကြပြီ


ဦးထင်လင်း


ရဲမှူးချုပ်ဝင်းနိုင်ထွန်း


ဦးမိုးဟိန်း


ဦးတင်ချယ်


ဒေါ်ယုယုဆွေ

**ဦးထင်လင်း**
**ခေတ္တညွှန်ကြားရေးမှူးချုပ်**
**အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ မေ ၂၉ ရက်က အိန္ဒိယသမုဒ္ဒရာအတွင်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ ဒေသတွင်း အစည်းအဝေးကို ကျွန်တော်ဦးဆောင်ပြီး တက်ရောက်ခဲ့ပါတယ်။

တက်ရောက်တာကို ကလည်း ပင်လယ်တွင်းမှာ လှေစီးဒုက္ခသည်တွေရှိနေတဲ့အချက်ကို နိုင်ငံတကာအဖွဲ့အစည်းများနဲ့အတူ စိုးရိမ်ပူပန်တယ်။ သူတို့အတွက် ကယ်ဆယ်စောင့်ရှောက်မှုလုပ်ငန်းတွေ ဘယ်လိုများ တိုးတက်လုပ်လို့ရမလဲဆိုတဲ့ ရှုထောင့်အရ တာဝန်သိတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ တက်ရောက်တာလည်းဖြစ်ပါတယ်။ အစည်းအဝေးမှာ ရလဒ် နှစ်ခု ပေါ်ထွက်ခဲ့ပါတယ်။ ကျွန်တော်အနေနဲ့ သုံးသပ်တင်ပြရရင်တော့ အရင်တုန်းက လှေစီးဒုက္ခသည်တွေ မြန်မာနိုင်ငံဘက်ကနေပြီး အစပြုတယ်လို့ စွပ်စွဲပြောဆိုနေတာတွေရှိပါတယ်။ ကျွန်တော်တို့ဘက်က သတင်းတွေ နိုင်ငံတကာကို ကျယ်ကျယ်ပြန့်ပြန့် မရောက်နိုင်တဲ့အတွက် သူတို့က ယုံကြည်နေတဲ့ သဘောတွေရှိပါတယ်။ ဒီအစည်းအဝေးမှာတော့ ဒုက္ခသည်အများစုဟာ မြန်မာနိုင်ငံသားမဟုတ်ဘူး။ အိမ်နီးချင်းနိုင်ငံတစ်ခုကသာဖြစ်တယ်လို့ ထင်ထင်ရှားရှားဆွေးနွေးနိုင်ခဲ့လို့ သူတို့သဘောပေါက်သွားခဲ့ကြပါပြီ။

နောက်ပြီး လူသားချင်း စာနာထောက်ထားမှုအရသာ ယာယီကယ်ဆယ်ထားခြင်းဖြစ်တယ်၊ ရေရှည်လက်ခံထားဖို့ မရှိဘူးဆိုတာကို သူတို့သိအောင် ထင်ထင်ရှားရှားပြောနိုင်ခဲ့ပါတယ်။ ရှေ့လျှောက် လှေစီးဒုက္ခသည်တွေ ထွက်မလာအောင်၊ လူမှောင်ခိုကူးမှု လုပ်နေတဲ့သူတွေကို ဘယ်လို ထိထိရောက်ရောက် ပိတ်ပင်တားဆီးအရေးယူကြမလဲ ဆိုတာတွေကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ လူကုန်ကူးမှုတွေကို အရေးယူမယ်၊ သတင်းအချက်အလက်တွေကို ဘယ်လို ဖလှယ်ကြမလဲဆိုတာကို မြန်မာကိုယ်စားလှယ်အဖွဲ့ကို အဆိုပြုဆွေးနွေးကြတယ်။ လူမှောင်ခိုကူးတဲ့သူတွေရဲ့ ဖြားယောင်းသွေးဆောင်မှုတွေကြောင့် အပြစ်မဲ့တဲ့သူတွေ ဘယ်လိုဒုက္ခရောက်ကြသလဲဆိုတာ ကျယ်ကျယ်ပြန့်ပြန့်သိဖို့အတွက် မီဒီယာကနေ တစ်ဆင့် အသိပေးခြင်းတွေလုပ်ဖို့ လိုအပ်တယ်လို့လည်း ဆွေးနွေးခဲ့ကြပါတယ်။ မီဒီယာကနေ အသိပေးတယ်ဆိုတာကလည်း လူမှောင်ခိုကူးတဲ့သူတွေကို ဘယ်လိုအပြစ်ပေးတယ်။ လူမှောင်ခိုကူးခံရတဲ့ သူတွေကလည်း ဘယ်လိုဒုက္ခရောက်တယ်ဆိုတာ သိအောင် ဆောင်ရွက်ရမယ်ဆိုတာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တရားမဝင် အလုပ်သွားလုပ်ကိုင်တဲ့သူတွေကို စေလွှတ်တဲ့နိုင်ငံကကော၊ လက်ခံတဲ့ နိုင်ငံကကော အစီအစဉ်တွေကို အခုထက်ပိုပြီး ဆောင်ရွက်သင့်တယ်လို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

**ရဲမှူးချုပ်ဝင်းနိုင်ထွန်း**
**တပ်ဖွဲ့မှူး**
**လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့**

ဒီဆွေးနွေးပွဲမှာ မြန်မာနိုင်ငံဟာ လှေစီးဒုက္ခသည်တွေရဲ့ မူရင်းနိုင်ငံမဟုတ်ဘူးဆိုတာရယ်၊ Transit နိုင်ငံသာဖြစ်တယ်ဆိုတာရယ်ကို ကျွန်တော်တို့ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ရှင်းပြနိုင်ခဲ့ပါတယ်။ တိုက်ရိုက်ပတ်သက်နေတဲ့ နိုင်ငံအချင်းချင်းကြားမှာနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုကို ရှေ့ဆက်ဆောင်ရွက်နိုင်မယ့် အစီအစဉ်တွေကို ဆွေးနွေးနိုင်ခဲ့ကြတယ်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ပင်လယ်ပြင်ရောက်သူတွေကို ချက်ချင်းကာကွယ်ပေးဖို့တွေ၊ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ဖို့တွေ၊ သတင်းအချက်အလက် ဖလှယ်ကြဖို့တွေ၊ လူမှောင်ခိုကူးမှုပုံမှန်မဟုတ်တဲ့ ရွှေ့ပြောင်းသွားလာမှုတွေနဲ့ပတ်သက်ပြီး ကာကွယ်တားဆီးဖို့တွေကို အဓိကဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ဒါကြောင့် ဒေသတွင်း နိုင်ငံတွေအတွက်များစွာ အကျိုးရှိတဲ့ အစည်းအဝေးလို့ ပြောလို့ရပါတယ်။

ကျွန်တော်တို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အနေနဲ့ လည်း အိမ်နီးချင်းနိုင်ငံတွေနဲ့သာမက ဒေသတွင်းနိုင်ငံတွေနဲ့ပါ ပိုမိုပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးမိုးဟိန်း၊ ညွှန်ကြားရေးမှူး**
**ရခိုင်ပြည်နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ဒီအစည်းအဝေးကို မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်တာ အများကြီးကောင်းပါတယ်။ အစည်းအဝေးမှာ နိုင်ငံပေါင်း(၁၇)နိုင်ငံ ပါဝင်ပြီး အမေရိကန်၊ ဆွစ်ဇာလန်နဲ့ ဂျပန်နိုင်ငံတွေကလေ့လာသူအဖြစ် တက်ရောက်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတွေလည်း တက်ရောက်ကြပါတယ်။ လှေစီးဒုက္ခသည်တွေနဲ့ပတ်သက်ပြီး နိုင်ငံတကာကစွပ်စွဲသလို သူတို့ဟာ မြန်မာနိုင်ငံက ညှဉ်းပန်းနှိပ်စက်လို့ ထွက်ပြေးလာကြသူတွေ မဟုတ်ဘူးဆိုတာ သက်သေအထောက်အထားတွေနဲ့ ရှင်းပြနိုင်ခဲ့တယ်။ ဒီလိုရှင်းပြနိုင်ခဲ့တဲ့အတွက် လှေစီးဒုက္ခသည်တွေဟာ မြန်မာနိုင်ငံက မဟုတ်ဘူးဆိုတာ ကမ္ဘာကသိသွားတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်တွေကိုလည်း ရှင်းပြဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်ပြီး လှေစီးဒုက္ခသည်တွေနဲ့ပတ်သက်ရင် ကျွန်တော်တို့နိုင်ငံရဲ့ သဘောထားနဲ့ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေကိုလည်း ရှင်းပြနိုင်ခဲ့တယ်။ တကယ်တော့ လှေစီးဒုက္ခသည် ကိစ္စဖြစ်ပေါ်လာတာဟာ လူပွဲစားတွေ၊ လူမှောင်ခိုဂိုဏ်းတွေက ခေတ်သစ်ကျေးကျွန်သဖွယ်ရောင်းဝယ်မှုတွေ လုပ်ဆောင်နေတဲ့အတွက် အားလုံးကဝိုင်းဝန်းတားဆီးရမှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာရှိတဲ့ လူမှောင်ခိုလမ်းကြောင်းတွေမှာချိတ်ဆက်နေတဲ့ နိုင်ငံတွေအားလုံးက ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း အထူးအလေးထား ဆောင်ရွက်နေပါတယ်။ အများနည်းတူ စိုးရိမ်ပူပန်မှုတွေလည်းရှိပါတယ်။ လှေစီးဒုက္ခသည်တွေကို ရှာဖွေကယ်ဆယ်မှုတွေ လုပ်နေပါတယ်။ မေ ၂၁ ရက်မှာတော့ လှေစီးဒုက္ခသည် ၂၀၈ ဦးပါတဲ့ လူမှောင်ခိုစက်လှေနှစ်စင်းကို ရှာဖွေတွေ့ရှိကယ်ဆယ်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကိုအမြန်ဆုံးဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်သွားရောက်ပြီး ယာယီလက်ခံနေရာချထားမှုတွေ ဆောင်ရွက်ပေးခဲ့တာပါ။ ပြီးတော့အဆင့်ဆင့်စိစစ်မှုတွေလုပ်ပြီး သက်ဆိုင်ရာမူရင်းနိုင်ငံတွေကိုပြန်လည်လွှဲပြောင်းစေလွှတ်သွားဖို့ ဆောင်ရွက်နေပါတယ်။

**ဦးတင်ချယ်၊ ညွှန်ကြားရေးမှူး**
**လူဝင်မှုကြီးကြပ်ရေးနှင့်**
**အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန**

ဒီအစည်းအဝေးမှာ ဒေသတွင်းနိုင်ငံအားလုံးမှာ ဖြစ်ပေါ်နေတဲ့ကိစ္စဖြစ်တဲ့ လှေစီးဒုက္ခသည်ကိစ္စကို တက်ရောက်လာတဲ့ နိုင်ငံတွေက အမြင်မျိုးစုံနဲ့ ဝိုင်းဆွေးနွေးကြပါတယ်။ အဓိက သက်ဆိုင်တဲ့နိုင်ငံတွေက ဒါမျိုးတွေ နောင်မဖြစ်ဖို့ ဘယ်လိုကာကွယ်သင့်တယ်၊ ဘယ်လိုပူးပေါင်းဆောင်ရွက်သင့်တယ်ဆိုတာတွေဆွေးနွေးကြပါတယ်။ လက်ရှိပင်လယ်ထဲမှာရှိတဲ့ လူတွေကိုလည်း လူသားချင်းစာနာပြီး ထောက်ပံ့လျက်ရှိပါတယ်။ နိုင်ငံတကာကလည်း ၎င်းတို့နေရပ်မပြန်မီလိုအပ်တဲ့ အထောက်အပံ့တွေကို ဆက်လက်ကူညီဖို့ ပြောပါတယ်။

တက်ရောက်လာတဲ့ နိုင်ငံတွေရဲ့ ဆွေးနွေးချက်တွေထဲမှာ အရင်က ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီကို ဖိနှိပ်ချုပ်ချယ်လို့ အခုလို လှေစီးဒုက္ခသည်အဖြစ် အခြားနိုင်ငံတွေကိုထွက်ပြေးတယ်ဆိုတဲ့ စွပ်စွဲချက်ကို မတွေ့ရတော့ဘူး။ ကျွန်တော်တို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကလည်း စွပ်စွဲလာရင် ပြန်လည်ချေပဖို့ သေသေချာချာစီစဉ်သွားတာပါ။

နောက်ပြီးတော့ ပင်လယ်ပြင်ထဲက လှေစီးဒုက္ခသည် အများစုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖြစ်တယ်ဆိုတာ အစည်းအဝေးအဖွင့်မှာကိုက မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အထောက်အထားနဲ့ အခိုင်အမာပြောခဲ့ပါတယ်။ နိုင်ငံတကာကလည်း သေချာသိသွားတော့ စွပ်စွဲမှုတွေမရှိတော့ပါဘူး။

နောက်တစ်ခုက အစည်းအဝေးရဲ့ ရလဒ်ကို Statement လို့သုံးချင်ကြတယ်။ ဒါဟာနိုင်ငံတကာစံနှုန်းနဲ့ မကိုက်ညီဘူးဆိုတာကိုလည်း အဖွဲ့ခေါင်းဆောင်က ထောက်ပြဆွေးနွေးနိုင်ခဲ့တဲ့အတွက်နောက်ဆုံး Summary လို့ဆိုပြီး ပြောင်းသုံးခဲ့တာကလည်း မြန်မာနိုင်ငံရဲ့အောင်မြင်မှုလို့ပြောလို့ရပါတယ်။

မြန်မာနိုင်ငံက အဓိကဆွေးနွေးတဲ့အချက်သုံးချက်ဖြစ်တဲ့ ပင်လယ်ပြင်ထဲက လှေစီးဒုက္ခသည်တွေကို လူသားချင်းစာနာစွာ ကယ်ဆယ်စောင့်ရှောက်ရေး၊ နောင်ဒီလိုမဖြစ်စေရန် တားဆီးကာကွယ်ရေးအတွက် နိုင်ငံ အားလုံးပူးပေါင်းဆောင်ရွက်ရေး၊ အဓိကအကြောင်းအရင်းဖြစ်တဲ့ (Root Cause) ကို ဖော်ထုတ်ပြီး၊ ကြိုတင်ကာကွယ်ရေးတို့ကို ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံက လက်ရှိကာကွယ်တားဆီးနေတဲ့ အခြေအနေတွေ၊ သတင်းအချက်အလက်ဖလှယ်ရေးလုပ်ငန်းတွေနဲ့ ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို အကြံပြုချက်ပေးနိုင်ခဲ့ပါတယ်။

နောက်တစ်ခုက အရင်ကမြန်မာနိုင်ငံကို မူရင်းနိုင်ငံဆိုပြီး ပြောဆိုမှုတွေအပေါ် ယခုဆွေးနွေးချေပနိုင်ခဲ့မှုကြောင့် Transit Country ပုံစံမျိုးတွေ ပြောဆိုလာတာ တွေ့ရပါတယ်။

**ဒေါ်ယုယုဆွေ၊ ညွှန်ကြားရေးမှူး**
**လူမှုဝန်ထမ်းဦးစီးဌာန**

ဒီအစည်းအဝေးမှာ လူကုန်ကူးမှုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတာတွေရှိပါတယ်။ ကျွန်မတို့ဝန်ကြီးဌာနဟာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ရဲ့ လုပ်ငန်းအဖွဲ့တစ်ခုဖြစ်တဲ့ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကိုတာဝန်ခံဆောင်ရွက်တာဖြစ်လို့ ဝန်ကြီးဌာနလုပ်ငန်းတွေကို ထည့်သွင်းဆွေးနွေးနိုင်ဖို့ အဖွဲ့ခေါင်းဆောင်ကိုပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲမှာ လှေစီးဒုက္ခသည်တွေဟာ မြန်မာနိုင်ငံကမဟုတ်ဘူးဆိုတာကို အချက်အလက်နဲ့ ဆွေးနွေးနိုင်ခဲ့တဲ့အတွက် အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။

## ကမ္ဘာ့ဖလား ယူ - ၂၀ ပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်း ယှဉ်ပြိုင်မှုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသနေခြင်းအပြင် ပြန်လည်ထုတ်လွှင့်ပြသပေး

**ရန်ကုန် မေ ၃၀**

ကမ္ဘာ့ဖလား ယူ - ၂၀ ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာဘောလုံးအသင်း၏ ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား၊ Sky Net၊ MNTV တို့မှ တိုက်ရိုက်ပြသပေးနေခြင်းများအပြင် တိုက်ရိုက်ပွဲစဉ် မကြည့်ရှုလိုက်ရသည့် ပရိသတ်များအတွက် ပြန်လည်ထုတ်လွှင့် ပြသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

ကမ္ဘာ့အဆင့်ပြိုင်ပွဲကို တက်လှမ်းယှဉ်ပြိုင်နိုင်ခဲ့သည့် မြန်မာဘောလုံးအသင်းအတွက် သမိုင်းဝင်ပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက်ကြောင့် မြန်မာပြည်သူလူထု ဘောလုံးပရိသတ်များ တိုက်ရိုက်ကြည့်ရှုအားပေးနိုင်ရန်အတွက် မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသနေပြီး ထပ်မံ၍ ည ၈ နာရီ သတင်းအပြီးတွင် မကြည့်ရှုလိုက်ရသည့် ဘောလုံးပရိသတ်များအတွက် ပြန်လည်ထုတ်လွှင့် ပြသပေးခဲ့သည်။ ယင်းအပြင် ကမ္ဘာ့ဖလား ယူ ၂၀ ဘောလုံးပွဲစဉ်များကို တစ်ဦးတည်း ထုတ်လွှင့်ခွင့်ရရှိထားသည့် Sky Net ရုပ်သံလိုင်းမှလည်း မြန်မာ့ရုပ်မြင်သံကြားတွင် တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပြီး Sky Net ရုပ်သံလိုင်း၏ Sport HD, Sport1, Sport2 နှင့် MNTV တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသနေသည့်အပြင် ပြန်လည်ထုတ်လွှင့်ပြသလျက်ရှိသည်ဟု သိရသည်။

"MNTV မှာ ည ၇ နာရီမိနစ် ၂၀၊ Sky Net Sport HD မှာက ညနေ ၅ နာရီ၊ Sport 1 မှာက ညနေ ၅ နာရီ မိနစ် ၄၀ နဲ့ Sport 2 မှာက ည ၇ နာရီ မိနစ် ၂၀ တို့မှာ ပြန်လည်ထုတ်လွှင့်ပြသပေးနေပါတယ်။ Sky Net မှာ မြန်မာအသင်းပွဲစဉ်တွေအပြင် အခြားအသင်းပွဲစဉ်တွေကိုလည်း ပြသပေးနေပါတယ်"ဟု Sky Net မှ တာဝန်ရှိသူက ပြောသည်။

မြန်မာ ယူ ၂၀ အသင်း၏ အဖွင့်ပွဲစဉ်အဖြစ် မြန်မာဘောလုံးအသင်းမှာ အမေရိကန် ယူ ၂၀ ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၂-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အင်တိုက်အားတိုက်ဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့သည့်အတွက်ကြောင့်လည်း မြန်မာဘောလုံးပရိသတ်များက တစ်ခဲနက်အားပေးကြသည်ဟု သိရသည်။ ဆက်လက်၍ မြန်မာဘောလုံးအသင်းအနေဖြင့် ဇွန် ၂ ရက် မြန်မာစံတော်ချိန် နံနက် ၇ နာရီတွင် ယူကရိန်း အသင်းနှင့်လည်းကောင်း၊ ဇွန် ၅ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အိမ်ရှင်နယူးဇီလန်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မြန်မာဘောလုံးပရိတ်သတ်များအနေဖြင့် အထက်ပါ ရုပ်သံလိုင်းများတွင် စောင့်မျှော်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(၀၀၁)**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း ငါးနှစ်အစီအစဉ် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၃၀**

ယနေ့ ကမ္ဘာတွင် သင်တန်းတစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ နိုင်ငံတကာ ဥပဒေလောကနှင့် ထိတွေ့မှုမှာ အရေးပါလာကြောင်းဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မေ ၂၉ ရက်က ပြောကြားခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း ငါးနှစ်အစီအစဉ် ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ်အစည်းအဝေးခန်းမ၌ကျင်းပစဉ် ပြည်ထောင်စုရှေ့နေချုပ်က ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်က လွန်ခဲ့သော လေးနှစ်ကျော်ကာလအတွင်း ပြည်ပတက္ကသိုလ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများနှင့် ကာလတိုသင်တန်းများသို့ ထူးချွန်သော ဥပဒေအရာရှိများအား ရွေးချယ်စေလွှတ်၍ ဥပဒေပညာများကို တက်ရောက်သင်ကြားစေခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ရှေးရိုးဆန်သော နည်းလမ်းမှ ခေတ်မီဆန်းသစ်သော နည်းလမ်းသို့ ရွှေ့ပြောင်းဆောင်ရွက်ခဲ့ပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ၄၅ ခုကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ကမ္ဘာ့ဥပဒေပညာရှင်များနှင့် ပူးပေါင်း၍ နေပြည်တော်တွင် ကျင်းပပြီးဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ငါးနှစ်စီမံကိန်းသည် ဝန်ကြီးဌာနများသို့ ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဥပဒေစိစစ်ပေးခြင်းနှင့် တရားစွဲအမှုလိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ စီးပွားရေးစာချုပ်များကို စိစစ်ပေးရခြင်းတစ်ခုတည်းမဟုတ်တော့ဘဲ ခက်ခဲနက်နဲသော ဥပဒေစီးပွားရေးပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းခြင်းနှင့် အပြည်ပြည်ဆိုင်ရာ နယ်ပယ်များတွင် အမှုလိုက်ပါ ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရကြောင်း၊ ယင်းသည် အစဉ်အလာအရတည်ရှိသော တရားစွဲအမှုလိုက်ကဏ္ဍသည် တတိယရှုထောင့်ဖြစ်ကြောင်း၊ ယင်းသည် အစဉ်အလာရှေးရိုးစွဲဆန်သောနည်းလမ်းမှ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဖြစ်ပေါ်နေသော အမှုများအပေါ် သုံးသပ်ပြီး အဆင့်မြင့်တင်ဆောင်ရွက်ရန်ရည်ရွယ်ပါကြောင်း ဖြင့်လည်း ပြည်ထောင်စုရှေ့နေချုပ်က ပြောကြားခဲ့သည်။

ထို့နောက် UNDP မှ လေ့လာသူအဖြစ်တက်ရောက်သော Chief Technical Advisor, Ms.Caitlin Reiger က ၎င်းသည် လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်ကတည်းက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ရောက်ရှိခဲ့ပြီး Justice Sector နှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မဟာဗျူဟာစီမံကိန်းအား အကောင်အထည်ဖော်ရာတွင် အကူအညီများလိုအပ်ပါက UNDP အနေဖြင့် အကူအညီများပေးရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

မွန်းလွဲပိုင်းတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး ဦးစီး၍ လက်ရှိဆောင်ရွက်နေသော ပြည်တွင်းပြည်ပလူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲဖြစ်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ၂၀၁၅ ကို ပြန်လည်သုံးသပ်ရေး ကိစ္စရပ်များနှင့် ဩစတြေးလျ-အာရှ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း (AAPTIP) က မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



**ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းဌေးအောင် ဦးဆောင်၍ ဦးဝင်းမြင့် (ညွှန်ကြားရေးမှူး-သု/ဖွံ့)၊ ဒေါက်တာသိမ်းကျော် (ညွှန်ကြားရေးမှူး-စီမံ)၊ ဒေါက်တာသိန်းဇော်လင်း (လ/ထညွှန်ကြားရေးမှူး-သုတေသန)တို့နှင့် ထွန်းရွှေဝါ၊ ကေသီပန်၊ မောရိယ၊ Fame၊ ရုပ်ပျို၊ အဘထ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတို့မှ တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ဇွန် ၁ ရက်မှ ၅ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် အာဆီယံတိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်အစာ ထုတ်ကုန်ပစ္စည်းလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးတို့သို့ တက်ရောက်ရန် မေ ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (ကြေးမုံ)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်

**ရန်ကုန် မေ ၃၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၈ နာရီက အဆိုပါ ရုံးသစ် အဆောက်အအုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဧည့်သည်တော်များသည် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံးအဆောက်အအုံသစ်ကို ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၂၂) ရပ်ကွက် ရာဇာဓိရာဇ်လမ်း မြေကွက်အမှတ်(၈) ဧရိယာ သုည ဒသမ ၇၇၆ ဧက ကျယ်ဝန်းသောမြေပေါ်တွင် အလျား ၁၃၆ ပေ၊ အနံ ပေ ၅၀၊ အမြင့် ၁၂ပေရှိ သံမဏိအုတ်ညှပ် တစ်ထပ်အဆောက်အအုံကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## လယ်ယာသုံးစက်ပစ္စည်းများအသုံးချနိုင်ရေး သင်ကြားပေး

**ပဲခူး မေ ၃၀**

သမဝါယမဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co.,Ltd. တို့ ပူးပေါင်း၍ သမဝါယမ အသင်းသား တောင်သူလယ်သမားများအား အရစ်ကျငွေပေးချေစနစ်ဖြင့် လယ်ယာသုံးပစ္စည်းများ ရောင်းချပေးလျက်ရှိရာ အဆိုပါပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိသုံးစွဲတတ်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကိုရီးယားနိုင်ငံသား Mr. Kang Kitae နှင့် Mr. Kim Jongwoo တို့နှစ်ဦးပါဝင်သော Tractor Tour အဖွဲ့သည် မေ ၂၈ ရက် နံနက်က စတင်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ရောက်ရှိခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ပဲခူးမြို့နယ် ယမင်း၊ ဘုရားကြီး၊ ဘုရားလေးနှင့် ဝမ်းဘဲအင်းကျေးရွာများ၊ ဝေါမြို့နယ် ကျိုက်လှကျေးရွာနှင့် ညောင်လေးပင်မြို့နယ် ဝါးရုံကုန်းနှင့် စံဖဲကျေးရွာများသို့ရောက်ရှိကာ အဆိုပါကျေးရွာပြည်သူများအား တွေ့ဆုံ၍ စက်ပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်းကို ပြောကြားသည်။

အဆိုပါအဖွဲ့သည် ဗဟိုသမဝါယမအသင်း၊ သမဝါယမဘဏ်တို့နှင့် ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ခုနစ်ခုရှိ မြို့နယ် ၁၅ မြို့နယ်မှ ကျေးရွာများအတွင်းရှိ သမဝါယမအသင်းသားတောင်သူလယ်သမားများနှင့် တွေ့ဆုံရန် ၎င်းကုမ္ပဏီထုတ်ထွန်စက်နောက်တွဲယာဉ်တစ်စီးဖြင့် မေ ၂၀ ရက်မှ ဇွန် ၂၇ ရက် အထိ Tractor Tour ခရီးစဉ်အဖြစ် လှည့်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကရင်ပြန်/ဆက်)**

## ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန

နှင့်

Blue Ocean Operating Management Co., Ltd.

တို့ပူးပေါင်းစီစဉ်သည်။

Call Center

1883

HOTLINE




မြန်မာ့အသံရေဒီယိုမှ သတင်းများအား

သို့ခေါ်ဆို Subscribe ပြုလုပ်၍

Mobile Radio Voice Blast အစီအစဉ်ကို

တစ်နေ့လျှင် (၃)ကြိမ် ရယူနားဆင်နိုင်ပါပြီ။

- ပြန်ကြားရေးဝန်ကြီးဌာနနှင့်ဌာနဆိုင်ရာသတင်းများ
- ပြည်တွင်းသတင်းများ
- မိုးလေဝသ သတင်းများ
- နောက်ဆုံးရထူးခြားဖြစ်စဉ် သတင်းများ

From 1.6.2015, Service Avaliable 24 hours

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Operating Management Co., Ltd. တို့ ပူးပေါင်း၍ "Call Center Hotline 1883" မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သောသတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရ သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို ၁-၆-၂၀၁၅ ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှု ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် ၉၀ နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ (၃)ခုထားရှိကာ နံပါတ် (၁)တွင် ပြည်တွင်းသတင်း၊နံပါတ် (၂)တွင် မိုးလေဝသ သတင်းနှင့် နံပါတ် (၃)တွင် နောက်ဆုံးရထူးခြားဖြစ်စဉ် သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလ သတင်းများ၊ အင်တာနက် သတင်းများကို အတည်ပြုလိုလျှင် နံပါတ် (၂)ကို နှိပ်ပါက Operator မှ ဖြေကြားပေးမည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး (MPT)ဖုန်းများသာ ဝန်ဆောင်မှု ရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Mobile ဖုန်း အော်ပရေတာများနှင့် ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာ့သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအစီရင်ခံစာ မကြာမီထုတ်ပြန်မည်

ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာနှင့် လိုအပ်ချက်နယ်ပယ်များအပါအဝင် မြန်မာ့သဘာဝအခြေခံခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာတစ်ရပ်ကို လာမည့်လတွင် ပုံနှိပ်ထုတ်ဝေမည်ဖြစ်ကြောင်း ဘက်စုံတောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာဌာနမှ ခရီးသွားလုပ်ငန်းပညာရှင် မစ္စ မာဂျိုရီဗင်စထရီယင်က မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာ့သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသည့် မြန်မာနိုင်ငံရှိ ကြိုးဝိုင်းသစ်တော ၂၁ ခု၏ ဒိုင်ဗာစီတီကို အဓိကထားတင်ပြထားကြောင်း စထရီယင်က သတင်းထောက်များကို ပြောကြားသည်။

၎င်းသည်မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖွဲ့ကပြုလုပ်ခဲ့သော သုတေသန၏ ရလဒ်များဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအဖွဲ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့၏ဦးဆောင်မှုအောက်ရှိ ပြည်တွင်း၊ ပြည်ပကာကွယ်ထိန်းသိမ်းရေးအဖွဲ့များ၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားကြောင်း စထရီယင်က ထပ်လောင်းပြောကြားသည်။

၂၀၁၁ ခုနှစ်က Istituto Oikos and BANCA က ထုတ်ပြန်သည့် မြန်မာ့ကြိုးဝိုင်းသစ်တောဆိုင်ရာအစီရင်ခံစာတစ်ခုတွင် မြန်မာနိုင်ငံ၏တရားဝင်အသိအမှတ်ပြုထားသော ကြိုးဝိုင်းသစ်တော ၄၃ ခု၏ တိကျသော သတင်းအချက်အလက်များထားရှိရေးမှာ အလွန်အရေးကြီးကြောင်း ရေးသားဖော်ပြထားသည်။ ယင်းကြိုးဝိုင်းသစ်တောများအနက် ၂၁ ခုမှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဇုန်များအဖြစ် သတ်မှတ်ထားကြောင်း စထရီယင်က ဆိုသည်။

မကြာသေးမီက နေပြည်တော်တွင် ကျင်းပခဲ့သော ကြိုးဝိုင်းသစ်တောများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်တွင် မြန်မာနိုင်ငံက ၎င်း၏သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာကို စတင်ချမှတ်ခဲ့သည်။ မူဝါဒတွင် ၁၀ နှစ်တာ ရည်မှန်းချက်၊ မစ်ရှင်နှင့် လမ်းညွှန်ချက်များပါဝင်ပြီး စီမံခန့်ခွဲမှုမဟာဗျူဟာတွင် မြန်မာ့ကြိုးဝိုင်းသစ်တောရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကျသည့် မဟာဗျူဟာအစီအစဉ်ခြောက်ခုပါဝင်ကြောင်း သိရသည်။ **(ကျော်သဲအိမ်)**



## ၂၀၁၅ ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်

**ရန်ကုန် မေ ၃၀**

အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပရာ လက်ဝှေ့ဝါသနာရှင်များ၊ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ၅၁ ကီလိုတန်းတွင် တိမ်တိုက်(မုဒုံသား)နှင့် အောင်ထူးကျော်(ဘီလပ်မြေစက်ရုံ)တို့ စတင်ယှဉ်ပြိုင်ရာ ငါးချီအပြီးတွင် တိမ်တိုက်(မုဒုံသား)က အနိုင်ရရှိသွားပြီး ယင်းကီလိုတန်း ဒုတိယပွဲစဉ်တွင် စောကြက်ရိုး(ခ) မိုက်မိုက် (STL)နှင့် ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ကြရာ ရှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)က အနိုင်ရရှိသွားသည်။

ဆက်လက်၍ ၅၄ ကီလိုတန်း(ကွာတားဖိုင်နယ်)ပွဲစဉ်များကို ယှဉ်ပြိုင်ကြရာ ရွှေချစ်သွေး(တိုက်ဂါး)က ကျော်ဝင်းအောင် (T & T)ကို အနိုင်ရယူသွားပြီး စောဖြိုးဝေ(အဖြူရောင်သွေးသစ်)ကလည်း မင်းထွဋ်(STL)ကို အနိုင်ရသွားကာ ခွန်လင်းထက်(ဘီလပ်မြေစက်ရုံ)ကလည်း ကိုကိုအောင်(မုဒုံသား)ကို အနိုင်ယူသွားပြန်သည်။

၅၇ ကီလိုတန်းတွင် မိုက်ရိုင်း(ရွှေဖူး)က ဂျစ်တူး(တိုက်ဂါး)ကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရသွားသည်။

ယနေ့ နောက်ဆုံးယှဉ်ပြိုင်သည့် ၆၃ ဒသမ ၅ ကီလိုတန်းတွင် နေရှုဘီ(ဝါဆို)နှင့် စလူကာ(တိုက်ဂါး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ၌ပင် စလူကာ(တိုက်ဂါး)က အပြတ်အသတ်အနိုင်ရရှိသွားပြီး အားမာန်(အဖြူရောင်သွေးသစ်) က မျိုးမာန်သစ်(STL)ကို သုံးချီမြောက်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရသွားသည်။

မေ ၃၁ ရက်တွင် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ **ခင်မောင်ဝင်း(ကြေးမုံ)**

### ❍ မြန်မာယူ-၂၀မှ

နယူးဇီလန်နိုင်ငံမှ မြန်မာပရိသတ်များ၊ မြန်မာနိုင်ငံမှ လိုက်လံအားပေးသည့် ပရိသတ်ရာဂဏန်းမျှ ကွင်းအတွင်းအားပေးခဲ့ကြပြီး မြန်မာနိုင်ငံတစ်ဝန်းမှ မြန်မာဘောလုံးပရိသတ်များမှာလည်း ရုပ်မြင်သံကြားမှတစ်ဆင့် စောင့်ကြည့်ခဲ့ကြသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို မြန်မာအသင်းမှာ ပထမဆုံး ပွဲထွက်ကစားခွင့်ရခြင်းဖြစ်သော်လည်း ကစားသမားများမှာ ရှိန်မနေဘဲ ပွဲစကတည်းက အမေရိကန်အသင်းဘက်သို့ ဖိကစားနိုင်ခဲ့သည်။ ပွဲအစ ကိုးမိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး ထောင့်ကန်ဘောမှပြန်လျှံထွက်လာသော ဘောလုံးကို တောင်ပံကစားသမား ရန်နိုင်ဦးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ ယခုနှစ်ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲ၏ပထမဆုံးဂိုးဖြစ်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မြန်မာအသင်းသွင်းယူခဲ့သည့် ပထမဆုံးဂိုးလည်း ဖြစ်ခဲ့သည်။ မထင်မှတ်ဘဲ ဂိုးပေးလိုက်ရသည့် အမေရိကန်အသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး ၁၆ မိနစ်တွင် တောလ်က ထောင့်ကန်ဘောမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မြန်မာအသင်းမှာ အမေရိကန်ခံစစ်ပိုင်းကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အမေရိကန်အသင်းက လူအပြောင်းအလဲပြုလုပ်ပြီး တိုက်စစ်အားမြှင့်လာချိန်တွင် မြန်မာအသင်းမှာ ကစားအားကျသွား၍ အမေရိကန်အသင်း တရစပ် ဖိကစားခဲ့သည်။ ဒုတိယပိုင်းအစတွင် အမေရိကန်အသင်းအပိုင်ရနိုင်သည့် အခွင့်အရေးနှစ်ကြိမ်ရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။ ၅၅ မိနစ်တွင် အမေရိကန်အသင်း အနိုင်ဂိုးရခဲ့ပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် အီမာဆင်ဟတ်မန်းက သွင်းယူခဲ့သည်။

မြန်မာအသင်း၏ အဓိကကွင်းလယ်လူ ငြိမ်းချမ်းအောင် ဒဏ်ရာရနေသည့်အပြင် ကစားအားတင်ရမည့်အချိန်၌ အရန်ကစားသမားများမှာလည်း ပွဲထွက်ကစားနိုင်သည့် အနေအထားမျိုးမရှိရာ လူစားတစ်ဦးမျှ လဲကစားခြင်းမရှိခဲ့ပေ။ မိနစ် ၈၀ နောက်ပိုင်းတွင် မြန်မာအသင်း တစ်ကျော့ပြန် ဖိကစားလာနိုင်ပြီး ၈၈ မိနစ်တွင် မောင်မောင်လွင် အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။



မြန်မာနှင့်အမေရိကန်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

မြန်မာအသင်းပါဝင်သော အုပ်စု(က) အခြားပွဲစဉ်တွင် အိမ်ရှင်နယူးဇီလန်အသင်းနှင့် ယူကရိန်းအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ အုပ်စု(ခ) ပွဲစဉ်များတွင် ပနားမားအသင်းက နာမည်ကြီးအာဂျင်တီးနားအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့ပြီး ဂါနာအသင်းနှင့် ဩစတြီးယားအသင်းတို့ပွဲတွင်လည်း တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် ဇွန် ၂ ရက်တွင် ယူကရိန်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

### ❒ ကျောဖုံးမှ

လက်ရှိအနေအထားအရ ဇူလိုင်လပထမပတ်နှင့် ဒုတိယပတ်ကို အချောသပ်လုပ်ငန်းများလုပ်ဆောင်သွားမည်ဖြစ်ကာ ဓာတ်တိုင်ပြင်ဆင်မှုများ၊ ရေပိုက်လုပ်ငန်းများ၊ မီးတိုင်လုပ်ငန်းများ၊ တံတားလက်ရန်းလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ပြီး တံတားအကြမ်းထည်လုပ်ငန်းမှာ ဇွန်လကုန်ပိုင်းတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်း မြို့ပြအင်ဂျင်နီယာဌာနမှ သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက “ဇူလိုင်လတတိယပတ်မှာယာဉ်တွေကို စတင်စမ်းသပ်ပြီး ဖြတ်သန်းသွားလာခွင့်ပေးပါမယ်။ ဇူလိုင်လကုန်လောက်မှာ ဖွင့်ပွဲလုပ်ဖို့ရှိပါတယ်။ အဓိကတော့ အင်းစိန်ကမ်းနားလမ်းကနေ ဒီဘက်တံတားအတိုင်းသွားတဲ့ ဟိုဘက်ကမ်းက နဂိုတံတားဟောင်းနဲ့ ယာဉ်တွေဖြတ်သန်းသွားလာကြတာ မလုံလောက်တော့တဲ့အတွက် ဒီတံတားသစ်ကို လုပ်ဆောင်လိုက်တာပါ။ နောက်ထပ်လည်း ရွာမကျောင်းလမ်းဘက်ကိုဆာဖေးလုပ်ဆောင်နေပါပြီ။ RE ကတော့ ဆိုလိုတာကဒီတံတားသစ်ရဲ့ မြောက်ဘက်ကို ခွဲထွက်မယ့် မင်းလမ်းပေါ့။ တကယ်တော့ ဒီလမ်းကလည်း လိုအပ်ပါတယ်။ တကယ်တမ်းတော့ RE အတွက် လွှတ်တော်ကိုယ်စားလှယ်တွေကလည်း တကယ်တမ်း စိတ်အားထက်သန်နေကြတော့ ဘတ်ဂျက်တောင်ပေးမယ်ပြောကြပါတယ်။ ကျွန်တော်တို့ကတောင်းပြီးလုပ်မယ်ဆို လုပ်ဆောင်မယ့်အချိန်နဲ့ ငွေနဲ့မကိုက်မှာစိုးလို့ပါ။ အဲဒီတော့ ကျွန်တော်တို့က နောက်ဘတ်ဂျက်မှာပါလည်းပဲ လုပ်ဆောင်လို့ရပါတယ်။ အဲဒါဆိုတော့ ဒီတံတားသစ်ကြီးရဲ့မင်းလမ်းဘက်က အခြမ်းကလည်း ဆက်တိုက်ပဲ တဖြည်းဖြည်းဖြစ်သွားမှာပါ” ဟု တံတားသစ်တည်ဆောက်မှုစီမံကိန်းအတွင်း ယနေ့ နံနက်ပိုင်းက ရှင်းပြသည်။

မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး ဦးမျိုးဇော်ထူးက “တံတားသစ်တည်ဆောက်မှုအပိုင်းက ကြန့်ကြာတဲ့အထဲမှာ လမ်းသစ်လမ်းဘက်မှာဆို ကျူးကျော်ဆိုင်ခန်းပြဿနာကလည်း ရှိနေပါတယ်။ ပြီးတော့ အဲဒီနေရာက မြေဖို့ထားတဲ့တိုင်နံပါတ် ၁၆ ကလည်း အဲဒီနေရာရဲ့ ၈၅ ပေအကွာကနေတူးလိုက်ရင် ဘာဖြစ်မလဲဆိုတာမသိသေးပါဘူး။ မြေအောက်ကေဘယ်ကြိုးနဲ့ ဖုန်းကြိုးများရှိမလားစိုးရိမ်တာပါ။ လောလောဆယ် စည်ပင်ပိုင်တဲ့ ပလက်ဖောင်းတွေကို နည်းနည်းဖျက်ပြီး ဟိုဘက်ကို နည်းနည်းရွှေ့ရမှာပါ။ တိုင်ကတော့စိုက်ဖို့မရှိတော့ပါဘူး။ အားလုံးဆောင်ရွက်ပြီးစီးနေပါပြီ။ တိုင်လုပ်ငန်း ၂၈ တိုင်မှာ ၂၇ တိုင်ပြီးစီးသွားပါပြီ။ နောက်ဆုံး တစ်တိုင်ပဲ ကျန်ပါတော့တယ်။ အဲဒီလမ်းခွမှာလည်း ပေ ၁၂၀ သံပေါင်ကိုတင်မယ်။ အဲဒီတစ်တိုင်ကလည်း လုပ်လိုက်ရင် တစ်ပတ်ပါပဲ။ ဒီနေ့ညစပြီး ကျူးကျော်ဆိုင်ခန်း နေရာတွေမှာ ပလက်ဖောင်းကိုချဲ့လိုက်မယ်။ ပြီးရင် ကွန်ကရစ်ဘလောက်တုံးတွေကိုချလိုက်မယ်။ ဒါဆို မနက်ဖြန်ည ခြံစည်းရိုးကာပြီး မြေတူးလို့ရပြီ”ဟု ဖြည့်စွက်ပြောကြားသည်။

အင်းစိန်ရထားလမ်းခုံးကျော်တံတားသစ် စီမံကိန်းတွင် စုစုပေါင်း ၅၇ ပေခန်းဖွင့် ကိုးခန်းရှိကြောင်း၊ ၈၅ ပေခန်းဖွင့်မှာ ၁၅ ခန်းရှိကြောင်း၊ ပေ ၁၂၀ ခန်းဖွင့်မှာ သုံးခန်းရှိကြောင်းသိရပြီး စုစုပေါင်း ၂၇ ခန်းရှိရာ လက်ရှိခန်းဖွင့် ၁၄ ခန်းပြီးစီးသွားပြီဖြစ်သဖြင့် ၁၃ ခန်းသာ ဆောင်ရွက်ရန် ကျန်ရှိနေသောကြောင့် ခန်းဖွင့်ဆောင်ရွက်ပြီးစီးမှု ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ မြေကာနံရံမှာလည်း အင်းစိန်ဆေးရုံဘက်ခြမ်းနှင့် ဘောလုံးကွင်းဘက်အရှေ့ခြမ်းတွင် လုပ်ဆောင်လျက်ရှိပြီး တိုင်အမှတ်(၆)နှင့် (၇)၊ (၇)နှင့်(၈)၊ (၁၃)နှင့်(၁၄)ရှိ သံပေါင်များအပေါ် ကွန်ကရစ်လောင်းရန်အတွက် ဖောင်းပွများကို တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ချဉ်းကပ်လမ်းများကို မြေမဖို့တော့ဘဲ မြေကာနံရံများကို ကျောက်ကြီးများထည့်ကာ သဲညှပ်ပြီးဆောင်ရွက်ထားသဖြင့် မြေကျွံခြင်းမှကင်းလွတ်မည်ဖြစ်သည်။ မြန်မာ့မီးရထားပိုင် အင်းစိန်ဘောလုံးကွင်းဘက်အခြမ်းမှမြေ ပေ ၂၀၀ ကို တံတားသစ်အတွက် နေရာပေးထားရာ တံတားသစ်အတွက် ယာဉ်ကြောကျဉ်းမှုမှကင်းဝေးမည်ဖြစ်ပြီး မြန်မာ့မီးရထားလုပ်ငန်းမှ ဝန်ထမ်းများဖြင့် လက်ရှိ တံတားသစ်တည်ဆောက်မှုစီမံကိန်းကို ဆောင်ရွက်နေကြောင်း သိရသည်။




# ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၃၀**

နယ်စပ်ဒေသအပါအဝင် ကျေးလက်မြို့ပြနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲနှင့် အလုပ်တာဝန်ခန့်အပ်ခြင်း အခမ်းအနားကို မေလ စတုတ္ထပတ်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ပြီး အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ကြမည့် သင်တန်းဆင်းတိုင်းရင်းသူ ၁၄၃ ဦးအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တိုင်းဦးစီးအရာရှိ ဦးအောင်လွင်က အလုပ်သမားအသိအမှတ်ပြုလွှာများကို အထည်ချုပ်လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အထည်ချုပ်လုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိသူများက အလုပ်သမားများအား အထည်ချုပ်ဝန်ထမ်းအဖြစ် ခန့်အပ်လွှာနှင့် ထောက်ပံ့ငွေများချီးမြှင့်သည်။ သင်တန်းဆင်းတိုင်းရင်းသူများအား အထည်ချုပ်စက်ရုံများတွင် အလုပ်ခန့်အပ်ရခြင်းအကြောင်းရင်းများနှင့် အလုပ်သမားခံစားခွင့်၊ ရပိုင်ခွင့်များကို အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ရှင်းလင်းပြောကြားသည်။

နယ်စပ်ဒေသကျေးလက်မြို့ပြနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးလိုအပ်ချက်များ ဖြည့်ဆည်း၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ သင်တန်းအမှတ်စဉ် (၁)တွင် သင်တန်းဆင်းတိုင်းရင်းသူ ၁၀၀၊ သင်တန်းအမှတ်စဉ် (၂)တွင် သင်တန်းဆင်းတိုင်းရင်းသူ ၁၀၀၊ သင်တန်းအမှတ်စဉ် (၃) တွင် သင်တန်းဆင်းတိုင်းရင်းသူ ၁၄၀၊ သင်တန်းအမှတ်စဉ် (၄)တွင် သင်တန်းဆင်းတိုင်းရင်းသူ ၁၃၅ ဦး၊ သင်တန်းအမှတ်စဉ် (၅)တွင် သင်တန်းဆင်းတိုင်းရင်းသူ ၁၂၇ ဦး၊ သင်တန်းအမှတ်စဉ် (၆)တွင် သင်တန်းဆင်းတိုင်းရင်းသူ ၁၄၀၊ သင်တန်းအမှတ်စဉ် (၇)တွင် သင်တန်းဆင်းတိုင်းရင်းသူ ၁၄၀၊ သင်တန်းအမှတ်စဉ် (၈)တွင် သင်တန်းဆင်းတိုင်းရင်းသူ ၁၄၃ ဦး စုစုပေါင်း သင်တန်းဆင်းတိုင်းရင်းသူ ၁၀၂၅ ဦးဖြစ်သည်။

ယခု သင်တန်းအမှတ်စဉ် (၈) ကို မေ ၄ ရက်မှ ၂၂ ရက်ထိ သင်ကြားလေ့ကျင့်ပေးပြီး သင်တန်းဆင်းတိုင်းရင်းသူ ၁၄၃ ဦးအား အထည်ချုပ်ကျွမ်းကျင်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းဖြစ်သည်။

ယနေ့အထိ ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းဆင်းပြီး အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသူများမှာ ကချင်တိုင်းရင်းသူ ရှစ်ဦး၊ လီဆူးတိုင်းရင်းသူ ၁၀ ဦး၊ ရဝမ်တိုင်းရင်းသူ သုံးဦး၊ ကဒူးတိုင်းရင်းသူ သုံးဦး၊ ကယားတိုင်းရင်းသူ ၁၆ ဦး၊ကရင်တိုင်းရင်းသူ ၂၆ ဦး၊ ချင်းတိုင်းရင်းသူ ၁၀၈ ဦး၊ နာဂတိုင်းရင်းသူ ၇၀၊ မွန်တိုင်းရင်းသူ ၁၅ ဦး၊ ရခိုင်တိုင်းရင်းသူ ၁၄၁ ဦး၊ ရှမ်းတိုင်းရင်းသူ ၄၀၊ အာခါတိုင်းရင်းသူ ခုနစ်ဦး၊ ပလောင်တိုင်းရင်းသူ ၁၀ ဦး၊ ပအိုဝ်းတိုင်းရင်းသူ တစ်ဦး၊ ကယန်းတိုင်းရင်းသူ တစ်ဦး၊ ဗမာတိုင်းရင်းသူ ၅၅၇ ဦး စုစုပေါင်း ၁၀၂၄ ဦးအား အလုပ်တာဝန်ခန့်အပ်ပေးပြီးဖြစ်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စီးပွားရေးပညာကို အမှန်တကယ်တတ်မြောက်သည့် ကျောင်းသားများ မွေးထုတ်ပေးမည်

**ရန်ကုန် မေ ၃၀**

သမဝါယမတက္ကသိုလ်(သန်လျင်)နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား လုပ်ငန်းခွင် မဝင်ရောက်မီ လုပ်ငန်းခွင်အကြောင်း နားလည်သဘောပေါက်ပြီး တာဝန်ထမ်းဆောင်ရာတွင် စွမ်းဆောင်ရည်မြင့်မားသည့် လူငယ်များ၊ အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန်အတွက် သင်တန်းများဖွင့်လှစ်ပေးနေကြောင်း ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ မေ ၂၉ ရက် နံနက်ပိုင်းကပြုလုပ်သည့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင့် ပူးပေါင်းဖွင့်လှစ်သည့် လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲအခမ်းအနားမှ သိရသည်။

"အခုလို ပုဂ္ဂလိကကုမ္ပဏီတွေ၊ အသင်းအဖွဲ့တွေ ပါဝင်လာပြီး ကျောင်းသား ကျောင်းသူတွေရဲ့ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလာတဲ့အခါကျတော့ တကယ့်လုပ်ငန်းခွင်လည်းဝင်ရော ကလေးတွေမှာ အရည်အချင်းတွေပြည့်ဝနေပြီ။ ဒီတော့ ကလေးတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါများလာမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက် ကွက်လပ်ကလေးကို ဖြည့်ဆည်းပေးရာ ရောက်ပါတယ်။ ကျွန်တော်တို့ သမဝါယမဝန်ကြီးဌာန အောက်မှာရှိတဲ့ တက္ကသိုလ်ကနေဆင်းတဲ့ ကျောင်းသား ကျောင်းသူတွေကို ဘွဲ့ရအလုပ်လက်မဲ့တွေမဖြစ်အောင်၊ စီးပွားရေးပညာကို အမှန်တကယ်ကျွမ်းကျင်တဲ့ ကျောင်းသားကျောင်းသူတွေဖြစ်အောင် မွေးထုတ်ပေးမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ဆောင်ရွက်နေပါတယ်" ဟု သမဝါယမတက္ကသိုလ် (သန်လျင်)မှ ပါမောက္ခချုပ် ဒေါက်တာသိန်းထွန်းက ပြောသည်။

သမဝါယမ တက္ကသိုလ်အနေဖြင့် စီးပွားရေးဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချပေးရာတွင် စာတွေ့ သီအိုရီများထက် လက်တွေ့လေ့လာသင်ယူခြင်းဖြင့် လုပ်ငန်းခွင်နယ်ပယ်အသီးသီးတွင် စွမ်းဆောင်ရည်မြင့်မားသည့်၊ လုပ်ငန်းခွင်တွင် အံဝင်ခွင်ကျ တာဝန်ထမ်းဆောင်နိုင်မည့် လူငယ်များမွေးထုတ်ပေးနိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ရည်မှန်းချက်များထားရှိပြီး ၂၀၁၄ ခုနှစ်မှစ၍ သမဝါယမတက္ကသိုလ်(သန်လျင်)တွင် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များနှင့် မိတ်ဖက်ဖွံ့ဖြိုးရေးအဖွဲ့များ ဖွဲ့စည်းကာ စာတွေ့၊ လက်တွေ့ လေ့လာမှုများ ပြုလုပ်နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"လူငယ်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်နေတဲ့အချိန်မှာ တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းကလည်း တက္ကသိုလ်တွေကနေ အခုလိုမျိုးကမ်းလှမ်းလာရင် တစ်ထောင့်တစ်နေရာကနေ ဝိုင်းဝန်းဖော်ဆောင်ပေးသွားမှာပါ။ ဒီသင်တန်းကဆင်းသွားတဲ့ ကလေးတွေ သူတို့စိတ်ဝင်စားရင်၊ လုပ်ငန်းခွင်နဲ့ အဆင်ပြေရင်၊ အလုပ်လုပ်ချင်တယ်ဆိုရင်လည်း ကျွန်တော်ကသင့်တော်တဲ့သူတွေကို ရွေးချယ်ပြီးခန့်သွားပေးမှာပါ" ဟု တော်ဝင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

အဆိုပါသင်တန်းကို မေ ၄ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဟိုတယ်ဆိုင်ရာ အကြောင်းအရာများ၊ ရှော့ပင်းစင်တာဆိုင်ရာများ၏ သဘောသဘာဝများ၊ ကုမ္ပဏီတစ်ခုဖွဲ့စည်းရာတွင် ဝန်ထမ်းများ၏လုပ်ငန်းတာဝန်အလိုက် တာဝန်ထမ်းဆောင်ပုံအဆင့်ဆင့်တို့အပြင် စီမံခန့်ခွဲမှုဆိုင်ရာများ၊ ဆောက်လုပ်ရေးပိုင်းဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအားသင်တန်းဆရာများက လုပ်ငန်းခွင်နယ်ပယ်တွင် လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ သမဝါယမတက္ကသိုလ် (သန်လျင်) နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်မှ သင်တန်းသား သင်တန်းသူ ၁၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သီသီမင်း)**






**မြန်မာ့လက်မှုအနုပညာအသင်းက ကြီးမှူးကျင်းပသည့် ပထမအကြိမ် မြန်မာ့လက်မှုအနုပညာပြပွဲ (၂၀၁၅ ) တွင် ဗေဒါ၊ သစ်၊ ဝါးနှင့် ကြိမ်ထွက် လူသုံးကုန်ပစ္စည်းများ၊ ယွန်းထည်ပစ္စည်းများ၊ ကြေး၊ ငွေ၊ ကျောက်စီပန်းချီ၊ ပန်းပု၊ မြန်မာ့ရိုးရာလွယ်အိတ်နှင့် အိတ်အမျိုးမျိုး၊ မြန်မာ့တူရိယာ၊ Recycle လက်ရာအိတ်များ၊ မြန်မာ့ရိုးရာလက်မှုကုန်ပစ္စည်းများကို မေ ၃၀ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ပြသစဉ်။** (သန့်ဇင်ဝင်း)

## ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်များမှ ဖော်ထုတ်ရရှိခဲ့သော သန်းခေါင်စာရင်းမှ ညွှန်းဆိုသည့် မြန်မာ့ပုံရိပ်အကျဉ်းချုပ်

◆ **လူဦးရေဆိုင်ရာဝိသေသလက္ခဏာများ**

- သန်းခေါင်စာရင်းမှကောက်ယူရရှိသော မြန်မာနိုင်ငံ၏ စုစုပေါင်း လူဦးရေ ၅၁ ဒသမ ၄၉ သန်း၊
- ၎င်းအနက် အမျိုးသားဦးရေ ၂၄ ဒသမ ၈၂ သန်း၊
- အမျိုးသမီးဦးရေ ၂၆ ဒသမ ၆၆ သန်း၊
- အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၁ ဒသမ ၈၃ သန်းပိုများ၊
- အမျိုးသမီးဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၁ ဒသမ ၈ ရာခိုင်နှုန်း။

❖ အဆိုပါစာရင်းများမှာ လုံခြုံရေးအခြေအနေအရ စာရင်းမကောက်ယူနိုင်ခဲ့သော ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင်းရှိ ဒေသအချို့အတွက် ခန့်မှန်းလူဦးရေ ၁ ဒသမ ၂၀ သန်းထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်။

❖ မြန်မာနိုင်ငံ၏ လူဦးရေ ကျား/မ အချိုးမှာ ၉၃ ဖြစ်ပါသည်။ အမျိုးသမီးဦးရေ ၁၀၀ တွင် အမျိုးသားဦးရေ ၉၃ ယောက်ဖြစ်သည်။ ကချင်ပြည်နယ်တွင် အမျိုးသမီး ၁၀၀ တွင် အမျိုးသား ၁၀၈ ယောက်ရှိပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေ အချိုးတူညီမှုရှိသည်။

❖ လူဦးရေအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ ၁၄ ရာခိုင်နှုန်းနှင့် လူဦးရေအနည်းဆုံးမှာ ကယားပြည်နယ်ဖြစ်၍ သုည ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။

❖ မြန်မာနိုင်ငံလူဦးရေသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ ခန့်မှန်းလူဦးရေ ၆၁၅ သန်းတွင် ၈ ဒသမ ၄ ရာခိုင်နှုန်းပါဝင်ပြီး လူဦးရေအရွယ်အစားသည် အာဆီယံဒေသအတွင်း အဆင့်(၅) နေရာတွင်ရှိသည်။

❖ လူဦးရေသိပ်သည်းဆအနေဖြင့် ၁ စတုရန်းကီလိုမီတာတွင် ၇၆ ဦး နေထိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၁ စတုရန်းကီလိုမီတာ၌ ၇၁၆ ဦး နေထိုင်ပြီး ချင်းပြည်နယ်တွင် ၁၃ ဦးသာနေသည်။

❖ ကျေးလက်၊ မြို့ပြအချိုးအနေဖြင့် မြန်မာနိုင်ငံလူဦးရေ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။

❖ ရန်ကုန်တိုင်းဒေသကြီးတွင် ၇၀ ရာခိုင်နှုန်းသည် မြို့ပြတွင်နေထိုင်ကြပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ၈၆ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသည်။

❖ လူဦးရေတိုးနှုန်းအနေဖြင့် သုည ဒသမ ၈၉ ရာခိုင်နှုန်းရှိသည်။

❖ မြန်မာနိုင်ငံ၏လူဦးရေအား လူဦးရေပိရမစ်ရေးဆွဲရာတွင် အိုးပုံပိရမစ်ဖြစ်ပေါ်လျက်ရှိသည်။ လူဦးရေ ပိရမစ်အရ မြန်မာနိုင်ငံတွင် မွေးဖွားနှုန်းကျဆင်းနေခြင်း၊ အလုပ်လုပ်နိုင်သည့်အသက်အပိုင်းအခြားဖြစ်သော (၁၅) နှစ်မှ (၆၄) နှစ်အကြား လူဦးရေများပြားနေခြင်းကြောင့် လူဦးရေဆုလာဘ် (Population Bonus) ရရှိနေသည်ကို တွေ့ရှိရသည်။
အလုပ်လုပ်နိုင်သော ဦးရေများပြားနေခြင်းသည် နိုင်ငံအတွက် အလားအလာကောင်းများဖြစ်ပေါ်နေသည်ဟု ဆိုရမည်ဖြစ်ပြီး ၎င်းအကျိုးကျေးဇူးမှာ နောင်နှစ်ပေါင်း ၂၀ ခန့်အထိ ဆက်လက်အကျိုးခံစားနေရမည် ဖြစ်ပါသည်။ ၎င်းနောက်ပိုင်းတွင် သက်ကြီးရွယ်အိုများ များပြားလာပြီး သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းများအား အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

❖ ၁၉၇၃ခုနှစ်နှင့် ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်းကာလများတွင် မြန်မာနိုင်ငံ၏ လူဦးရေသည် လူငယ်များစွာ ပါဝင်သည့်အတွက် လူဦးရေပိရမစ်များသည် အောက်ခြေကားသည့်ပုံစံဖြစ်ပြီး ၂၀၁၄ ခုနှစ် လူဦးရေပိရမစ်သည် အိုးပုံစံဖြစ်သဖြင့် နှစ် (၄၀) ကာလအတွင်း မြန်မာနိုင်ငံ၏ လူဦးရေဖွဲ့စည်းမှုပုံစံ သိသာစွာ ပြောင်းလဲခဲ့သည်။

❖ အသက်အရွယ်အချိုးအစားအလိုက် အသက် (၁၅)နှစ်အောက် အုပ်စုတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်ပိုမိုများပြားပြီး အသက် (၁၅) နှစ်အထက်တွင် အမျိုးသားဦးရေအချိုး စတင်ကျဆင်းလာကြောင်း သိရသည်။

❖ မှီခိုသူအချိုးအနေဖြင့် မြန်မာနိုင်ငံတွင် မှီခိုသူများဖြစ်သော အသက် (၁၅)နှစ်အောက်ကလေးများနှင့် အသက် (၆၅) နှစ်အထက်သက်ကြီးရွယ်အိုများအချိုးကျဆင်းလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စုစုပေါင်းမှီခိုမှုအချိုးသည် ၅၂ ဒသမ ၅ ဖြစ်သည်။

❖ အိမ်ထောင်စုအကြောင်းအရာများတွင် နောက်ဆုံးသန်းခေါင်စာရင်းကောက်ယူခဲ့သော ၁၉၈၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်အတွင်း အိမ်ထောင်စုအရေအတွက် ၆၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရှိရသည်။ ၁၉၈၃ ခုနှစ်တွင် အိမ်ထောင်စု ၆၄၉၅၆၂၁ စုရှိပြီး ၂၀၁၄ ခုနှစ်တွင် အိမ်ထောင်စု ၁၀၈၇၇၈၃၂ စုအထိ တိုးတက်လာခဲ့သည်။

❖ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားအနေဖြင့် ၄ ဒသမ ၄ ဦးရှိသည်။ ယေဘုယျအားဖြင့် အိမ်ထောင်စုတစ်ခုတွင် လူလေးယောက်ကျော်ခန့်ရှိကာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား ၅ ဒသမ ၁ ဦးဖြင့် အများဆုံးဖြစ်ပြီး မကွေး၊ ဧရာဝတီနှင့်နေပြည်တော်တို့တွင် ၄ ဒသမ ၁ ဦးဖြင့် အနည်းဆုံးဖြစ်သည်။

❖ အိမ်ထောင်စု ၇၀ရာခိုင်နှုန်းခန့်သည် လူဦးရေနှစ်ဦးမှ ငါးဦးအကြားတွင် ရှိကြသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# တိုင်းပြည်၏ စီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အမှန်တကယ်အားစိုက်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်

နေပြည်တော် မေ ၃၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်မှ အသင်းသားတောင်သူလယ်သမားများ၊ လပွတ္တာ၊ ဖျာပုံ၊ မအူပင်၊ မြောင်းမြ၊ ဟင်္သာတနှင့် ပုသိမ်ခရိုင် မြို့ပေါ်ရပ်ကွက်များမှ သမဝါယမအသင်းသားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်း ၃၆၅၄ သင်းက အသင်းသား ၃၂၉၈၄၁ ဦးကို အသေးစားအရင်းအနှီးချေးငွေကျပ် ၃၁၂၉၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးမည်ဖြစ်ပြီး အရစ်ကျငွေချေစနစ်နှင့် လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူကြမည့် သမဝါယမအသင်း ၈၂၅ သင်းက အသင်းသား ၈၈၅၃ ဦးအတွက် စက်ကိရိယာစီးရေ ၈၈၄၉ စီး၊ တန်ဖိုးကျပ် ၃၇၆၀ ဒသမ ၇၂၇ သန်းကို ပံ့ပိုးပေးမည်ဖြစ်သကဲ့သို့ ယနေ့အခမ်းအနားတွင် စုစုပေါင်း သမဝါယမအသင်း ၄၄၇၉ သင်းက အသင်းသား ၃၃၈၆၉၄ ဦးအတွက် ချေးငွေပေါင်းကျပ် ၃၅၀၅၇ ဒသမ ၉၇၇ သန်းကို ထုတ်ချေးပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း။




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (ပြန်/ဆက်)

မိမိတို့အစိုးရ စတင်တာဝန်ယူခဲ့သည်မှ လေးနှစ်ကျော်ကာလအတွင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလို ဆောင်ရွက်သည့်နေရာတွင် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးအတွက် လွတ်လပ်ရေးရရှိချိန်မှ စတင်ပြီး နှစ်ပေါင်း ခြောက်ဆယ်ကျော်ရင်ဆိုင်နေခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သောထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ အမျိုးသားနိုင်ငံရေး အင်အားစုအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်သကဲ့သို့ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း တာဝန်များကိုလည်း မဟာဗျူဟာချမှတ်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရရှိခဲ့ပါကြောင်း၊ စီးပွားရေးတိုးတက်မှုရရှိရန် ဆောင်ရွက်ရာတွင် ဈေးကွက် ဦးဆောင်မှုကို အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ပြောင်းလဲတိုးတက်မှု ဖြစ်ပေါ်လာရန်အတွက် အစိုးရအခန်းကဏ္ဍမှလည်း ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံလိုသူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များကိုလည်း လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုင်းပြည်၏ စီးပွားရေး၊ စားနပ်ရိက္ခာ ဖူလုံရေးအတွက် အဓိကကျသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အမှန်တကယ်အားစိုက်ဆောင်ရွက်ရမည့် လုပ်ငန်းလည်း ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံသားအားလုံး၏ စားနပ်ရိက္ခာဖူလုံရေး၊ အေးချမ်းသာယာစွာ နေထိုင်နိုင်ရေးကို အစဉ်အမြဲအလေးအနက်ထား ဆောင်ရွက်နေပါကြောင်း။

သမဝါယမစနစ်သည် အသင်းသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးရသည့်စနစ် ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး သမဝါယမအသင်းသားများ တိုးပွားလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအပေါ် လုံးလုံးလျားလျား မှီခိုအားထားမနေရတော့ဘဲ မိမိတို့စုဆောင်းငွေ အရင်းအနှီး၊ မိမိတို့ကိုယ်ပိုင် စက်ကိရိယာများနှင့် မိမိတို့ကိုယ်တိုင် တစ်ပိုင်တစ်နိုင်ရပ်တည်နိုင်ပြီး မိမိအကျိုးကိုသာမက အများအကျိုး၊ နိုင်ငံတော်အကျိုးကိုပါ တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါကြောင်း။

လာမည့် ဇူလိုင်လပထမပတ် စနေနေ့တွင် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ကျင်းပမည် ဖြစ်ပါကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့၏ဆောင်ပုဒ်သည် 'သာတူညီမျှသမဝါယမ' ဖြစ်ပါကြောင်း၊ မိမိတို့ လူသားတိုင်းတွင် တူညီသည့်

**စာမျက်နှာ ၉ သို့** ☆



**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေများ ထုတ်ပေးစဉ်။** (ပြန်/ဆက်)



**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေများ ထုတ်ပေးစဉ်။** (ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ သမဝါယမအသင်းပေါင်း ၃၆၅၄ သင်းမှ အသင်းသား ၃၂၄၇၉၁ ဦးသို့ ငွေကျပ်သန်းပေါင်း ၃၁၂၉၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ငွေကျပ်သန်းပေါင်း ၃၇၆၀ ဒသမ ၇၂၇ သန်းတန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ဆိုင်ကယ်များ၊ ဆိုက်ကား၊ အပ်ချုပ်စက်နှင့် ရေလုပ်ငန်းသုံးပစ္စည်းများအား မြို့နယ် ၂၆ မြို့နယ်ရှိ အသင်းပေါင်း ၇၂၅ သင်းသို့ ပံ့ပိုးပေးနိုင်ခဲ့ရာ ပစ္စည်းတန်ဖိုးအပါအဝင် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၅၀၅၇ ဒသမ ၉၇၇ သန်းကို ပံ့ပိုးပေးနိုင်ခဲ့။

## ပြည်တွင်းရေးရာ

☆စာမျက်နှာ ၈ မှ

လေးစားမှုနှင့် တူညီသည့် ဂုဏ်သိက္ခာရှိမှုများကို ရရှိခံစားပိုင်ခွင့်ရှိပါကြောင်း။

သမဝါယမစနစ်တွင် အားလုံးတန်းတူညီမျှ ပိုင်ဆိုင်ခွင့်ရှိပြီး ဆင်းရဲချမ်းသာ ပဓာနမထားဘဲ အားလုံးပူးပေါင်းပါဝင်နိုင်ပါကြောင်း၊ သမဝါယမများသည် ပြန်လည်ရရှိလာမည့် အကျိုးအမြတ်ထက် ၎င်းတို့အသင်းသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အဓိကထားသည့်စနစ်ဖြစ်ပါကြောင်း။

ယခုအခါ သမဝါယမဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုဖြင့် သမဝါယမအသင်းသား ပြည်သူများအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယခင်ထုတ်ချေးပေးခဲ့သည့် ချေးငွေများအပြင် နိုင်ငံခြားချေးငွေအဖြစ် ပထမအကြိမ် ကျပ်သန်းပေါင်း ၅၁၅၃၆ ဒသမ ၀၃ သန်းကို ထုတ်ချေးခဲ့ပြီး ပြေကျေသည့်အတွက် ဒုတိယအကြိမ် ကျပ်သန်းပေါင်း ၅၇၁၂၂ ဒသမ ၂၄ သန်းကို ထုတ်ချေးခဲ့ပါကြောင်း၊ ထို့အပြင် ထပ်မံပြီး ကျပ်သန်းပေါင်း ၅၂၄၂၅ ဒသမ ၀၃ သန်းကိုလည်း ထုတ်ချေးပေးခဲ့သည့်အတွက် စုစုပေါင်း ထုတ်ချေးပေးထားငွေ ကျပ်သန်းပေါင်း ၁၀၉၅၄၆ ဒသမ ၂၇ သန်းရှိပါကြောင်း၊ ထုတ်ချေးပေးခဲ့သည့် ချေးငွေအားလုံးကို (၁၀၀%) ရာနှုန်းပြည့် ပြန်လည်ကောက်ခံရရှိသည့်အတွက် တာဝန်ကျေပွန်သည့် အသင်းသားပြည်သူများ၊ သမဝါယမအသင်း အဆင့်ဆင့်နှင့် သမဝါယမဝန်ကြီးဌာနကို အထူးပင်ကျေးဇူးတင်ပါကြောင်း၊ ယခုအစဉ်အလာကောင်းကို သမဝါယမမူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာကျင့်သုံးကြပြီး ဆက်လက်ထိန်းသိမ်းသွားရန်လည်း တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အသေးစားအရင်းအနှီးချေးငွေများ၊ Hire Purchase လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပြည်သူများလိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းအတွက် အသေးစားအရင်းအနှီး ချေးငွေထုတ်ပေးခြင်း၊ လယ်ယာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အခမ်းအနားဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးစရိတ်နှင့် မွေးမြူရေးစရိတ် ချေးငွေ မရကြသေးသည့် သမဝါယမအသင်းသားသစ်များအတွက် ချေးငွေကျပ်သန်းပေါင်း ၂၃၇၅၈ သန်းကျော် တစ်နည်းအားဖြင့် ကျပ် ၂၃ ဘီလီယံကျော်နှင့် ချေးငွေရရှိပြီး အသင်းသားဟောင်းများအတွက် ထပ်မံ တိုးမြှင့်ချေးပေးငွေ ကျပ်သန်းပေါင်း ၇၅၃၈ သန်းကျော် တစ်နည်းအားဖြင့် ကျပ်ခုနစ်ဘီလီယံကျော်၊ စုစုပေါင်း ကျပ်သန်းပေါင်း ၃၁၂၉၇ ဒသမ ၂၅ သန်း တစ်နည်းအားဖြင့် ကျပ် ၃၁ ဘီလီယံကျော်ကို အတိုး တစ်လ ၁ ကျပ် ၁၅ ပြားနှုန်းဖြင့် ထုတ်ချေးသွားမည် ဖြစ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမဝါယမဝန်ကြီးဌာန သမဝါယမအသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (ပြန်/ဆက်)

ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ယခင်ထုတ်ချေးပေးထားသည့် ချေးငွေပေါင်း ကျပ် ၃၁၃၂၈ ဒသမ ဝ၆၃ သန်းဖြစ်ပြီး ယခုချေးငွေသစ်ပါပေါင်းလျှင် စုစုပေါင်း ထောက်ပံ့ချေးထားငွေ ကျပ်သန်းပေါင်း ၆၂၆၂၅ ဒသမ ၃၁၃ သန်း တစ်နည်းအားဖြင့် ကျပ် ၆၂ ဘီလီယံကျော်ဖြစ်ပါကြောင်း၊ အတိုးနှင့်ပတ်သက်ပြီး အနည်းငယ်ရှင်းပြရလျှင် ယခင်ယူခဲ့သည့် ၁ ကျပ် ၅၀ ပြားတွင်ဖြစ်စေ၊ ယခုယူမည့် ၁ ကျပ် ၁၅ ပြားတွင်ဖြစ်စေ တစ်ဝက်ဖြစ်သည့် ၇၅ ပြား သို့မဟုတ် ၅၅ ပြားကို ကျေးရွာသမဝါယမအသင်း၊ မြို့နယ်သမဝါယမအသင်းစုနှင့် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်များအတွက် အချိုးကျခွဲဝေပြီးပေးထားခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူများကို ပြန်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ သမဝါယမဥပဒေအရ နှစ်ချုပ်လိုက်သည့်အခါ သမဝါယမအသင်းစုချုပ် မြတ်လျှင် သမဝါယမအသင်းစုများ၊ သမဝါယမ အသင်းစုများကမြတ်လျှင် အခြေခံသမဝါယမအသင်းများ၊ အခြေခံသမဝါယမအသင်းများကမြတ်လျှင် အသင်းဝင်အသင်းသားများကို ပြန်လည်ခွဲဝေပေးရခြင်းဖြစ်ပါကြောင်း။

အတိုးငွေ၏ ကျန်တစ်ဝက်ဖြစ်သည့် ၇၅ ပြား သို့မဟုတ် ၅၅ ပြားကို ဗဟိုသမဝါယမက ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်း ကွာခြားမှုအတွက် ကြားခံစရိတ်၊ သဘာဝဘေးဆုံးရှုံးမှုအတွက် ရန်ပုံငွေနှင့် ဗဟိုသမဝါယမလုပ်ငန်းများ၏ အသုံးစရိတ်အဖြစ် သုံးစွဲရပါကြောင်း၊ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းမှာ ငွေချေးသူက ငွေချေးတိုင်း ၁၀ ရာခိုင်နှုန်း စုဆောင်းစေသည့်စနစ်၊ ချေးငွေကို ထိရောက်စွာ အသုံးပြုနိုင်အောင် ထိန်းကျောင်းစေသည့်စနစ်၊ ချေးငွေတဖြည်းဖြည်းတိုးမြှင့်ပေးမည့်စနစ်၊ ချေးငွေအပေါ် အတိုးယူသကဲ့သို့ ပြည်သူများ၏ စုဆောင်းငွေအပေါ် အတိုးပြန်ပေးသည့်စနစ်၊ စာရင်းဇယားစနစ်တကျ ထိန်းသိမ်းသည့်စနစ်များ ထည့်သွင်းဆောင်ရွက်ထားပါကြောင်း။

အပြင်ကချေးလျှင် ငွေတစ်ရာကျပ်တွင် အတိုးနှုန်းပျမ်းမျှ ၁၀ ကျပ်ခန့်ရှိပြီး သမဝါယမ အတိုးနှုန်းက ၁ ကျပ် ၅၀ ပြားသာရှိ၍ တစ်ရာလျှင် ၈ ကျပ် ၅၀ ပြားသက်သာပါကြောင်း၊ ထို့ကြောင့် ချေးငွေပေါင်း ၂၂၄ ဘီလီယံကျော်အပေါ်တွင် တစ်နိုင်ငံလုံး ပြည်သူများအနေဖြင့် တစ်လလျှင် ကျပ် ၁၉ ဘီလီယံကျော် သက်သာလျက်ရှိပါကြောင်း၊ ထို့အတူ ဧရာဝတီတိုင်းဒေသကြီးရှိပြည်သူများအတွက် ဆိုလျှင်လည်း ယခင်၊ ယခု ချေးငွေနှစ်ရပ်ပေါင်း ကျပ်သန်းပေါင်း ၆၂၆၂၅ ဒသမ ၃၁၃ သန်းရှိ၍ တစ်လလျှင် ကျပ်သန်းပေါင်း ၅၃၂၂ သန်းကျော် သက်သာလျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအတွက် တောင်ကိုရီးယားနိုင်ငံ Daedong လယ်ယာသုံးစက်ပစ္စည်း ၁၀၃ မျိုး၊ အခြားနိုင်ငံထုတ် လယ်ယာသုံး စက်ကိရိယာ ၂၅၈၄ မျိုးနှင့် သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ ဆိုက်ကား၊ အပ်ချုပ်စက်စသည့် လုပ်ငန်းသုံးပစ္စည်း ၁၀၅၄ မျိုး၊ ရေလုပ်ငန်းသုံးပစ္စည်း ၅၂၁၁ မျိုး၊ စုစုပေါင်းတန်ဖိုး ကျပ်သန်းပေါင်း ၆၄၄၅ ဒသမ ၁၁၃ သန်းကို အရစ်ကျငွေချေစနစ်ဖြင့် ထပ်မံရောင်းချပေးသွားမည် ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သည်နှင့်အညီ ပြည်သူများ၏ အခက်တွေ့ကြုံနေရသည့် အရင်းအနှီးမရှိမှု၊ ရှိသော်လည်း မလုံလောက်မှုကို ကူညီရန် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်စေရန်နှင့် ဆင်းရဲမှုကို လျှော့ချရန်အတွက် ယခုလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

အဆိုပါ သမဝါယမလုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်မည်ဆိုလျှင် မိမိတို့အားလုံး၏ သမဝါယမစနစ်အပေါ် ယခင်က မှားယွင်းစွာထားရှိခဲ့သည့် သဘောထားအမြင်များကို ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခင်က သဘောထားအမြင်များကိုပြောင်းပြီး သမဝါယမ၏ အနှစ်သာရဖြစ်သည့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်ခြင်း၊ မျှတစွာ အကျိုးခံစားခွင့်ဆိုသည့် အချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၏ ကျေးလက်နေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာအောင် လယ်ယာကုန်ထုတ်အသင်း ၂၂၄၉ သင်းကို အသင်းဝင် ဦးရေပေါင်း ၃ ဒသမ ၈၉ သိန်းကျော် ပါဝင်လာအောင် စည်းရုံးဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာ စနစ်သုံးလယ်မြေဧက ၂၆၀၀ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖော်ထုတ်ပြီးဖြစ်၍ ယခု၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း အဆင့်မြင့်စက်မှုလယ်ယာဧက ၅၂၀၀ ထပ်မံဖော်ထုတ်သွားမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးအတွင်း ၂၀၁၄ ခုနှစ်ကုန်တွင် သမဝါယမ အသင်းပေါင်း ၃၉၃၂ သင်း ရှိသည့်အနက် သမဝါယမဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယနေ့ အသင်းပေါင်း ၆၅၅၀ အသင်းထိ တိုးတက်ဖွဲ့စည်းနိုင်ခဲ့ပြီး ဖွဲ့စည်းပြီး အသင်းအားလုံးသည်လည်း ရှင်သန်လည်ပတ်နိုင်ခဲ့ပါကြောင်း။

နှစ်ရှည်စက်မှုဇုန်လုပ်ငန်းများတွင် ရှိပြီးဖြစ်သော ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ စက်မှုဇုန်များတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ယခုပုသိမ် စက်မှုဇုန်၌ စက်ရုံတစ်ရုံတွင် လုပ်သား ၂၀၀၀ ခန့် အလုပ်ပေးနိုင်မည့် အထည်ချုပ်စက်ရုံ သုံးရုံဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ ယခုအခါ အဆိုပါအထည်ချုပ် စက်ရုံများတွင် မြန်မာ အမျိုးသမီးလုပ်သား ၄၁၀၀ခန့် စတင်အလုပ်ဝင်ရောက်လုပ်ကိုင်နေပြီ ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က တိုင်းဒေသကြီးအတွင်းရှိ သမဝါယမ အသင်းများသို့ ခရိုင်အလိုက် အသေးစားအရင်းအနှီး ချေးငွေများကို ထုတ်ပေးပြီး ဗဟိုသမဝါယမအသင်းနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက Hire Purchase စနစ်ဖြင့် ဝယ်ယူထားသော လယ်ယာသုံး၊လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် ပံ့ပိုးပစ္စည်းများကိုပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး အတွင်းရှိ သမဝါယမအသင်းသားများကိုယ်စား ကျုံပျော်မြို့နယ် သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးဝင်းရွှေကကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင် **ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ သမဝါယမအသင်း ပေါင်း ၃၆၅၄ သင်းမှ အသင်းသား ၃၂၄၈၉၁ ဦးသို့ ငွေကျပ်သန်းပေါင်း ၃၁၂၉၇ ဒသမ ၂၅ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး ငွေကျပ်သန်းပေါင်း ၃၇၆၀ ဒသမ ၇၂၇ သန်း တန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာများ၊ မော်တော်ဆိုင်ကယ်များ၊ ဆိုက်ကား၊ အပ်ချုပ်စက်နှင့် ရေလုပ်ငန်းသုံး ပစ္စည်းများအား မြို့နယ် ၂၆ မြို့နယ်ရှိ အသင်းပေါင်း ၈၂၅ သင်းသို့ ပံ့ပိုးပေးနိုင်ခဲ့ရာ ပစ္စည်းတန်ဖိုး အပါအဝင် စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၅၀၅၇ ဒသမ ၉၇၇ သန်းကို ပံ့ပိုးပေးနိုင်ခဲ့**ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သမဝါယမဝန်ကြီးဌာန၊ သမဝါယမအသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးမှုဆိုင်ရာပြခန်းများ၊ သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် ရေလုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပုသိမ်မြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**



လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးပစ္စည်းကိရိယာများနှင့် ပံ့ပိုးပစ္စည်းများကို တွေ့ရစဉ်။ (ပြန်/ဆက်)

# ဗီယက်နမ်ကို ကာကွယ်ရေးလက်နက်များ ရောင်းချရန် ခွင့်ပြုမည်ဟုဆို

**စင်ကာပူ မေ ၃၀**

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံ၏ ကျွန်းတုများ တည်ဆောက်ရေးစီမံကိန်းများကြောင့် အာရှ ပစိဖိတ်ဒေသတွင် တင်းမာမှုများ အရှိန်မြင့်နေစဉ် ဗီယက်နမ်နိုင်ငံသို့ ကာကွယ်ရေးလက်နက်များ ပိုမိုထောက်ပံ့ရန် လိုအပ်ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ယနေ့ပြောသည်။

သို့သော် ဟန္ဒိုင်းကို လက်နက်များ ရောင်းချခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားမှုအား နောက်ဆုံးဖြေလျှော့မှုအရ ရေကြောင်းကာကွယ်ရေးလက်နက်များကို အကန့်အသတ်ဖြင့်သာ ရောင်းချပေးရမည်ဖြစ်သည်။

အမေရိကန် ထိပ်တန်းတာဝန်ရှိသူတစ်ဦး၏အဆိုအရ ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာသည် ဗီယက်နမ်တာဝန်ရှိသူများနှင့် လာမည့်ရက်ပိုင်းအတွင်း တွေ့ဆုံ၍ ခွင့်ပြုထားသော ရေကြောင်းကာကွယ်ရေးလက်နက်များ ထောက်ပံ့ရေးဆွေးနွေးမည်ဖြစ်သည်။

ဝန်ကြီးကာတာသည် ၁၀ ရက်ကြာမည့် အာရှခရီးစဉ်အစအဖြစ် စင်ကာပူနိုင်ငံ၌ ကျင်းပသော နိုင်ငံတကာလုံခြုံရေးညီလာခံတွင် မိန့်ခွန်းပြောခဲ့သည်။

မဟာဗျူဟာလေ့လာရေး ထိပ်သီးဆွေးနွေးပွဲဆိုင်ရာ နိုင်ငံတကာအင်စတီကျူသို့ တက်ရောက်လျက်ရှိသည့် မက်ကိန်းက ဗီယက်နမ်အပေါ် ပိတ်ပင်ထားမှုကို တဖြည်းဖြည်း ဖယ်ရှားသွားခြင်းကို တွေ့မြင်လိုသောဆန္ဒရှိသည်။ တရုတ်နိုင်ငံနှင့် ပဋိပက္ခဖြစ်ခဲ့သော် အသုံးပြုရန်အတွက် ဟန္ဒိုင်းကို ကာကွယ်ရေးလက်နက်များ ပိုမိုထောက်ပံ့သင့်သည်ဟု ၎င်းက ပြောသည်။

၎င်းက ထပ်မံပြောကြားသည်မှာ လူ့အခွင့်အရေးချိုးဖောက်ရာ၌ လည်းကောင်း၊ လူစုလူဝေးကို ထိန်းချုပ်ရာ၌ လည်းကောင်း အသုံးပြုမည့်လက်နက်များကို ဆက်လက်ပိတ်ပင်ထားရမည်ဖြစ်သည်။

တောင်တရုတ်ပင်လယ် အတွင်း ကာကွယ်ရေးစွမ်းရည်များ တိုးတက်လာစေရန် ရည်ရွယ်ပြီး ဗီယက်နမ်နိုင်ငံအပေါ် လက်နက်များ မရောင်းချရန် ပိတ်ပင်ထားခြင်းအား အမေရိကန်နိုင်ငံက လွန်ခဲ့သည့်အောက်တိုဘာလတွင် တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးခဲ့သည်။ **ရိုက်တာ။**





**အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း မဟာဗျူဟာလေ့လာရေးထိပ်သီးဆွေးနွေးပွဲဆိုင်ရာ နိုင်ငံတကာအင်စတီကျူသို့ တက်ရောက်စဉ်။**

# ကျူးဘားကို အကြမ်းဖက်စာရင်းမှ အမေရိကန် ပယ်ဖျက်ပေး

**ဝါရှင်တန် မေ ၃၀**

အမေရိကန်ပြည်ထောင်စုက ကျူးဘားနိုင်ငံကို အကြမ်းဖက်နိုင်ငံအဖြစ် စာရင်းသွင်းထားခြင်းမှ ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရာ၌ အဓိကအတားအဆီးကို အဆိုပါလုပ်ဆောင်ချက်ဖြင့် ဖြေရှင်းနိုင်ခဲ့ပြီဖြစ်သည်။

ကျူးဘားနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၌ ဘဏ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို အဆိုပါပြောင်းလဲမှုကြောင့် ပြုလုပ်ခွင့်ရရှိသွားသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ကျူးဘားနိုင်ငံနှင့် သံတမန်ဆက်သွယ်မှု ပြန်လည်ထူထောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့သော်လည်း ကျူးဘားနိုင်ငံအပေါ် အမေရိကန်၏ကုန်သွယ်ရေး ပိတ်ဆို့ထားမှုများ တရားဝင်ရှိနေဆဲဖြစ်သည်။ ယင်းပိတ်ဆို့မှုကို ကွန်ဂရက်က အဆုံးသတ်ပေးနိုင်မည်ဖြစ်သည်။

ဝါရှင်တန်နှင့် ဟာဗားနား၌ သံရုံးများအပြန်အလှန် ဖွင့်လှစ်ရေးအပါအဝင် သံတမန်ဆက်ဆံရေး ပြန်လည် ထူထောင်ရေးအတွက် အသေးစိတ်ဆွေးနွေးကြရန် နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံရာ၌ ကျူးဘားနိုင်ငံ၏ အဓိက တောင်းဆိုချက်တွင် အဆိုပါအကြမ်းဖက်နိုင်ငံစာရင်းမှ ပယ်ဖျက်ရေးပါဝင်သည်။

**ရိုက်တာ။**

# မောရစ်သျှကျွန်းနိုင်ငံသမ္မတ ရာထူးမှနုတ်ထွက်

**ပေါ့လူဝစ်စ် မေ ၃၀**

မောရစ်သျှကျွန်းနိုင်ငံ သမ္မတ ကိုင်လာပါရက်သည် သမ္မတရာထူးမှ နုတ်ထွက်သွားကြောင်း၊ ၎င်း၏ နုတ်ထွက်စာကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ပေးပို့ထားကြောင်း သမ္မတရုံး၏ တရားဝင်သတင်း ထုတ်ပြန်ချက်အရ သိရသည်။

ဝန်ကြီးချုပ်ဟောင်း နာဗင်ရမ်ဂူလန်မ်၏ ယခင်အလုပ်သမားပါတီက ၂၀၁၂ ခုနှစ်တွင် ပါရက်ကို သမ္မတအဖြစ် ခန့်အပ်ခဲ့သည်။

ပုဂ္ဂလိကရုပ်မြင်သံကြားရုပ်သံလိုင်းတစ်ခုတွင် ပါရက်က ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် သမ္မတအဖြစ်နုတ်ထွက်ရန် သဘောတူပြီးဖြစ်ကြောင်း၊ သို့သော် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ရန်အတွက် အချိန်ကာလ ၅ လ တောင်းဆိုခဲ့ပါကြောင်း ပြောကြားခဲ့သည်။

နာမည်ကြီး သိပ္ပံပညာရှင်နှင့် သုတေသနပညာရှင်တစ်ဦးဖြစ်သူ ဂူရစ်ဖက်ကင်မ်သည် မောရစ်သျှကျွန်းနိုင်ငံ သမ္မတရာထူးကို ဆက်ခံမည့် ပထမဦးဆုံးအမျိုးသမီးသမ္မတ ဖြစ်လာနိုင်ဖွယ်ရှိသည်။

၁၉၉၂ခုနှစ် နိုင်ငံလွတ်လပ်ရေးရပြီးကတည်းကခြောက်ဆက်မြောက် သမ္မတရာထူးဆက်ခံမည့် ကိစ္စရပ်များကိုဆွေးနွေးရန် လွှတ်တော်က လာမည့် ရက်သတ္တပတ်တွင် အထူးအစည်းအဝေးတစ်ရပ် ကျင်းပနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

**ဆင်ဟွာ။**



# နာလန်ဒါတက္ကသိုလ် အဓိပတိအဖြစ် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျော့ယိုးအား အိန္ဒိယရွေးချယ်

**နယူးဒေလီ မေ ၃၀**

အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးသင်ကြားရေးစင်တာများအနက် တစ်ခုဖြစ်သည့် နာလန်ဒါတက္ကသိုလ် အဓိပတိရာထူး ဆက်ခံသူအဖြစ် စင်ကာပူ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျော့ယိုးအား ရွေးချယ်လိုက်ကြောင်း မေ ၃၀ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဟောင်း ဂျော့ယိုးသည် နာလန်ဒါတက္ကသိုလ်၏ အဓိပတိသစ် ဖြစ်လာမည်ဟု အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗီကာဆွာရပ်က တွစ်တာ၌ ရေးသားထားသည်။ ဂျော့ယိုးသည် လက်ရှိ နာလန်ဒါတက္ကသိုလ် အဓိပတိဖြစ်သူ အိန္ဒိယနိုင်ငံသား နိုဗယ်လ်ဆုရှင် အမတ်ယာဆန်ထံမှ မကြာမီ ရာထူးလက်ခံတော့မည်ဖြစ်သည်။ နာလန်ဒါတက္ကသိုလ်ကို အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ် နာလန်ဒါမြို့၌ ရှေးဟောင်း သင်ကြားရေးစင်တာတစ်ခု ပြန်လည်ဖော်ထုတ်မှုတစ်ခုအဖြစ် ဖန်တီးထားခြင်းဖြစ်သည်။

ပထမဆုံးသော ပညာသင်ကာလကို ယာယီကျောင်းဆောင်များတွင် အမျိုးသမီးငါးဦးအပါအဝင် ကျောင်းသား ၁၅ ဦးဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့သော်လည်း ခေတ်မီတက္ကသိုလ် ပရဝဏ်မှာ ၂၀၂၀ ခုနှစ်တွင် ဆောက်လုပ်မှုပြီးစီးရန် မျှော်မှန်းထားသည်။ **ဆင်ဟွာ။**

# ဥရောပနိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင် ၈၉ ဦးကို ရုရှားနိုင်ငံက ပြည်ဝင်ခွင့်ပိတ်ပင်မည်ဟုဆို

**ဘာလင် မေ ၃၀**

ရုရှားနိုင်ငံက ဥရောပနိုင်ငံရေးနှင့် စစ်ဘက်ဆိုင်ရာခေါင်းဆောင် ၈၉ ဦးတို့၏ ပြည်ဝင်ခွင့်ကို ပိတ်ပင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားအစိုးရက ယင်းသို့ ပိတ်ပင်မှုပြုလုပ်ခြင်းကြောင့် ဥရောပနိုင်ငံများမှ အစိုးရအဖွဲ့များ ဒေါသထွက်ကြရပြီး ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံ၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ နှစ်ဖက်တင်းမာမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း ဥရောပသမဂ္ဂ(အီးယူ)တာဝန်ရှိသူများက ပြောကြားကြသည်။


ယူကရိန်းအစိုးရတပ်ဖွဲ့များနှင့် ရုရှားလိုလားသော ခွဲထွက်ရေးသမားများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာတွင် လူပေါင်း ၆၂၀၀ ကျော် သေဆုံးခဲ့ရသည်။ ရုရှားနိုင်ငံသည် ခွဲထွက်ရေးသမားများအား လက်နက်များ ထောက်ပံ့ပေးခဲ့ပြီး တပ်ဖွဲ့ဝင်များကိုလည်း စေလွှတ်ပေးခဲ့သည်ဆိုသော ယူကရိန်း၊ နေတိုးနှင့် အနောက်အုပ်စုနိုင်ငံများ၏ စွပ်စွဲချက်များကို ယင်းနိုင်ငံက ပယ်ချခဲ့သည်။

ဥရောပနိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များအား ခရီးသွားလာခွင့်ကို ပိတ်ပင်သည့် အမည်စာရင်းကို ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြုစုထားပြီး အဆိုပါအမည်စာရင်းကို မြို့တော်မော်စကို၌ ယခုရက်သတ္တပတ်အတွင်း ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ထံ ပေးအပ်ခဲ့သည်။

ရုရှားနိုင်ငံသို့ ဝင်ရောက်ခွင့်ကို ပိတ်ပင်ခံရသူများတွင် ရုရှားအား ဝေဖန်ပြောကြားခဲ့ကြသော နိုင်ငံရေးနှင့် စစ်ရေးအကြီးအကဲများ ပါဝင်သည်။

ရုရှားနိုင်ငံသည် ၂၀၁၄ ခုနှစ် မတ်လအတွင်းက ခရိုင်းမီးယားဒေသကို ယင်း၏ပိုင်နက်နယ်မြေအတွင်းသို့ သွတ်သွင်းခဲ့သည်။ ဥရောပသမဂ္ဂ(အီးယူ)သည် ရုရှားနိုင်ငံအပေါ် စီးပွားရေးအရ ပြစ်ဒဏ်ခတ်သည့်အမိန့်၊ ပြည်ဝင်ဗီဇာထုတ်ပေးမှုကို ပိတ်ပင်သည့်အမိန့်တို့ ထုတ်ပြန်ခဲ့သည်။

**ရိုက်တာ။**



# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည်

**နေပြည်တော် မေ ၃၀**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို မေ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ၂၀၁၄ ခုနှစ် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအထိ ရတနာပြပွဲပေါင်း ၈၇ ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း၊ ထူးခြားမှုအနေဖြင့် ယခုကျင်းပမည့် (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲများကို ထည့်သွင်းရောင်းချခြင်းမပြုဘဲ Myanmar Pearl Auction – July 2015 ကို သီးခြားပြပွဲအနေဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်ထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပါ ကြောင်း၊ ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီအသီးသီးအနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရတနာပြပွဲများ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ကြိုတင်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်မျက် ရတနာများကို အရိုင်းအတိုင်းရောင်းချခြင်းထက် တန်ဖိုးမြှင့် အချောထည် များအဖြစ် ပိုမိုထုတ်လုပ်ရောင်းချရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ဦးဟံစိန်၊ ပြပွဲဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီများနှင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(၅၂) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်ထိ နေပြည် တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်တွင် ရေစီးဆင်းမှုလျော့နည်းနေသော သီတာချောင်းအား မူလချောင်းဧရိယာအတိုင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ ဌာန(လမ်းနှင့်တံတား)ဦးဆောင်၍ မေ ၃၀ ရက်က စက်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။**

(ထွန်းဝင်း)

# ကမ်းနားလမ်းမသစ်၏ သစ်တောလမ်းမှတ်တိုင်အနီးရှိ ဖြတ်လမ်းတွင် လမ်းအသုံးပြုခစတင်ကောက်ခံ၍ ယာဉ်ပိတ်ဆို့မှုလျော့ကျလာ

**ရန်ကုန် မေ ၃၀**

မေ ၂၈ ရက်မှစ၍ အရှည်ငါးမိုင်ကျော်ရှိ ရန်ကုန်ဆိပ်ကမ်းအနီးရှိ ကမ်းနားလမ်းမ ကွန်ကရစ်လမ်းသစ်၏ သစ်တောလမ်းမှတ်တိုင်အနီးရှိ ဖြတ်လမ်းယာဉ်ဝင်၊ ထွက်ပေါက်တွင် လမ်းအသုံးပြုခပေးဆောင်စေခြင်းများ ပြုလုပ်လာသည်ကို မြင်တွေ့ရသည်။

ဝန်ထမ်းမိသားစုများ သွားလာရေးလွယ်ကူရန် ဖြတ်လမ်း ဝင်၊ ထွက်ပေါက်များ ပြုလုပ်ပေးထားခြင်းဖြစ်သည်။ ဝင်၊ ထွက်ပေါက်များတွင် ဘယ်မကွေ့ရ၊ ညာမကွေ့ရ၊ အတည့်ဖြတ်ရန် လမ်းညွှန်များစိုက်ထူခဲ့ရာ ယခုအခါ ပန်းဆိုးတန်း-ဒလကူးတို့သင်္ဘောဆိပ်အဝင် လမ်းထိပ်တွင် မြင်တွေ့ရဆဲဖြစ်သည်။

လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းထိပ်တွင် မြစ်ဝကျွန်းပေါ် သင်္ဘောဆိပ်သို့သွားရောက်သည့် ယာဉ်များအတွက် ဖြတ်လမ်းကျယ်ဖွင့်ထားခဲ့သည်။ သို့သော် ကမ်းနားလမ်းရထားစတင်ပြေးဆွဲသည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်မတိုင်မီ ဒီဇင်ဘာ ၆ ရက်မှစ၍ ယာဉ်ဝင်၊ ထွက်၍မရရန် တုံးကြီးများဖြင့် ကာရံထားခဲ့သည်။ အနေ့းယာဉ်များသာ ဝင်၊ ထွက်၍ ရသည်။

ယင်းသို့ ပိတ်သည့်အချိန်မှစ၍ ထော်လီကွေ့မှတ်တိုင်၊ သစ်တောလမ်းမှတ်တိုင်အနီးရှိ ဖြတ်လမ်းပေါက်များတွင် ယာဉ် ဝင်/ထွက်မှုများလာသည်။ ထော်လီကွေ့တွင် ယာဉ်တစ်စီးစာ၊ သစ်တောမှတ်တိုင်အနီးတွင် ယာဉ် အဝင်၊ အထွက် တစ်စီးအတွက် တုံးကြီးများ ကာရံဖွင့်လှစ်ပေးခဲ့သည်။ ကမ်းနားလမ်းဟောင်းပေါ်မှ ယာဉ်အသွားအလာ စောင့်ဆိုင်းရသဖြင့် အဆိုပါဖြတ်လမ်းပေါက်များနှင့် ဖြတ်လမ်းအပေါက်အနီးရှိ လမ်းသစ်ပေါ်ရှိ လမ်းလယ်ကြောတို့တွင် ယာဉ်များ တန်းစီစောင့်ဆိုင်းမှုများရှိလာသည်။ လမ်းလယ်ကြောမှ ဖြတ်လမ်းသို့ဝင်ရန် လမ်းပိတ်ရပ်ထားသဖြင့် ကမ်းနားလမ်းမသစ်၏ အလုံမြို့နယ်အတွင်း နာရီရှည်ယာဉ်ပိတ်ဆို့မှု မကြာခဏတွေ့ကြုံခဲ့ရသည်ဟု ယင်းလမ်းကြောင်းပေါ် ဖြတ်သန်းနေရသော ကုန်သေတ္တာတင်ယာဉ်မောင်းတစ်ဦးက ဆိုသည်။

သစ်တောလမ်းထိပ်ဖြတ်လမ်းတွင် လမ်းအသုံးပြုခကောက်ခံခြင်း၊ ထော်လီကွေ့ဖြတ်လမ်းတွင် ပြင်ဆင်ရန်ပိတ်ထားခြင်းများရှိသဖြင့် ယင်းနေရာတစ်ဝိုက်တွင် ယခင်ကဲ့သို့ လမ်းပိတ်ဆို့မှုမရှိတော့ဘဲ လျော့ကျလာသည်ကို မြင်တွေ့ရသည်ဟု အဆိုပါယာဉ်မောင်းက ပြောသည်။

ပန်းဆိုးတန်း-ဒလသင်္ဘောဆိပ်ဆင်း ဝင်ပေါက်တွင် လမ်းအသုံးပြုခကောက်ခံခြင်းမရှိသေး၍ မေ ၂၉ ရက်ထိ မြစ်ဝကျွန်းပေါ်သင်္ဘောဆိပ်ဆင်း ယာဉ်များ လမ်းအသုံးပြုခပေးဆောင်ရခြင်း မရှိဘဲ ပန်းဆိုးတန်းဖြတ်လမ်းမှ သွားရောက်နိုင်သေးသည်ဟု တက္ကစီယာဉ် မောင်းကိုတိုးက ပြောသည်။

စီးလုံးငှားတက္ကစီယာဉ်များ လမ်းအသုံးပြုခပေးဆောင်ရာတွင် ခရီးသည်ယာဉ်များကသာပေးဆောင်ရခြင်းဖြစ်၍ ယခုကဲ့သို့ ဖြတ်လမ်းထိပ်တွင် လမ်းအသုံးပြုခပေးဆောင်ကောက်ခံနေမှုအပေါ် အိမ်စီးယာဉ်ပိုင်ရှင်များသာ ဝေဖန်ပြောဆိုမှုရှိလာသည်။

ကမ်းနားလမ်းသစ်ပေါ်တွင် တစ်နာရီ မိုင် ၂၀ အသိပေးလမ်းညွှန်စိုက်ထူထားသော်လည်း ယင်းလမ်းညွှန်အနီး မေ ၂၈ ရက် ည ၁၀ နာရီတွင် ကုန်သေတ္တာမပါ အလွတ်ကုန်ကားတစ်စီး ကမ်းနားလမ်းသစ်ပေါ်မှ လမ်းဟောင်း



ပေါ်သို့ အရှိန်လွန်ကျရောက်ခဲ့သည်။ ကမ်းနားလမ်းဟောင်းဘေး ယာဉ်ရပ်နားရာနေရာရှိ ယာဉ်ငယ်နှစ်စီးထိခိုက်ပျက်စီးပြီး ကမ်းနားလမ်းသစ်၏ မြေထိန်းနံရံပျက်စီးမှုရှိသည်ကို မြင်တွေ့ရသည်ဟု လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းထိပ်အနီးတွင် နေထိုင်သူတစ်ဦးက ပြောသည်။

လမ်းမတော်မြို့နယ်အတွင်း ကမ်းနားလမ်းမသစ်ပေါ်မှ လမ်းဟောင်းပေါ်ရှိ ကုန်သေတ္တာတင်ယာဉ်အချို့ အရှိန်လွန်ကျရောက်မှု တစ်နှစ်အတွင်း လေးကြိမ် နေ့၊ ညကြုံတွေ့ခဲ့ရသည်။ သခင်မြပန်းခြံအနီး ကမ်းနားလမ်းဟောင်း မြို့ထဲမှလာသော ယာဉ်ကြောမှ ကမ်းနားလမ်းမသစ်အမြင့်ပေါ်သို့ ကုန်သေတ္တာတင်ယာဉ်တစ်စီး အရှိန်လွန်ရောက်ရှိမှုလည်း ကြုံတွေ့ခဲ့ရသေးသည်။ ကမ်းနားလမ်းမသစ်၏ဖြတ်လမ်းပေါက်တွင် လမ်းအသုံးပြုခကောက်ခံခြင်းဖြင့် ယာဉ်ပိတ်ဆို့မှုလျော့ကျစေသကဲ့သို့ ယာဉ်အန္တရာယ်ကြောင့် လူအချို့ ထိခိုက်သေဆုံးရမှု၊ လမ်းဘေးရပ်ယာဉ်ငယ်များ ထိခိုက်ပျက်စီးနေခြင်းများ၊ ကမ်းနားလမ်းမသစ်တင်ယာဉ်ကြီးများ စီတန်းရပ်နားနေခြင်းတို့ကိုပါ ပပျောက်လျော့နည်းသွားရန် ယာဉ်စည်းကမ်းလိုက်နာမှုရှိလာရေးကိုပါ အလေးပေးဆောင်ရွက်ပေးသင့်သည်ဟု လမ်းမတော်မြို့နယ်အတွင်းနေထိုင်သူ ဦးလှဦးက ပြောသည်။

**(မောင်စေအောင်)**

# မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားမှပြန်ရောက်

**ရန်ကုန် မေ ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးသက်နောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ လိုက်ပါ၍ အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာရေလုပ်သား ၁၂၉ ဦးအား တတိယအသုတ်အဖြစ် အန်ဘွန်ကျွန်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန်အတွက် မေ ၂၈ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်း Pattimura Airport သို့ရောက်ရှိပြီး မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာ အင်ဒိုနီးရှား အာဏာပိုင်များနှင့်ညှိနှိုင်းကာ မြန်မာသံရုံးမှတာဝန်ရှိသူများနှင့် မြန်မာရေလုပ်သားများအား စိစစ်တင်ဆောင်ပြီး ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ

**လှိုင်သာယာ မေ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အထက (၂) ကျောင်း အစည်းအဝေးခန်းမ၌ မေ ၂၈ နံနက် ၉ နာရီက မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က ဗလာစာအုပ် ဒါဇင် ၁၀၀၊ ကျောင်းသုံးပစ္စည်း၊ ကျောင်းသုံး ဗလာစာအုပ်၊ စာရေးကိရိယာများကို ရွှေသံလွင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာစီမံကိန်း၊ လှိုင်သာယာစက်မှုမြို့ စီမံကိန်းကော်မတီ၊ ရွှေလင်ပန်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အလှူရှင်များက ကလေးငယ်များ လက်ဝယ်အရောက်ပေးအပ်ပြီး မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၃၂၉)**

# ရေလွှမ်းမိုးမှုမှကာကွယ်နိုင်ရေး မော်ကျွန်း-ဖိုးခမီဒေါင့် ရေကျော်ပတ်တာတိုးမြှင့်ခြင်း လုပ်ငန်းဆောင်ရွက်

**မော်လမြိုင်ကျွန်း မေ ၃၀**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အနိမ့်ပိုင်းလယ်မြေများတွင် မိုးရာသီရေလွှမ်းမိုးမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းဦးစီးဌာနသည် မေ ၂၉ ရက်မှစတင်ပြီး ဖိုးခမီဒေါင့် ရေကျော်ပတ်တာတိုးမြှင့်ခြင်းလုပ်ငန်းများကို မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးကျော်နိုင်ဦးနှင့် အခြားအဖွဲ့အစည်းများ၊ ဒေသခံကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိသည်။

ယင်းဖိုးခမီဒေါင့် ရေကျော်ပတ်တာမှာ အရှည် ၁၁ မိုင် ၄ ဖာလုံရှိပြီး လက်ရှိ ပတ်တာအမြင့် လေးပေအား ပတ်တာအမြင့် သုံးပေထပ်မံတိုးမြှင့်ပြီး အမြင့် ခုနစ်ပေအထိ တိုးမြှင့်တာဖို့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ဖိုးခမီဒေါင့်ကျေးရွာမှ တံခွန်တိုင်ကျုံးဝါးကျေးရွာအထိ ဖိုးခမီဒေါင့်ရေကျော်ပတ်တာတိုးမြှင့်ခြင်းလုပ်ငန်းပြီးစီးသွားပါက ဖိုးခမီဒေါင့်၊ တံခွန်တိုင်ကျုံးဝါးနှင့် သရက်တောကျွန်းဒိပ်ကျေးရွာအုပ်စုများအတွင်းရှိ မိုးစပါးစိုက်ပျိုးမြေဧကပေါင်း ၄၆၂၀ အား မိုးရာသီရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်တော့မည်ဖြစ်သည်။ **(မော်ကျွန်းမြင့်အောင်)**

## အနုပညာ



# 25E[illegible]

တောင်ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ Girls' Generationမှ အဆိုတော် ယွန်းအ၏ မေ ၂၃တွင်ကျရောက်သော ၂၅နှစ်ပြည့်မွေးနေ့ပါတီကို ကျင်းပခဲ့ရာ အဖွဲ့ဝင်များ၏နာမည်ကိုပုံဖော်ထားသော အထူးမွေးနေ့ကိတ်ဖြင့် ဆင်နွှဲခဲ့သည်။

ယွန်းအသည် ၁၉၉၀တွင်မွေးဖွားခဲ့သည့်အတွက် ယခုအသက်(၂၅)နှစ်ပြည့်ပြီဖြစ်သော်လည်း သူ၏ပြုံးချိုသောမျက်နှာထားနှင့် ချစ်စဖွယ်လှပသည့်ရုပ်ရည်တို့ကြောင့် ရှိရင်းအသက်ထက်ပင် ငယ်ရွယ်သည်ဟုထင်ရလေသည်။

Girls' Generationမှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဆိုရောင်းကလည်း သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင် ယွန်းအအတွက်မွေးနေ့ဆုတောင်းထားသော ဗီဒီယိုတစ်ခုတင်ထားခဲ့ပြီး မွေးနေ့ကိုဂုဏ်ပြုခဲ့သည်။ **အေးပြည့်**

## မင်းသားလီဂျောင်ဆက် ဆန်းကစ်အချိုရည်အတွက် မော်ဒယ်လ်အဖြစ်ရွေးချယ်ခံရ

အရှေ့တောင်အာရှနိုင်ငံများဖြစ်သော တရုတ်နှင့် ဂျပန်နိုင်ငံများ၏ အားပေးနှစ်သက်မှုကို တစ်ခဲနက်ရရှိထားသည့် မင်းသားလီဂျောင်ဆက်သည် ဆန်းကစ်ကုမ္ပဏီမော်ဒယ်အဖြစ် စာချုပ်ချုပ်ဆိုခဲ့ကြောင်းသိရသည်။

လီဂျောင်ဆက်၏ ငယ်ရွယ်ပြီး တက်ကြွမှုရှိသည့် အသွင်အပြင်ကြောင့် မော်ဒယ်အဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဟိုင်တီအဖျော်ယမကာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မင်းသားလီဂျောင်ဆက်သည် မေ ၁၁ ရက်မှ ၃၀ ရက်ထိ တောင်ကိုရီးယား၊ တရုတ်၊ ထိုင်းနိုင်ငံတို့သို့ သွားရောက်ပြီး ပရိသတ်များနှင့် တွေ့ဆုံမည့်အစီအစဉ်တစ်ရပ်ရှိကြောင်းလည်းသိရသည်။

**ပန်းသော်တာ**



## LADIES' CODE အဖွဲ့မှ ရိုက်စ်နှင့် ယွန်ဘီတို့အတွက် အမှတ်တရအောက်မေ့ပွဲ ဂျပန်တွင်ကျင်းပမည်

တောင်ကိုရီးယားနိုင်ငံ၏ LADIES' CODE အဖွဲ့မှ ရိုက်စ်နှင့် ယွန်ဘီတို့ကို အောက်မေ့သတိရသည့် အနေဖြင့် ကျင်းပမည့် အထိမ်းအမှတ်ပွဲကို Polaris Entertainment နှင့်အတူ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ရှင်ဂါဟွာဟိုတယ်ခန်းမတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

မေ ၂၉ ရက်တွင် Polaris Entertainment မှ တာဝန်ရှိသူတစ်ဦးက "Rise and Eun Bi Memorial Concert ကျင်းပနိုင်ဖို့အတွက် မိသားစုဝင်တွေနဲ့ သေချာဆွေးနွေးညှိနှိုင်းပြီးမှ ပွဲနဲ့ပတ်သက်တဲ့သတင်းအချက်အလက်တွေကို ဆက်လက်ပြီး အသေးစိတ် ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်" ဟု enews သို့ ပြောကြားခဲ့သည်။

ကေပေါ့ပ်အဖွဲ့ဖြစ်သည့် LADIES' CODE သည် ၂၀၁၃ ခုနှစ်တွင် Bad Girl နှင့် Pretty Pretty တေးသီချင်းများဖြင့် အနုပညာလောကသို့ စတင်ဝင်ရောက်လာခဲ့ကာ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ယာဉ်မတော်တဆမှုဖြစ်ပြီးအဖွဲ့မှ ရိုက်စ်နှင့် ယွန်ဘီတို့ အသက်ဆုံးရှုံးခဲ့ရသည်။


ယခုပြုလုပ်မည့်အမှတ်တရပွဲသည် ရိုက်စ်နှင့် ယွန်ဘီတို့ကိုဆုံးရှုံးခဲ့ရသည့်အတွက် ပြုလုပ်ပေးမည့် ပထမဆုံး အမှတ်တရ အထိမ်းအမှတ်ပွဲလည်းဖြစ်သည်။


**ဆုမြတ်**

## ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံတွင် ဇွန် ၂ ရက်မှ ဇွန် ၄ ရက်ထိ အခမဲ့ပြသမည့်

# ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ

| | | | | |
|---|---|---|---|---|
| **June 2** | | | | |
| 9:00 AM | ***The Lady from Shangai***, 1947, by Orson Welles (USA) | 87 mn | English | HALL 1 |
| 11:00 AM | ***The Housemaid***, 1960, by Kim Ki-young (Korea) | 111 mn | Korean with English subtitles | HALL 1 |
| 01:30 PM | ***The Young Ones***, 1973, by Li Hsing (Taiwan) | 110 mn | Mandarin with English subtitles | HALL 1 |
| 04:00 PM | ***Black Narcissus***, 1947, by Emeric Pressburger & Michael Powell (UK) | 101 mn | English with English subtitles | HALL 1 |
| 06:00 PM | ***They Called Her... Cléopatra Wong***, 1978, by Bobby A. Suarez (Singapore), in presence of Marrie Lee | 111 mn | English | HALL 1 |
| **June 3** | | | | |
| 9:00 AM | ***The Lonely Wife***, 1964, by Satyajit Ray (India) | 107 mn | Bengali with English subtitles | HALL 1 |
| 11:30 AM | ***Moon Over Malaya***, 1957, by Chun Kim (Malaysia-Singapore) | 91 mn | Cantonese with English subtitles | HALL 1 |
| 13:30 PM | ***Stage Sisters***, 1965, by Xie Jin (China) | 116 mn | Mandarin with English subtitles | HALL 1 |
| 04:00 PM | ***Not Wanted***, 1949, by Ida Lupino (USA) | 91 mn | English | HALL 1 |
| 06:00 PM | ***A Man Vanishes***, 1967, by Shohei Imamura (Japan) | 130 mn | Japanese with English subtitles | HALL 1 |
| **June 4** | | | | |
| 9:00 AM | ***Insiang***, 1976, by Lino Brocka (Philippines) | 95 mn | | HALL 1 |
| 01:00 PM | ***Hiroshima My Love***, 1959, by Alain Resnais (France) | 90 mn | French with English subtitles | HALL 1 |
| 03:00 PM | ***Gilda***, 1946, by Charles Vidor (USA) | 110 mn | English with English subtitles | HALL 1 |
| 05:30 PM | ***Dolce Vita***, 1960, by Federico Fellini (Italy) | 174 mn | Italian with English subtitles | HALL 1 |
| 08:45 PM | ***Madame Freedom***, 1956, by Han Hyeong-mo (South Korea) | 125 mn | Korean with English subtitles | HALL 1 |










## အနိုင်ကျင့်သူတွေကို ပြန်တိုက်လိုက်တဲ့




ဗြိတိန်အမျိုးသမီး ပေါ့ပ်ဂီတအဖွဲ့ Little Mix သည်တေးသီချင်းသစ် "Black Magic" အတွက် ရိုက်ကူးခဲ့သော ဗီဒီယိုတွင် မှော်ဆန်သောစွမ်းအားများရရှိကာ ကျောင်းတွင်အနိုင်ကျင့်သူများအား ပြန်လည်တိုက်ခိုက်ခဲ့သည့် မိန်းကလေးများအဖြစ် သရုပ်ဆောင်ထားခဲ့သည်။

အဆိုပါတေးဗီဒီယိုကို မေ ၂၉ရက် (သောကြာနေ့)တွင် စတင်ထုတ်လွှင့်ခဲ့သည်။

Little Mix အဖွဲ့ဝင်များဖြစ်သော ဂျိတ်၊ လီအန်၊ ဂျေစီနှင့် ပါရီတို့လေးဦးသည် လူမှုဆက်ဆံရေးပြေပြစ်မှုမရှိဘဲ ကျောင်းတွင် မထင်မရှား ကျောင်းသူလေးများအဖြစ် လူတကာ၏အနှိမ်ခံဘဝတွင် ရှင်သန်နေခဲ့ရသည်။ တစ်နေ့တွင် ဂျိတ်သည် ကျောင်းစာကြည့်တိုက်မှ black magic (အနက်ရောင်မှော်ပညာ)စာအုပ်ကို ရှာဖွေတွေ့ရှိခဲ့ရာမှ မှော်အစွမ်းများရရှိလာခဲ့ပြီး ကျောင်းတွင်သူတို့၏သူငယ်ချင်းများအား အနိုင်ကျင့်သည့် အခြားသောကျောင်းသားဆိုးများကို ပြန်လည်တိုက်ခိုက်သည့်ပုံစံဖြင့် ဒါရိုက်တာက အဆိုပါတေးဗီဒီယိုကို ရိုက်ကူးပုံဖော်ပေးခဲ့သည်။ **အေးပြည့်**

## ဂုဏ်ယူပါတယ် လင်ဆေးလိုဟန်

အမေရိကန် ပေါ့ပ်အဆိုတော်လင်ဆေးလိုဟန်သည် သူ၏ လူမှုရေးဝန်ဆောင်မှု လုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး ပြစ်ဒဏ်များအားလုံး ကင်းရှင်းဆေးကြောလိုက်ပြီဖြစ်ကာ သန့်ရှင်းသောဘဝကို စတင်နိုင်ပြီဖြစ်သည့်အတွက် ပရိသတ်များက ဝမ်းသာဂုဏ်ယူခဲ့ကြသည်။

သူသည် ကျူးလွန်ခဲ့သော ပြစ်မှုတသီတတန်းကြီးအတွက် ၂၀၀၇ ခုနှစ်မှစတင်ကာ စောင့်ကြည့်ကာ ၈ နှစ်ကြာမျှ ဖြတ်သန်းခဲ့ရပြီး လူမှုရေးလုပ်ငန်းများလည်း လုပ်ဆောင်ခဲ့ရာမှ ကင်းလွတ်သွားပြီဖြစ်ကြောင်း မေ ၂၈ ရက်၌ လော့စ်အိန်ဂျယ်လိဂ်တရားရုံးက ကြေညာခဲ့သည်။

အသက် (၂၈) နှစ်ရှိပြီဖြစ်သော အနုပညာကြယ်ပွင့်က သူ၏ အင်စတာဂရမ် စာမျက်နှာပေါ်တွင် "ကြိုးစားခဲ့သမျှ အရာထင်ခဲ့ပြီလေ။ ပြစ်ဒဏ်ကာလတစ်လျှောက်ကူညီဖြည့်ဆည်းပေးခဲ့တဲ့သူ အားလုံးကို ကျွန်မကျေးဇူးတင်ပါတယ်" ဟု ရေးသားဖော်ပြ ထားခဲ့သည်။

လင်ဆေးလိုဟန်သည် ၂၀၀၇ ခုနှစ်က ကျူးလွန်ခဲ့သော အရက်သောက်၍ ကားမောင်းခြင်း၊ ခိုးခြင်းနှင့် အဆင်ခြင်မဲ့ကားမောင်းခြင်းအမှု သုံးခုအတွက် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ် ခံရခြင်းဖြစ်သည်။ ပြီးခဲ့သည့် နှစ်က လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ရန် သတ်မှတ်ထား သည့်နောက်ဆုံးအချိန်အထိ ပြီးဆုံးအောင်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် နောက်ထပ် နာရီပေါင်း ၁၂၅ နာရီကို ထပ်မံပေးအပ်ခဲ့ရာ ယခုအခါ အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

**အေးပြည့်**




ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်သည် အန်စလော့တီအား ထုတ်ပယ်ကာ ဘင်နီတက်ဇ်အား အစားထိုးခန့်အပ်ခဲ့ခြင်း၊ ဂါရတ်ဘေးလ်အပေါ် မမျှမတ ဆက်ဆံနေခြင်းတို့ကြောင့် အဆိုပါ ကိစ္စရပ်များအပေါ် စီရိုနယ်လ်ဒိုက မနှစ်မြို့က်နိုင်ခဲ့သည့်အတွက် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလ၌ ရီးယဲလ်မှထွက်ခွာရန် အလားအလာကောင်းနေပြီဖြစ်သည်။ စပိန်နိုင်ငံထုတ် ဒွန်ဘလွန်စာစောင်တွင် အန်စလော့တီ ထွက်ခွာသွားပြီးနောက် တိုက်စစ်မှူးစီရိုနယ်လ်ဒိုနှင့် ဥက္ကဋ္ဌပီရက်ဇ်တို့ကြား ဆက်ဆံရေးမှာ အေးစက်လာခဲ့ပြီး ပီရက်ဇ်၏ဆုံးဖြတ်ချက်များကို ရိုနယ်လ်ဒိုဘက်က လက်ခံရန် ခက်ခဲနေခဲ့သည်ဟု ဖော်ပြခဲ့သည်။

ထို့ကြောင့် စီရိုနယ်လ်ဒိုက ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ ပီရက်ဇ်နှင့် တွေ့ဆုံဆွေးနွေးသွားရန်တောင်းဆိုထားသည်။ အဆိုပါပေါ်တူဂီတိုက်စစ်မှူးသည် နည်းပြအန်စလော့တီထွက်ခွာသွားခြင်းအပေါ် မပျော်ရွှင်နိုင်ဘဲ ၎င်းအီတလီနည်းပြကိုပင် စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ ရီးယဲလ်အား ဆက်လက်ကိုင်တွယ်ခွင့်ပေးသင့်ကြောင်း လူသိရှင်ကြားဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ ထို့ပြင် စီရိုနယ်လ်ဒို၏ နှစ်(၃၀)ပြည့်မွေးနေ့ပွဲ ကျင်းပခဲ့ရာတွင် ကလပ်အသင်း တာဝန်ရှိသူများက တက်ရောက်ခြင်းမရှိခဲ့သည်ကိုလည်း ကစားသမားဖက်မှ စိတ်ကွက်နေမှုများလည်းရှိခဲ့သည်။ တစ်ဖက်တွင်လည်း ပီအက်စ်ဂျီအသင်းက စီရိုနယ်လ်ဒိုအတွက် ပြောင်းရွှေ့ကြေး ယူရို ၁၂၅ သန်းကိုပင် ပေးချေရန် အသင့်ရှိနေသည်ဟု ဆိုထားခဲ့ရာ အသင်းနှင့် စာချုပ်သက်တမ်းနှစ်နှစ်သာ ကျန်ရှိတော့သည့် စီရိုနယ်လ်ဒို၏ ရီးယဲလ်မှ ထွက်ခွာခွင့် ကိစ္စရပ်မှာ ပီရက်ဇ်၏ ထွက်ခွာခွင့်ပေး၊ မပေးဆိုသည့်ဆုံးဖြတ်ချက်အပေါ်တွင်သာ မူတည်နေသည်။

# ဆီဗီလာ၏ ယူရိုပါလိဂ် စံချိန်သစ်တွင် ပါဝင်ခွင့်ရ၍ ဂုဏ်ယူကြောင်း ဘက်ကာပြော

ဆီဗီလာ ယူရိုပါလိဂ်အောင်ပွဲ၏ အဓိက သူရဲကောင်းကားလို့စ် ဘက်ကာအား လီဗာပူး၊ အေစီမီလန်၊ စပါး၊ မန်ချက်စတာ ယူနိုက်တက် အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေရာ ဘက်ကာက ၎င်း၏ အနာဂတ်အတွက် ကြိုတင်စဉ်းစားခြင်းမရှိဘဲ အရာအားလုံးမှာ ဘုရားသခင် အလိုအတိုင်းသာဖြစ်သည်ဟု တုံ့ပြန်ခဲ့သည်။ ဘက်ကာက လက်ရှိဆီဗီလာ ကစားသမားဘဝကို အပြည့်အဝ ကျေနပ်သော်လည်း နောက်နှစ် ဘောလုံးရာသီတွင် အပြောင်းအလဲတစ်ခုဖြစ်နိုင်သေးကြောင်းလည်း ဆိုခဲ့သည်။

“ဒီနွေမှာ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ကျွန်တော်မသိပါဘူး။ ကျွန်တော့်အနာဂတ်ဟာ ဘုရားသခင်အလိုကျအတိုင်းပဲပေါ့ဗျာ။ ဒါပေမယ့် ဆီဗီလာက ဒီနှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့် ကစားရမှာဆိုတော့ ဒါကလည်း ကျွန်တော့်အိပ်မက်ပါ။ ကျွန်တော် ငယ်ငယ်ကတည်းက ချန်ပီယံလိဂ်ပွဲတွေကို ရုပ်မြင်သံကြားမှာ ကြည့်ရှုရတာ ဘာနဲ့မှမတူတဲ့ ခံစားချက်တစ်ခုဖြစ်ခဲ့ပြီး အခုကိုယ်တိုင် ဝင်ကစားရမှာဖြစ်တဲ့အတွက် ဒီကလည်း မထွက်ခွာချင်ပါဘူး။ အခုဆို ကျွန်တော့်ကို ဥရောပအသင်းကြီး အတော်များများက စိတ်ဝင်စားနေတဲ့အပေါ်လည်း တကယ့်ကို ဂုဏ်ယူမိပါတယ်”ဟု ဘက်ကာက ပြောကြားခဲ့သည်။

ဘက်ကာက ယူရိုပါလိဂ်ဗိုလ်လုပွဲ ကစားပြီးနောက် စိတ်လှုပ်ရှားလွန်း၍ ငိုခဲ့မိကြောင်း၊ ဆီဗီလာ၏ ယူရိုပါလိဂ် စံချိန်သစ်တွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခွင့်ရခြင်းအတွက် အလွန် ဂုဏ်ယူမိကြောင်းလည်း ပြောခဲ့သည်။



# စပါးမှ ဟယ်ရီကိန်း မထွက်ခွာဟု ကတိပေး

တိုက်စစ်မှူးတစ်ဦးလိုအပ်နေတဲ့ မန်ယူက စပါးအတွက်သွင်းဂိုး ၃၂ ဂိုး သွင်းယူပေးထားနိုင်တဲ့ ဟယ်ရီကိန်းကို ဒီနွေရာသီ အပြောင်းအရွှေ့မှာ အဓိက ပစ်မှတ်ထားနေပြီး စပါးတာဝန်ရှိသူတွေကလည်း အင်္ဂလန်တိုက်စစ်မှူး စပါးမှ မထွက်ခွာရေးအတွက် စီစဉ်ဆောင်ရွက်ပြီးဖြစ်တယ်လို့ပရိသတ်များကို ကတိပေးပြောကြားခဲ့ပါတယ်။ ဗန်ဟားလ်က ဟယ်ရီကိန်းကို နွေရာသီအပြောင်းအရွှေ့ကာလမှာပဲ အိုးထရက်ဖို့ဒ်ကို အရောက်ခေါ်ယူနိုင်မယ်လို့ ယုံကြည်နေပေမယ့် စပါး ဥက္ကဋ္ဌလီဗိုင်းနဲ့ နည်းပြပိုချက်တီနိုတို့ကတော့ အဆိုပါ တိုက်စစ်မှူး အနေနဲ့ ဘယ်အသင်းကိုမှ ပြောင်းရွှေ့မှာ မဟုတ်ဘူးလို့ အခိုင်အမာဆိုခဲ့ပါတယ်။

ဟယ်ရီကိန်းကတော့ ဒီနှစ်ဘောလုံးရာသီမှာ စပါးအတွက် ပြသခဲ့တဲ့ခြေစွမ်းကြောင့် အင်္ဂလန်လက်ရွေးစင် အသင်းအတွက်ပါ ရွေးချယ်ခံခဲ့ရပြီး ဗန်ဟားလ်က ကိန်းအတွက် ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းလောက် အသုံးပြုကာ ကမ်းလှမ်းသွားဖို့ အသင့်ရှိနေပါတယ်။

ရှိုင်ယန်ဟောင် စုစည်းသည်။




# အာဆင်နယ်အား တန်ပြန်တုံ့ပြန်ရန် ဝီရှိုင်းယားအား ဝင်းဂါးတိုက်တွန်း

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ကွင်းလယ်လူ ဝီရှိုင်းယားအနေဖြင့် ဒဏ်ရာပြဿနာများ ကြုံတွေ့နေခဲ့စဉ်အတွင်း အာဆင်နယ်၏ စိတ်ရှည်သည်းခံခဲ့မှုများကို ကြည့်ခြင်းအားဖြင့် ၎င်းကိုအာဆင်နယ်က မည်မျှအလိုရှိခဲ့သည်ကို သိရှိနိုင်ကြောင်း၊ ထို့အတွက်ကြောင့် ကစားသမားကိုယ်တိုင် အသင်းအပေါ် တန်ပြန်တုံ့ပြန်ရမည်ဟု သတိပေးစကား ဆိုခဲ့သည်။ ဝီရှိုင်းယားက အာဆင်နယ်မှ ၎င်းအား ရောင်းချမည်ကို ပူပန်နေပြီး ယခုနှစ်နွေတွင် စာချုပ်သစ်ထပ်မံသက်တမ်းတိုးမြှင့်မှုတွင် ဝီရှိုင်းယား မပါဝင်ခြင်းမှာ အသင်းနှင့်ချုပ်ဆိုထားသော စာချုပ်သက်တမ်းသုံးနှစ် ကျန်ရှိနေသေး၍ ဖြစ်ကြောင်းလည်း ဝင်းဂါးက တစ်ဆက်တစ်စပ်တည်းပင် ပြောကြားခဲ့သည်။

မန်စီးတီးက လီဗာပူးသို့ ပြောင်းရွှေ့ကစားမည့် ဂျိမ်းစ်မီနာ နေရာ၌ အစားထိုးရန် ဝီရှိုင်းယားအား အလိုရှိနေသည်။

ဝင်းဂါးက “ကျွန်တော်သူ့ကို (၁၇)နှစ် အရွယ်ကတည်းက ပျိုးထောင်လာခဲ့တာပါဗျာ။ သူ့ကို အသင်းမှာပဲ အမြဲရှိနေစေချင်သလို စာချုပ်သက်တမ်းလည်း ထပ်မံတိုးမြှင့်ဖို့ရှိနေပါတယ်။ သူ့အပေါ် ကျွန်တော်တို့ ဘယ်လောက်အလိုရှိသလဲဆိုတာကို သူဒဏ်ရာရနေတုန်းက ပြုခဲ့တဲ့အသင်းရဲ့ ဆက်ဆံမှုအပေါ်ကြည့်ရင်သိမှာပါ”ဟု ပြောခဲ့သည်။

ဝီရှိုင်းယားမှာ လက်ရှိအာဆင်နယ် ကွင်းလယ်ကစားသမားများဖြစ်သော အိုဇေးလ်၊ ဖလာမီနီ၊ ကာဇိုလာတို့ ခြေစွမ်းပြနေသောကြောင့် ဒဏ်ရာပြဿနာများ ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း အင်္ဂလန်အသင်း ကစားဖော် ဝဲလ်ကော့နှင့်အတူ အသင်း၏ ပထမဦးစားပေး ကစားသမားစာရင်းတွင် ပါဝင်ခွင့် ပျောက်ဆုံးနေသော ကစားသမားလည်း ဖြစ်သည်။ အာဆင်နယ်၏ ဝက်ဘရွန်းနှင့် ပရီမီယာလိဂ် ရာသီပိတ်ပွဲစဉ်တွင် ဝီရှိုင်းယားနှင့် ဝဲလ်ကော့တို့ နှစ်ဦးစလုံး ဂိုးသွင်းယူကာ ခြေစွမ်းပြခဲ့ကြသည်။

## t m;upm;owi;  twt xmrsm;

- အန်စလော့တီ၏ ရီးယဲနည်းပြ သက်တမ်းနှစ်နှစ်အတွင်း စွမ်းဆောင်ပေးနိုင်ခဲ့မှုမှာ အံ့ဩဖွယ်ကောင်းလောက်အောင် ပြည့်စုံခဲ့သည်ဟု ရီးယဲလ်အသင်း ခေါင်းဆောင်ဟောင်း ရာအူးလ်က ချီးကျူးခဲ့သည်။
- အာဆင်နယ်အသင်း၏ လက်ရှိလူအင်အားစာရင်းမှာ ဆယ်စုနှစ်အတွင်း အတော်ဆုံး အတင်းဆုံးပင်ဖြစ်သည်ဟု ဝဲလ်ကော့က ဆိုခဲ့သည်။
- အမေရိကန်တရားရေးဌာနက ဖီဖာအရာရှိခုနစ်ဦးကို ဖမ်းဆီးခဲ့ပြီး နောက်နှစ်ရက်အကြာ ကျင်းပသော ရွေးကောက်ပွဲတွင် ဆပ်ဘလတ္တာကပင် ဖီဖာဥက္ကဋ္ဌအဖြစ် ပဉ္စမမြောက်သက်တမ်းအတွက် ထပ်မံရွေးချယ်ခံခဲ့ရသည်။
- အေစီမီလန်ဥက္ကဋ္ဌ ဘာလူစကိုနီက အန်စလော့တီကိုသာ မီလန်၏ အနာဂတ်နည်းပြအဖြစ် မြင်တွေ့လိုကြောင်း ဆိုခဲ့သည်။
- ချယ်လ်ဆီးအသင်းသည် အသင်းမှ တိုက်စစ်မှူး ကွာဒရာဒိုနှင့် အော်စကာတို့အား ထွက်ခွာခွင့်ပေးပြီး မန်ယူ၏ အငြင်းပယ်တိုက်စစ်မှူး ဖယ်လ်ကာအိုအား အစားထိုးခေါ်ယူရန် စီစဉ်သည်။
- မန်ယူက အလိုရှိနေသော နောက်ခံလူစာရင်းတွင် ဗန်ဒါဝီ၊ အဲဗက်စ်၊ ဒန်တီ၊ ဟမ်းမဲလ်နှင့် အော်တာမန်ဒီတို့ပါဝင်နေသည်ဟု ဒေးလီးစတားက ဖော်ပြသည်။
- ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် အမျိုးသမီးပြိုင်ပွဲ၌ လက်ရှိချန်ပီယံ မာရီယာရှာရာပိုဗာနှင့် အမျိုးသားပြိုင်ပွဲတွင် ဦးစားပေးအဆင့်(၂)သတ်မှတ်ခံရသူ ဖယ်ဒဲရာ တို့နှစ်ဦးလုံး စတုတ္ထအဆင့်ပွဲစဉ်များသို့ အသီးသီး တက်ရောက်သွားနိုင်ခဲ့ပြီဖြစ်သည်။

# လက်ရှိတိုက်စစ်မှာ ဘာစီလိုနာထာဝရအကောင်းဆုံး တိုက်စစ်အတွဲဟု အင်နီယေစတာချီးကျူး

အင်နီယေစတာက သူ၏ဘာစီလိုနာ ကစားသမားသက်တမ်းတစ်လျှောက် တိုက်စစ်အတွဲမြောက်မြားစွာဖြင့်ကစားခဲ့ရသော်လည်း လက်ရှိမက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့တိုက်စစ်အတွဲမှာ ထာဝရအကောင်းဆုံး တိုက်စစ်အတွဲဟု ချီးကျူးခဲ့သည်။ ထို့ပြင်အင်နီယေစတာက ဆွာရက်ဇ်၏ နောက်ချန်တိုက်စစ်မှူးအဖြစ် ကစားပေးမှုမှာ ဘာကာတိုက်စစ်ကိုပိုပြီး အသက်ဝင်လာစေခဲ့သည်ဟုလည်း ဆိုခဲ့သည်။

အင်နီယေစတာက “ကမ္ဘာပေါ်မှာရှိတဲ့အထူးချွန်ဆုံး တိုက်စစ်မှူးတွေနဲ့အတူ လက်တွဲကစားခွင့်ရတာဟာ ကျွန်တော့်အတွက်တကယ့်ကိုကံကောင်းခဲ့တာပေါ့ဗျာ။ လက်ရှိဘာကာသုံးယောက်တွဲတိုက်စစ်က ဘယ်အသင်းရဲ့ တိုက်စစ်ထက်မဆိုပိုပြီး ကောင်းမွန်တယ်ဆိုတာအားလုံးအမြင်ပဲလေ။ သူတို့သုံးဦးစလုံးဟာ အသက်အရွယ်အရလည်း ငယ်ရွယ်သူတွေဖြစ်နေတဲ့အတွက်အနာဂတ်မှာခြေစွမ်းပိုမိုတိုးတက်လာဦးမှာပါ။ ကျွန်တော်အီတူး၊ အွန်နရီတို့လိုပြောင်မြောက်တဲ့ ခြေစွမ်းပိုင်ရှင်တိုက်စစ်မှူးတွေနဲ့လည်း အတူတကွကစားခဲ့ဖူးပေမယ့် ဒီသုံးယောက်တွဲတိုက်စစ်ကတော့ ဖြစ်တောင့်ဖြစ်ခဲရရှိလာတဲ့ မတူညီတဲ့တိုက်စစ်အတွဲပါ။ ဆွာရက်ဇ်ဆိုရင် ဒီနှစ်မှဘာကာကိုရောက်ရှိလာပေမယ့်သူ့ခြေစွမ်းက လုံးဝပြီးပြည့်စုံနေခဲ့တယ်”ဟု ချီးကျူးစကားပြောကြားခဲ့သည်။

# ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား


**နေပြည်တော် မေ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပိုတက်ကျေးရွာအနီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၂၂၇/၅) နှင့် (၂၂၇/၆) ကြားတွင် ယနေ့နံနက် ၆ နာရီခွဲက ယာဉ်တိမ်းမှောက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။**(ယာပုံ)**



ဖြစ်စဉ်မှာ နေပြည်တော်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးကျော်ဝင်း အသက်(၆၁)နှစ် မောင်းနှင်လာသော 8D/ ----- လိုက်ထရပ် အဖြူရောင်ယာဉ်မှာ ဝဲဘက်နောက်ဘီးကျွတ်ထွက်ပြီး တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်တွင်ပါရှိသူ ၂၁ ဦးအနက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာတွင် နေထိုင်သူ ဒေါ်စန်းပို(၅၀)နှစ်မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ဒဏ်ရာရရှိသူ လူနာ ၁၄ ဦးအား ဘုရားတောင် အမြန်လမ်းမကြီး ရဲစခန်းမှ ရဲအုပ်စိန်ဝင်းနှင့်အဖွဲ့က နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**




# သရက်မြို့နယ် ငလိုင်ခြံကျေးရွာအနီး ငါးခူအိုင်ရေနံမော်အတွင်း မီးလောင်မှုဖြစ်ပွား

**သရက် မေ ၃၀**

သရက်မြို့နယ် ငလိုင်ခြံကျေးရွာအနီးရှိ ငါးခူအိုင်ရေနံမော်အတွင်း စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ယာမြေအတွင်း တရားမဝင် ရေနံတူးဖော်နေသော ရေနံတွင်းမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ရေနံခပ်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး လူတစ်ဦးဒဏ်ရာရရှိခဲ့သည်။



ဖြစ်စဉ်မှာ မေ ၂၉ ရက် နံနက် ၁၀ နာရီက ကျော်သူရ (၃၃)နှစ်၏ ယာမြေအတွင်း ဦးကံသွယ် (၃၉)နှစ် ဝယ်ထောင်ကျေးရွာ မြိုင်မြို့နယ်နေသူသည် တူးယူပြီး ရေနံတွင်းမှ ရေနံခပ်ယူနေစဉ် ခပ်ခွက်နှင့် ရေနံတွင်း ကာပိုက်ပွတ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလပ်အိုးအင်ဂျင်စက် နှစ်စုံနှင့် ရေနံခပ်ပစ္စည်းများ၊ ခပ်ယူပြီး ရေနံစိမ်းလေးပီပါတို့ မီးလောင်ဆုံးရှုံးခဲ့ရပြီး ရေနံခပ်ယူသူ တွင်းပိုင်ရှင် ဦးကံသွယ်(၃၉)နှစ်မှာ ဘယ်ဘက်ဒူးအောက် မီးလောင်ဒဏ်ရာနှင့် ဘယ်လက်တို့၌ မီးလောင်ဒဏ်ရာများရရှိသဖြင့် သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးကံသွယ် နှင့် ကျော်သူရ ပိတောက်ပင်ကျေးရွာတို့အား သရက်ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**အောင်ကြီး(သရက်)**

# ကံပြား-နေပြည်တော်လမ်းတွင် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးလုယူထွက်ပြေးမှုဖြစ်ပွား

**မကွေး မေ ၃၀**

မကွေးမြို့နယ် ကံပြားကျေးရွာအနီး ကံပြား-နေပြည်တော်လမ်းတွင် ဆိုင်ကယ်ပေါ်မှအမျိုးသမီးတစ်ဦး ဝတ်ထားသော ရွှေဆွဲကြိုးအား ထိုဆိုင်ကယ်နောက်မှ ကျော်တက်မောင်းနှင်သွားသည့် ဆိုင်ကယ်ပေါ်မှ အမျိုးသားတစ်ဦးက ဆွဲဖြတ်လုယူထွက်ပြေးမှု မေ ၂၉ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက မဇင်မာမြင့် အသက်(၂၆)နှစ် ရန်အောင်(၁၂)လမ်း မကွေးမြို့နေသူသည် မင်္ဂလာဆောင်သွားရောက်ရန်အတွက် ကိုဝင်း ဘုရားပြို(မ)ရွာနေသူမောင်းနှင်သော ၁၀ယ/--- YINBO 110 ဆိုင်ကယ်နောက်မှလိုက်ပါလာခဲ့စဉ် ကံပြား-နေပြည်တော်လမ်း ကံပြားမောင်းတံဂိတ်အကျော်တွင် နောက်မှလိုက်ပါလာသော အနက်ရောင်ဆိုင်ကယ်ပေါ်မှ အမျိုးသားက မဇင်မာမြင့်လည်ပင်းတွင် ဆွဲထားသော ပုလဲဆွဲသီးပါ ဘားတိုက်ပုံဆွဲကြိုး(အလေးချိန် ၁၅ ပဲ)အား ဆွဲယူ၍ နေပြည်တော်လမ်းအတိုင်းထွက်ပြေးမောင်းနှင်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ မဇင်မာမြင့်က တိုင်ကြားခဲ့သောကြောင့် မကွေးမြို့နယ် မကွေးနယ်မြေ ရဲစခန်းမှ အမှုဖွင့်ထားပြီး ဆွဲကြိုးလုယူထွက်ပြေးသူအား အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။ **(ကျော်ဇေယျ)**

## လျှပ်စစ်ဓာတ်ကြိုးလျော့ကျနေ၍ လက်ဖြင့်ဆွဲတင်းစဉ် ဓာတ်လိုက်သေဆုံး

**နေပြည်တော် မေ ၃၀**

မကွေးမြို့နယ် မကွေးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မေ ၂၈ ရက် ညနေ ၆ နာရီက မကွေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဓာတ်လိုက်၍ သေဆုံးသောလူနာတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မကွေးမြို့နယ် ကန်သာလေးကျေးရွာနေ ချစ်မင်းသူ(ခ) ချမ်းငြိမ်း အသက်(၁၉)နှစ် ဖြစ်ပြီး ညနေပိုင်းက မကွေးမြို့ ဆေးရုံကြီး အနောက်ဘက်ရှိ အိအိထမင်းဆိုင်၏ ရှေ့မျက်နှာစာအဖီကို သွပ်မိုးနေစဉ် လျှပ်စစ်ကြိုးမှာ လျော့ကျနေသဖြင့် ဆွဲတင်းရာ ပေါက်နေသောနေရာအား လက်ဖြင့် ဆုပ်ကိုင်မိ၍ ဓာတ်လိုက်သေဆုံးခဲ့သဖြင့် မကွေးမြို့မရဲစခန်းက အမှုဖွင့်ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

**စိတ်ဓါတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကို ရှောင်ပါမငြိမ်း**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျိုင်းတုံ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး (၂) စီမံချက်အားဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က မူးယစ်တပ်ဖွဲ့စု (၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှောင်လမ်း ဟိုခိုက်ကျေးရွာအနီးတွင် တာချီလိတ်ဘက်မှ ဝမ်လုံကျေးရွာဘက်သို့ စိုင်းလုံဝမ်းမောင်းနှင်ပြီး ဟော်ရှိန်လိုက်ပါလာသည့် ယာဉ်အမှတ် 4F/---- TOYOTA CAMRY မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၈၀၀ သိမ်းဆည်းရမိသဖြင့် စိုင်းလုံဝမ်း (၆၀) နှစ်နှင့် ဟော်ရှိန် (၅၃)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကလော**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်း သံလွင်စစ်ဆင်ရေးစီမံချက်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် တောင်ကြီးဘက်မှ ကလောဘက်သို့ တကီး မောင်းနှင်ပြီး ကိုချိုင်းနှင့် မဂျူးဂျူးတို့လိုက်ပါလာသည့် ယာဉ်အမှတ် YGN- 1 D/---- MARK II Blit မော်တော်ယာဉ်ကိုရှာဖွေရာ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ယင်းကျည် ၁၈ တောင့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၈၀ တို့ကို သိမ်းဆည်းရမိသဖြင့် တကီး (ခ) ခွန်ကြီး (၄၃)နှစ်၊ ကိုချိုင်း(၃၁)နှစ်နှင့် မဂျူးဂျူး (ခ) သက်သက် (၂၈) နှစ်တို့သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**လင်းခေး**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်း သံလွင်စစ်ဆင်ရေး စီမံချက်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လင်းခေးမြို့အဝင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုးနဲဘက်မှ လင်းခေးဘက်သို့ စိုင်းယွမ်းမောင်းနှင်ပြီး မနန်းမွေခမ်း လိုက်ပါလာသည့် ယာဉ်အမှတ် ၅ယ/----- Stream မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသဖြင့် စိုင်းယွမ်း(၃၂)နှစ်နှင့် နန်းမွေခမ်း(၂၇)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကွတ်ခိုင်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး (၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်း၊ ကွတ်ခိုင်မြို့အထွက် ကောင်းခါးလမ်းခွဲအနီး လမ်းမပေါ်တွင် ကောင်းခါးဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ ကျုံးတာဝူးမောင်းနှင်ပြီး ကျန်ရင်းဆော့လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၄ ပြား သိမ်းဆည်းရမိသဖြင့် ကျုံးတာ ဝူး(၂၅)နှစ်နှင့် ကျန်ရင်းဆော့ (၂၄)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**တကီး(ခ)ခွန်ကြီး၊ ကိုချိုင်းနှင့် မဂျူးဂျူး(ခ)သက်သက်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

ဒေါက်တာ အောင်ထွဏ်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ် မေ ၃၁ရက်အားကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ "World No Tobacco Day" အဖြစ်သတ်မှတ်၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် လုပ်ငန်းစဉ်များအား ကျင်းပဆောင်ရွက်ခဲ့ပါသည်။ ယခု ၂၀၁၅ ခုနှစ်တွင်လည်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်အဖြစ် "ဆေးလိပ်တရားမဝင်ကုန်သွယ်မှု ရပ်တန့်ဖို့ အလေးထားဆောင်ရွက်စို့ (Stop Illic Trade of Tobacco Produc ts)"ဟုသတ်မှတ်၍ ဆေးလိပ်ကုမ္ပဏီကြီးများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးတရားမဝင်ကုန်သွယ်မှု နည်းလမ်းမျိုးစုံအား ရပ်တန့်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်ထားပါသည်။

**လက်ရှိ ကမ္ဘာ့ဆေးလိပ်သောက်သုံးမှု အခြေအနေ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယခုအခါ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော်ရှိပါသည်။ ၎င်းသန်းတစ်ထောင်အနက် အများစုသည် အာရှတိုက်မှ ဖြစ်ကြပါသည်။ ဖွံ့ဖြိုးပြီးတိုင်းပြည်များသည် ဆေးလိပ်၊ ဆေးရွက်ကြီး၏ အန္တရာယ်ကို သိမြင်လာကြသည့်အလျောက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှုန်းများကျဆင်းလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲ တိုင်းပြည်များတွင် ဆေးလိပ်သောက်သုံးသူဦးရေ တိုးတက်များပြားလျက်ရှိကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များတွင်သိသာစွာ တိုးတက်များပြားလာသည်ကို တွေ့ရှိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၄ ခုနှစ် ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားသည့် ရောဂါများဖြင့် သေဆုံးလျက်ရှိကြပြီး ၎င်းတို့ အထဲမှ ခြောက်သိန်းကျော်သည် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကြောင့် သေဆုံးရခြင်းဖြစ်သည်။ သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်တွင် ဆေးလိပ်၊ဆေးရွက်ကြီး သုံးစွဲမှုကြောင့် လူရှစ်သန်းကျော် သေဆုံးမည်ဟု ခန့်မှန်းရပြီး ၎င်းတို့အနက် မှ ၈၀ ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင် သူများဖြစ်သည်။

၂၀ ရာစုတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုသည် လူပေါင်း သန်း ၁၀၀ ကို အသက်ဆုံးရှုံးစေခဲ့ပြီး ၂၁ ရာစုတွင် လူပေါင်း သန်းတစ်ထောင်ကို အသက်ဆုံးရှုံးစေမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ ဆေးလိပ်သောက်သုံးမှု အခြေအနေ**

မြန်မာနိုင်ငံတွင် ကျောင်းသားလူငယ်များ၏ ဆေးလိပ်သောက်သုံးမှုအခြေအနေကို သိရှိနိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း၍ အသက် (၁၃) နှစ်မှ (၁၅)နှစ်အတွင်းကျောင်းသားလူငယ်များအတွင်း သုတေသနစစ်တမ်း (Global Youth Tobacco Survey-GYTS) အား (၂၀၀၁၊ ၂၀၀၄၊ ၂၀၀၇၊ ၂၀၁၁) ခုနှစ်များတွင် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။

အထက်ပါသုတေသနတွေ့ရှိချက်များအရ မြန်မာကျောင်းသားလူငယ်များအတွင်း စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ ခုနှစ် စစ်တမ်း (GYTS2001) အရ ရှစ်တန်း၊ ကိုးတန်း၊ ၁၀တန်း ကျောင်းသားကျောင်းသူများ၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ် စစ်တမ်းအရ ၄ ဒသမ ၉ ရာခိုင်နှုန်း သို့ကျဆင်းလာသော်လည်း ၂၀၁၁ ခုနှစ်စစ်တမ်းတွင်မူ ၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာသည်ကိုတွေ့ ရှိရသည်။

သို့သော် ထူးခြားချက်တစ်ခုအနေဖြင့် ကျောင်းသား လူငယ်များအတွင်း ကွမ်းစားခြင်းကဲ့သို့ အခြားဆေးရွက်ကြီးထွက်ပစ္စည်း အသုံးပြုမှုမှာ ၂၀၀၁ ခုနှစ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၀၁၁ခုနှစ်တွင် ၁၇ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်များပြားလာခြင်းဖြစ်ပါသည်။

အခြားတွေ့ရှိချက်များမှာ ၇ ဒသမ ၅ ရာခိုင်နှုန်းသည်ကွမ်းယာထဲတွင် ဆေးရွက်ကြီးကို ထည့်သွင်းစားသုံးကြသည်။ (ယောကျ်ားလေး ၁၁ ဒသမ ၉ ရာခိုင်နှုန်း၊ မိန်းကလေး ၃ ရာခိုင်နှုန်း)။ လုံးဝဆေးလိပ်/ ဆေးရွက်ကြီးထွက်ပစ္စည်းမသုံးစွဲဖူးသေးသူများ၏ ၁၄ ဒသမ ၇ ရာခိုင်နှုန်းမှာ နောင်လာမည့် နှစ်တွင်ဆေးလိပ်/ ဆေးရွက်ကြီးထွက်ပစ္စည်းများကို စတင်သုံးစွဲကြမည့် အလားအလာရှိသည်။

**ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်**

ဆေးလိပ်၏ အခိုးအငွေ့များတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ ကျော် ပါဝင်သည်။ ၎င်းအထဲတွင် လူများကို အန္တရာယ်ဖြစ်စေနိုင်သော (ကတ္တရာ၊ နီကိုတင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယား)ဓာတ်များစွာ ပါဝင်ပါသည်။ အဓိကပါဝင်သောပစ္စည်းမှာ နီကိုတင်းဖြစ်ပြီး လူကို အလွန်စွဲလမ်းစေသော အရာဖြစ်သည်။ ဆေးပေ့ါလိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ်သောက်သုံးကြည့်ရာမှ နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့်တဖြည်းဖြည်းပို၍ စွဲလမ်းလာပြီး မသောက်ရမနေနိုင်အောင်ဖြစ်လာကြသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသည် သုံးစွဲသူတို့၏ ကိုယ်တွင်းရှိ အင်္ဂါအားလုံးလောက်နီးပါးကို ထိခိုက်စေသည်။ အဆုတ်ကင်ဆာ၊ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာများအပြင် အစာမျိုပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်ကရိယ၊ အသည်း၊ သားအိမ်ခေါင်း၊ အစာအိမ်၊ အူမကြီး၊ စအိုလမ်းကြောင်းကင်ဆာများကိုလည်း ဖြစ်စေနိုင်သကဲ့သို့ သွေးကင်ဆာများလည်း ဖြစ်စေနိုင်ပေသည်။

ဆေးလိပ်သောက်သုံးခြင်းကြောင့် အဆုတ်ပွခြင်း၊ နာတာရှည်လေပြွန်ရောင်ရမ်းခြင်းစသော အဆုတ်နှင့်ပတ်သက်သည့် ရောဂါများပိုမိုဖြစ်ပွားစေနိုင်သည်။ ဆေးလိပ်သောက်သုံးသူနှင့်သူ၏ ပတ်ဝန်းကျင်တွင်လည်း ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် လသားကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း၊ လူကြီးများတွင် နှလုံးရောဂါနှင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်းတို့ဖြစ်ပွားစေသည်။

ဆေးလိပ်သောက်သုံးခြင်းသည် ခန္ဓာကိုယ်၊ လက်၊ ခြေများရှိ သွေးကြောများကျဉ်းသည့်ရောဂါကို ဖြစ်စေသော အဓိကအကြောင်းအရာဖြစ်ပြီး ယင်းရောဂါကြောင့် လက်နှင့် ခြေထောက်ရှိ ကြွက်သားများသို့သွေးပေးပို့သော သွေးလွှတ်ကြောများ ကျဉ်းမြောင်းသွားလေသည်။

အသက် (၃၅) နှစ်ကျော် အမျိုးသမီးများတွင် ဆေးလိပ်သောက်သူများနှင့် ပဋိသန္ဓေတားဆေးစားသုံးသူများသည် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေထောက်သွေးကြောတွင်သွေးခဲသောရောဂါများဖြစ်နိုင်သည်။ ကိုယ်ဝန်ပျက်ခြင်း၊ ပေါင်ချိန်မပြည့်သော ကလေးမွေးဖွားခြင်းတို့လည်း ဖြစ်တတ်သည်။

ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးသည် ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင် ကျန်းမာရေးတို့ကိုပါ ထိခိုက်ပျက်စီးစေတတ်ပါသည်။

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ဆေးလိပ်ကုမ္ပဏီကြီးများ ဆေးလိပ်နှင့်ဆေးရွက်ကြီး တရားမဝင်ကုန်သွယ်မှုကို ဟန့်တားရန် လမ်းညွှန်ချက်များ**

ကမ္ဘာပေါ်တွင် နှစ်စဉ်နှစ်တိုင်း စီးကရက် ခြောက်ကုဋေနီးပါးထုတ်လုပ်လျက်ရှိပြီး အကြမ်းအားဖြင့် လွန်ခဲ့သော ဆယ်စုနှစ်ကထက် ၁၃ ရာခိုင်နှုန်း ပိုများပါသည်။ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း စီးကရက်များကို နိုင်ငံအများစုက ထုတ်လုပ်ပြီး ငါးစက္ကန့်တိုင်းတွင် စီးကရက်တစ်သန်း ထုတ်လုပ်လျက်ရှိပါသည်။

ယခင်က ကုမ္ပဏီများသည် စီးကရက်ဈေးကွက်ပိုင်ဆိုင်မှုကိုသာ အာရုံစိုက်သော်လည်း ယခုအခါ ဆေးရွက်ကြီး ထုတ်ကုန်များနှင့်နည်းပညာများ၊ အငွေ့မထွက်သောဆေးရွက်ကြီးပစ္စည်းများ (ဥပမာ-Snus) ထုတ်လုပ်သောလုပ်ငန်းများကို ဝယ်ယူလာကြသည်။ ၂၀၁၁ ခုနှစ်တွင် Phlip Morris International သည် nicotine-infused aerosol ထုတ်လုပ်သော နည်းပညာမူပိုင်ခွင့်ကိုလည်းကောင်း British American Tobacco ကုမ္ပဏီသည် Nicorentures စီးကရက် သောက်ခြင်းနှင့် အရသာတူသော nicotine အစားထိုးထုတ်ကုန်တစ်ခုကိုလည်း ဦးတည်လာသည်။

ကမ္ဘာပေါ်တွင် ဆေးရွက်ကြီးထုတ်ကုန်များမှ ရသောခန့်မှန်းအခွန်အခများသည် တစ်နေရာနှင့်တစ်နေရာကွာခြားသော်လည်း တစ်နှစ်လျှင် ဒေါ်လာငါးသန်းခန့်ရှိသည်။ ဆေးရွက်ကြီးသည် နိုင်ငံများ၏ အစိုးရနှင့် ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးဖြစ်စေသော်လည်း နိုင်ငံပိုင်စက်ရုံများကြောင့်ဆေးရွက်ကြီးအခွန်အခနှင့် အမြတ်များကို ရရှိသောကြောင့် နိုင်ငံတော်အခွန်၏ အဓိကအရင်းအမြစ်ဖြစ်လာပါသည်။

သို့ဖြစ်၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (WHO FCTC) အခန်း (၅ ဒသမ ၃) တွင် ကမ္ဘာ့နိုင်ငံများသည် ဆေးလိပ်ကုမ္ပဏီကြီးများ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီး တရားမဝင်ကုန် သွယ်မှု အပါအဝင် ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူ့ကျန်းမာရေးမူဝါဒများအား ဟန့်တားနှောင့်ယှက်ခြင်းကို ကာကွယ်ရန် ပြဋ္ဌာန်းထားပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ဆေးရွက်ကြီးထုတ်လုပ်သူများနှင့်ဆေးလိပ်ကုမ္ပဏီများ၏လှုပ်ရှားမှုကို တုံ့ပြန်နိုင်ရန်အတွက်နည်းဗျူဟာများကို ချမှတ်ထားပြီး ပထမဦးစားပေးအနေဖြင့် အောက်ဖော်ပြပါဆေးရွက်ကြီးထုတ်လုပ်မှုများနှင့်ဆေးလိပ်ကုမ္ပဏီများ၏လှုပ်ရှားမှုများကိုသိရှိကာကွယ်ကြရန် လမ်းညွှန်ထားပါသည်။

- မိမိတို့ဒေသရှိ ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာခြင်း
- ပြည်သူလူထုပါဝင်လာစေရန် အသိပေးခြင်းနှင့် သက်သေသာဓကများကို စုဆောင်းအသုံးပြုခြင်း
- ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှု၏ အမှန်တရားများကို အမာခံဆန့်ကျင်သူများသုံး၍ ပြောပြစေခြင်း
- နိုင်ငံတကာအတွေ့အကြုံများမှသင်ခန်းစာများကို ထည့်သွင်းအသုံးပြုခြင်း
- ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ လှုပ်ရှားမှုများ၊ ငြင်းဆိုမှုများ၊ ယုံတမ်းစကားများကို ဖော်ပြခြင်း
- ဆေးလိပ်နှင့် ဆေးရွက်ကြီးဆန့်ကျင်မှုအဖွဲ့များကို စနစ်တကျ ဖွဲ့စည်းခြင်း
- ဆေးလိပ်နှင့်ဆေးရွက်ကြီး ဆန့်ကျင်မှု နည်းလမ်းများကို သိရှိစေရန် ဆက်သွယ်ဆောင်ရွက်ခြင်းနှင့်ဥပဒေကို လိုက်နာရန် တင်းကျပ်ခြင်း
- ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏တရားမဝင်ကုန်သွယ်မှု လှုပ်ရှားမှုများကိုသိသာအောင် ဆောင်ရွက်ခြင်း၊ ထိန်းချုပ်ခြင်း

**မြန်မာနိုင်ငံ၏ဆေးလိပ်နှင့်ဆေးရွက်ကြီး တိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်များ**

ဆေးလိပ်နှင့်ဆေးရွက်ကြီး ကင်းဝေးရေးလုပ်ငန်းစီမံချက်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ ကပ်ရောဂါအသွင် ကမ္ဘာ့ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအစီရင်ခံစာ၏ လမ်းညွှန်ချက်များအတိုင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုကို လျော့နည်းစေရန် (MPOWER) မူဝါဒခြောက်ချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

**(ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းကို ပိတ်ပင်တား မြစ်ခြင်း)**

အမျိုးသားဥပဒေသည် ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်း တီဗွီ၊ ရေဒီယို၊ မဂ္ဂဇင်း၊ သတင်းစာ၊ ရောင်းချသည့်နေရာ၊ ကြော်ငြာဆိုင်းဘုတ်များ၊ ပြင်ပတွင် ကြော်ငြာခြင်း၊ အင်တာနက်တွင် ကြော်ငြာခြင်းအားလုံးကို လုံးဝ ပိတ်ပင်တားမြစ်ခြင်းနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများနှင့် အမှတ်တံဆိပ်များဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို အင်တာနက်သို့မဟုတ် အခြားနည်းလမ်းများဖြင့် အရောင်းမြှင့်တင်ခြင်း၊ ဈေးလျှော့ပေးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း မဟုတ်သော ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အမှတ်တံဆိပ်နှင့် ထပ်တူဖြစ်အောင်လုပ်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ရုပ်မြင်သံကြားနှင့် ရုပ်ရှင်များတွင် အသုံးပြုခြင်းတို့ကို လုံးဝ ပိတ်ပင်တားမြစ်ပါသည်။

ထို့အပြင် ဥပဒေတွင် ဆေးရွက်ကြီးလုပ်ငန်းရှင်များနှင့် ဆေးလိပ်ကုမ္ပဏီများလိုက်နာရမည့်အချက်များကို အသေးစိတ် ဖော်ပြထားရာ မည်သူမဆို အထက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀အထိ လည်းကောင်း၊ ဒုတိယအကြိမ်နှင့် အထက်ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့် အပြင်ငွေဒဏ် အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိလည်းကောင်း ချမှတ်ခံရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံသားအားလုံးသည်ဆေးရွက်ကြီးထုတ်လုပ်မှုများနှင့် ဆေးလိပ်ကုမ္ပဏီများ၏ တရားမဝင်ကုန်သွယ်မှု လှုပ်ရှားမှုများကို သတိထားကာ မြန်မာနိုင်ငံတွင် ဆေးလိပ်တရားမဝင်ကုန်သွယ်မှု ရပ်တန့်ရေးအတွက် တစ်တပ်တစ် အားပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

❑❑❑

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၁၊ မြေကွက်အမှတ်-၇၃၂/က၊ မြေကွက်တည်နေရာအမှတ်-၇၃၂/က၊ ဇောတိကလမ်း၊ (၁၆/၁)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဒေါ်ခင်ဝင်း[၁၂/သဃက(နိုင်)၀၁၀၉၀၂]အမည်ပေါက် နှစ်(၆၀)မြေအား အမည်ပေါက်(ဇနီး) ဒေါ်ခင်ဝင်း ကွယ်လွန်သဖြင့် ဦးခင်မောင်ဝင်း[၁၂/သဃက(နိုင်)၀၁၀၉၂၃]က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၇၆/ဘီ)ဟုခေါ်တွင်သော (၆)ခန်းတွဲ(၈)ထပ်မှ(၄)ထပ် (F)ဘက်ခြမ်း တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်**

အထက်ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးဖြစ်သူ ဦးလှဝင်း[၁၂/ပဘတ(နိုင်)၀၂၃၀၈၆]က ၂၀-၉-၂၀၁၁ ရက်တွင် ဦးကျော်မြင့်[၁၂/မဂတ(နိုင်)၀၄၉၂၄၂]ထံမှ တိုက်ခန်းတန်ဖိုးငွေ အပြီးအပြတ်ပေးချေပြီး ဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(စဉ်-၄၀၃၅)
**LL.B,D.B.L,DML,DIL,DLP,WIPO(Switzerland)**
ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)
**B.Sc,Hon(IC),HGP,R.L,D.B.L**
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**Tel:294866,HP:09-5017044, 09-73107094**

**မင်္ဂလာဆဲ့ခံပွဲကျေးဇူးတင်လွှာ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ရန်ကြီးအောင်လမ်း၊ ပန်းဝေသီခြံနေ
ဗိုလ်ကြီးထွန်းမောင်(ငြိမ်း)[အမှတ်(၁)အင်ဂျင်နီယာတပ်၊ (၉)မိုင်]-ဒေါ်ဆွေဆွေမုန်းတို့၏သားကြီး
**မောင်ဇော်နိုင်ထွန်း (B.A Eco)**
နှင့်
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း၊ အမှတ်(၁၉၀)နေ
(ဦးစိုးဝင်း)-ဒေါ်ရီရီလတ်တို့၏သမီးကြီး
**မဟန်နီစိုးဝင်း (B.A Business Management)**

တို့၏ ၂၆-၅-၂၀၁၅ရက် (အင်္ဂါနေ့)တွင် မင်းကွန်းတိပိဋကကျောင်းတော်၊ ရွှေရတုခန်းမ၌ ကျင်းပသော မင်္ဂလာဆဲ့ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့်ဇနီး ဒေါ်ခင်အုန်းမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ဝတ်ဆင်ပေးပါသော ဗိုလ်မှူးကြီးခင်မောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်မှတ်ရေးထိုးပေးပါသော ဦးလှကြည်(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်)တို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းမိတ်သင်္ဂဟအပေါင်းနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်ဇော်နိုင်ထွန်း-မဟန်နီစိုးဝင်း**

# စစ်တွေခရိုင်အတွင်း ပျက်စီးလယ်များအား မျိုးစပါးထောက်ပံ့

**စစ်တွေ မေ ၃၀**

စစ်တွေခရိုင်အတွင်း မြို့နယ်များ၏ ဆားငန်ရေဝင်ရောက်မှုကြောင့် ပျက်စီးလယ်ဧကနှင့် လုပ်ကွက်ငယ် တောင်သူများအား မျိုးစပါး ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးသာလူချေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ခရိုင်တွင်း မြို့နယ်များမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသာလူချေက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဝင်းက အရည်အသွေးပြည့်ဝသည့် ဆန်စပါးများ ထုတ်လုပ်နိုင်ရန်အတွက် စပါးမျိုးကောင်း၊ မျိုးသန့်များကို သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးကြစေရေးနှင့် မျိုးစပါးထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ တောင်သူလယ်သမားများအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက စစ်တွေမြို့နယ်မှ တောင်သူ ၃၈၉ ဦးအတွက် ဆင်းသွယ်လတ် ရေဆင်း(၃)၊ ပေါ်ဆန်း၊ ရွှေဝါထွန်း စပါးမျိုး ၁၂၄၅ တင်းကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးက ရသေ့တောင်မြို့နယ်မှ တောင်သူ ၈၉၆ ဦးအတွက် မျိုးစပါး ၂၁၂၃ တင်းကိုလည်းကောင်း၊ ပြည်နယ် ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူးက ပုဏ္ဏားကျွန်းမြို့နယ်မှ တောင်သူ ၈၉၈ ဦးအတွက် မျိုးစပါး ၂၅၈၉ တင်းကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးမှူးက ပေါက်တောမြို့နယ်မှ တောင်သူ ၁၁၃၀ ဦးအတွက် မျိုးစပါး ၄၂၂၁ တင်းကို မြို့နယ်အလိုက်တောင်သူ ကိုယ်စားလှယ်များထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း** (IPRD)

# မိုးစပါးစိုက်ပျိုးရေးအတွက် တောင်သူပညာပေးဆွေးနွေး

**ပေါင်းတည် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ၂၀၁၅ ခုနှစ် မိုးစပါး စိုက်ရာသီတွင် အထွက်နှုန်းကောင်းသည့် ပုလဲသွယ် GW-1 စပါးအား စိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို မေ ၂၈ ရက် ညနေ ၃ နာရီက ညောင်ပင်သာကျေးရွာရှိ စာသင်ကျောင်း၌ ကျင်းပရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းနှင့်နယ်မြေတာဝန်ခံ ဦးသိန်းအောင်တို့က တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ GW-1 စပ်မျိုးစပါး ကျယ်ပြန့်စွာစိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းပညာပေးဟောပြောခဲ့ပြီး ကျေးရွာအုပ်စု ၁၅ အုပ်စုအား ကွင်းဆင်းပညာပေးဆောင်ရွက်နေကြောင်း သိရသည်။

**တင်ဝင်းဓောင်(မင်းသားကြီး)**

# ဇမ္ဗူသီရိမြို့နယ်၌ မူးယစ်ဆေးဝါးအသိပညာပေးခြင်းအား မီဒီယာလုပ်ငန်းဖြင့် ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လူထုလှုပ်ရှားမှုလုပ်ငန်းများဖြစ်သော အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲပြသခြင်းများကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ဂုံမင်းအင်းကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ဒို့ကျေးရွာဂျာနယ်အစောင် ၆၀ ကျော်ကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူ့ဗဟိုပြုသောလူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လူထုလှုပ်ရှားမှုလုပ်ငန်းများကို ကျေးရွာနေပြည်သူ ၆၀ ကျော်တက်ရောက်အားပေးပြီး ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့်ဓာတ်ပုံမှတ်တမ်းများကို စိတ်ဝင်တစားကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**



# ကျောက်ပန်းတောင်းမြို့မတောင်ရပ်ကွက် စေတီကြီးဘုရားလမ်း ပြုပြင်ပေးစေလို

**ကျောက်ပန်းတောင်း မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့မတောင်ရပ်ကွက်အတွင်းရှိ မဟာစေတီကြီးဘုရားလမ်းမှာ ပျက်စီးလျက်ရှိနေ၍ ခရီးသွားပြည်သူများသွားလာမှု အခက်အခဲဖြစ်လျက်ရှိနေကြကြောင်း သိရသည်။

ယင်းလမ်းမှာ ရပ်ကွက်နေပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေဖြင့် လွန်ခဲ့သောရှစ်နှစ်ခန့်မှ ကိုယ်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပြီး လမ်းဖွင့်လှစ်ပြီးချိန်မှစ၍ တစ်ကြိမ်မျှ ပြန်လည်ပြုပြင်ခဲ့ခြင်းမရှိခဲ့ကြောင်းသိရသည်။

မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမကြီးအား အဆင့်မြှင့်ပြုပြင်လိုက်သဖြင့် မြို့တွင်းလမ်းမှာ ရေထွက်ပေါက်မရှိတော့ဘဲ ရေအိုင်များဖြစ်ပေါ်နေခြင်းတို့ကြောင့် လမ်းမှာ ပျက်စီးလျက်ရှိနေကြောင်းလည်းသိရသည်။

အဆိုပါလမ်းတွင် ဘုန်းတော်ကြီးကျောင်းများတည်ရှိခြင်း၊ ဈေး အဝင်၊ အထွက်လမ်းဖြစ်ခြင်း၊ နေ့စဉ်ဆွမ်းခံရဟန်းနှင့် သာမဏေများ၊ ဈေးသည်ဈေးဝယ်များနှင့် ပတ်ဝန်းကျင်နေရပ်ကွက်ပြည်သူများမှာ မိုးရွာပြီးတိုင်း ရက်ပေါင်းများစွာ တင်ကျန်ရစ်သည့် ရေဆိုး၊ ရေအိုင်များကြောင့် သွားလာမှုခက်ခဲသဖြင့် စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိနေကြပြီး သက်ဆိုင်ရာမှ အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် ဆန္ဒရှိနေကြကြောင်း ယင်းဒေသခံများက ပြောကြားသည်။

**ကိုကိုကြေး**

**Good Services Real Estateမှရောင်းမည်။**
**09-260996994, 260996995, 250434800,250435400**

| | | | |
|---|---|---|---|
| ၁။ ၁၂ရပ်ကွက် (တ/ဥ) | (40x60) | မြေ | 2500Ls |
| ၂။မြင်သာ (တ/ဥ) | (33x70) | 1BN | 3800Ls |
| ၃။ကျောက်ကုန်း | (50x40) | 2RC | 4500Ls |
| ၄။သုနန္ဒာလမ်းမ (မ/ဥ) | (80x60) | 1BN | 5500Ls |
| ၅။ကုန်းမြင့်ရိပ်သာ | (40x55) | မြေ | 6000Ls |
| ၆။ဧရာဝတီလမ်း(အလုံ) | (25x50) | မြေ | 6300Ls |
| ၇။အောက်မင်္ဂလာဒုံလမ်းမ(အင်းစိန်) | (30x215) | မြေ | 9000Ls |
| ၈။ရွှေနှင်းဆီလမ်းသွယ် | (40x100) | မြေ | 9000Ls |
| ၉။မြကန်သာအိမ်ရာ(လှိုင်) | (80x50) | 2RC | 9500Ls |
| ၁၀။ရွှေတောင်ကြား(၁) | (30x100) | မြေ | 12000Ls |
| ၁၁။အင်းယားမြိုင် | (55x70) | မြေ | 15000Ls |
| ၁၂။သုဝဏ္ဏ (I) | (40x70) | 3RC | 15000Ls |
| ၁၃။ပါရမီ (ရန်ကင်း) | (8300sqft) | 2BN | 16000Ls |
| ၁၄။ပြည်လမ်းသွယ်(၈မိုင်) | (95x100) | မြေ | 20500Ls |
| ၁၅။ပြည်လမ်းသွယ်(၇မိုင်) | (50x130) | မြေ | 22000Ls |

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊သထုံခရိုင်၊ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ကွင်း/ကွင်းအကွက်အမှတ် OSS-၁၉/ပျဉ်းကတိုးကုန်းအပြင်၊ ဦးပိုင်အမှတ်(N-၁၄၅)၊ဧရိယာ(၁၅. ၅၀)ဧက အကျယ်အဝန်းရှိ ဦးခင်လှိုင်[၁၀/ကထန (နိုင်)၁၃၉၁၂၄] အမည်ပေါက် ဥယျာဉ်ခြံမြေ အမျိုးအစားမြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သောင်းတင်[၁၀/ကထန(နိုင်)၀၁၆၆၇၀]မှ ၄-၃-၂၀၁၅ ရက်စွဲပါ "နှစ်ဦးသဘောတူဥယျာဉ်ခြံမြေ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူထားပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇင်သင်းအောင်(စဉ်-၃၀၇၁၁) LL.B,B.D.S,WIPO(Switzerland) အထက်တန်းရှေ့နေနှင့်ကုမ္ပဏီဥပဒေအကြံပေး

ဒေါ်ယမင်းလတ်(စဉ်-၈၅၆၄) LL.B,D.B.L,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ

အမှတ်(၉/၁၁)၊(၁၀၃/G)၊ (ပထမထပ်)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၂၅၄၀၀၆၄၄၅၊ ၀၉-၇၃၂၅၆၈၃၆၊ ၀၉-၅၁၈၁၂၁၀၊ ၀၉-၃၁၈၁၇၅၀၀

## မင်္ဂလာညှော့ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ရန်ကြီးအောင်လမ်း၊ ပန်းဝေသီခြံနေ
ဗိုလ်ကြီးထွန်းမောင်(ငြိမ်း)၊ အမှတ်(၁)အင်ဂျင်နီယာတပ်၊ (၉)မိုင်-ဒေါ်ဆွေဆွေမုန်းတို့၏သားလတ်
မောင်ဟိန်းဇာထွန်း [B.Tech (Civil)]
နှင့်
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ နေသူရိန်လမ်း၊ အိမ်အမှတ်(၃၆)နေ
ဦးမြင့်ဆွေ(အမှုဆောင်အင်ဂျင်နီယာ-ငြိမ်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း-ဒေါ်ခင်ဌေးဝင်း(လက်ထောက် အင်/ယာ၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရွှေညောင်မြို့)တို့၏သမီးငယ်
မယဉ်မွန်သွယ် [B.Tech (Civil)]

တို့၏ ၅-၂-၂၀၁၅(ကြာသပတေးနေ့)တွင် ပခုက္ကူမြို့ခေတ်ရှေ့ဆောင်မင်္ဂလာခန်းမ၌ကျင်းပသော ထိမ်းမြားမင်္ဂလာညှော့ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးဇော်ဝင်းအောင်(စာရင်းကိုင်အုပ်-ငြိမ်း)-ဒေါ်ငြိမ်းငြိမ်း(အင်ဂျင်နီယာမှူး-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ဝတ်ဆင်ပေးပါသော ဦးစောဝင်းနိုင်(ဒု-အင်ဂျင်နီယာချုပ်(လမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်ပြုံးရီ၊ မင်္ဂလာလက်မှတ်ရေးထိုးပေးပါသော ဦးခင်မောင်ဝင်း(ဥ/၂၂၂၂)ခရိုင်ဥပဒေအရာရှိ၊ ပခုက္ကူခရိုင်ဥပဒေရုံးတို့အားလည်းကောင်း၊ ၂၂-၂-၂၀၁၅(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ IBC ခန်းမ၌ကျင်းပသော မင်္ဂလာညှော့ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးထွန်းအောင်ကျော်[ဒု-အင်ဂျင်နီယာချုပ်-ငြိမ်း(အဆောက်အအုံ)]-ဒေါ်သိဂီမြင့်၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ဝတ်ဆင်ပေးပါသော ဒု-ဗိုလ်မှူးကြီးမောင်မောင်-ဒေါ်ခင်အုန်းမြင့်တို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်း မိတ်သင်္ဂဟအပေါင်းနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဟိန်းဇာထွန်း-မယဉ်မွန်သွယ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ခရမ်းပြာလမ်း၊အမှတ်၁၁၁၂/ခ၊ ပေ(၂၀×၆၀)၊ ဧရိယာ အကျယ်ပမာဏရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထွန်း ထွန်းအောင်(W/RGN-၀၁၁၈၅၇)က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု တာဝန်ယူ ဝန်ခံကာရောင်းချ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန် ငွေအချို့ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **ဒေါ်သက်သက်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယမင်းထွန်း:LL.B**
**အထက်တန်းရှေ့နေ စဉ်-၂၆၅၁၆ Ph: 09-420175754**

## ကန့်ကွက်နိုင်ပါသည်

ကျွန်တော် ဦးစိန်လှိုင်[၈/ခမန(နိုင်)၀၄၁၁၅၃] သည် ရုရှားနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ် ၂-၄-၂၀၁၅ရက်တွင် ကွယ်လွန်သော ကျော်ဝင်းဆန်း၏ ဖခင်အရင်းဖြစ်ပြီး မောင်ကျော်ဝင်းဆန်း CDC 92101 ၏ တရားဝင်ခံစားခွင့်ရှိသူဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးစိန်လှိုင်
[၈/ခမန(နိုင်)၀၄၁၁၅၃]

## ကန့်ကွက်နိုင်ပါသည်

ကျွန်မ ဒေါ်လှီကျော် [၉/ပမန(နိုင်)၁၅၅၈၆၀] သည် ရုရှားနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ် ၂-၄-၂၀၁၅ ရက်နေ့တွင် ကွယ်လွန်သော မောင်တိုးထက် [၉/ပမန(နိုင်)၁၆၆၁၉၁] ၏ မိခင် အရင်းဖြစ်ပြီး မောင်တိုးထက် CDC 90295 ၏ တရားဝင်ခံစားခွင့်ရှိသူဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်လှီကျော်
[၉/ပမန(နိုင်)၁၅၅၈၆၀]



**မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်းပုံရိပ်များကို ဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

# အကျင့်ပျက်ခြစားမှု ‘ဖီဖာ’ ခံနိုင်ရိုးလား

ကိုရင်ဩ

ပုပ်၍ပင် ပေါ်သလော၊ ဟုတ်၍ပင် ကျော်သလောဟူ၍ ယခုအချိန်တွင် တပ်အပ်သေချာ မသိနိုင်သေးသော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ အမှုဆောင်လူကြီးများမှာ ယခုရက်သတ္တပတ်အတွင်း စွဲချက်များ၏ ဝဲသြဃအတွင်း မရှုနိုင် မကယ်နိုင်ဖြစ်ခဲ့ကြရလေသည်။

ကမ္ဘာတစ်လွှား ဗလောင်ဆူလာသည့် သတင်းတစ်ရပ်မှာကား ဖီဖာ၏ အမှုဆောင်အရာရှိကြီးများ အဂတိလိုက်စားမှု အရှုပ်တော်ပုံအတွင်း သက်ဆင်းနေကြရပြီး ၎င်းတို့ကို တရားဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမှုစတင်နေပြီဆိုခြင်းပင်။

ကမ္ဘာ့ဘောလုံးလောက၏ အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သော ဖီဖာ၏ အမှုဆောင်အရာရှိကြီးများကို အကျင့်ပျက်မှုစွဲချက်များဖြင့် အမေရိကန်ပြည်ထောင်စုက တရားစွဲဆိုရန် လုပ်ဆောင်နေပြီဆိုသော သတင်းမှာ ဆိုင်းမဆင့်ဗုံမပါ ထွက်ပေါ်လာသည့် ရင်သိမ့်တုန် သတင်းတစ်ပုဒ်ဖြစ်လေသည်။

ဖီဖာ၏ အထက်တန်းတာဝန်ရှိသူများကို တရားစွဲဆိုနိုင်ရေးအတွက် ၎င်းတို့ကို လွှဲပြောင်းပေးအပ်ရန်လည်း အမေရိကန် တရားရေးဌာနက ကြိုးပမ်းလျက်ရှိသည်။

အမေရိကန် အာဏာပိုင်များ၏ မေတ္တာရပ်ခံချက်အရ ဖီဖာ၏ ထိပ်တန်းအရာရှိကြီး ခုနစ်ဦးကို ဆွစ်ဇာလန်နိုင်ငံ၌ ဖမ်းဆီးလိုက်ပြီးနောက် ယခုအခါ အကျင့်ပျက် ခြစားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုနှစ်ရပ်ကို ဖီဖာရင်ဆိုင်ကြုံတွေ့နေရလေပြီ။

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ အဖမ်းခံခဲ့ကြရသူ ဖီဖာ အထက်တန်းအရာရှိခုနစ်ဦးမှာ အမေရိကန် တရားရေးဌာနက တရားစွဲဆိုထားသူ ၁၄ ဦးတွင် ပါဝင်သည်။ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပွဲများအတွက် အိမ်ရှင်နိုင်ငံများအဖြစ် ရုရှားနှင့် ကာတာနိုင်ငံတို့အား ရွေးချယ်ခဲ့ရာတွင် မသမာမှုများရှိခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့် ပတ်သက်၍ ဆွစ်အာဏာပိုင်များကလည်း သီးသန့်စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို စတင်ပြုလုပ်နေလေပြီ။

ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ရှိ ဖီဖာဌာနချုပ်အား ဆွစ်ရဲတပ်ဖွဲ့က စီးနင်းဝင်ရောက်လာကာ စုံစမ်းစစ်ဆေးမှုအတွက် အထောက်အထားရရှိနိုင်ရန် ကွန်ပျူတာများကို သိမ်းယူသွားခဲ့ကြသေးသည်ဆို၏။

ကမ္ဘာနှင့်ချီကာ ဘောလုံးပွဲများ ကျင်းပနိုင်ရန် စီမံခန့်ခွဲပေးနေသော ဖီဖာသည် မကြာသေးမီနှစ်များမှစ၍ အကျင့်ပျက်ခြစားမှုဆိုင်ရာ စွပ်စွဲချက်များ၏ ပွဲတင်ရိုက်ခတ်မှုကို ကျယ်ကျယ်လောင်လောင် ကြားသိခဲ့ရသည်။ ယခုအခါတွင်မူ နေမြင့်လေ အရှူးရင့်လေဟူဘိသို့ မဖုံးနိုင်မဖိနိုင်ဖြစ်ရလေသည်။

အထူးအားဖြင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲ၏ အိမ်ရှင်အဖြစ် ကာတာနိုင်ငံကို ရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်၍ စွပ်စွဲချက်အငွေ့အသက်များ ထောင်းထောင်းထခဲ့သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ဌာနတွင်း စုံစမ်းစစ်ဆေးမှုအစီရင်ခံစာပေါ်ထွက်ခဲ့ရာတွင် အဂတိလိုက်မှု ကင်းကင်းဖြင့် ကာတာကို ရွေးချယ်ခဲ့သည်ဟု သုံးသပ်ခဲ့သော်လည်း စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ ပြုစုသူတစ်ဦးဖြစ်သော အမေရိကန်ရှေ့နေ မိုက်ကယ်ဂါစီယာက ပြည့်စုံမှုမရှိဘဲ အမှားမကင်းသော အစီရင်ခံစာဟူ၍ ဝေဖန်ပြောကြားခဲ့သည်။

ကမ္ဘာ့ဖလား ဘောလုံးပွဲသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများအနက် အကြီးကျယ်ဆုံးဖြစ်ပြီး ဒေါ်လာ ဘီလီယံပေါင်းများစွာ ဝင်ငွေရရှိစေနိုင်သော ပွဲကြီးသဘင်တစ်ရပ်ဟုလည်း ဆိုနိုင်သည်။

ကမ္ဘာနှင့်ချီသည့် ဘောလုံးပြိုင်ပွဲကြီးကို ကျင်းပနိုင်ရန် ဖီဖာ၊ ကိုကာကိုလာ၊ အက်ဒီးဒက်စ်၊ မက်ဒေါ်နယ်၊ ဟွန်ဒေး၊ ဘက်ဒ်ဝိုင်ဇာ၊ ဂက်ဇ်ပရွမ်စသည့် ကမ္ဘာကျော်ကုမ္ပဏီကြီးများက ဖီဖာကို စပွန်ဆာပေးကြသည်။

ဖီဖာအရာရှိကြီးများအတွင်း အကျင့်ပျက်ခြစားမှုများ ရှိနေသည်ဆိုသော စွပ်စွဲချက်များကြောင့် စုံစမ်းစစ်ဆေးမှုများ ဖြစ်ပေါ်လာရပြီး လွန်ခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသုံးခုအတွက် အိမ်ရှင်နိုင်ငံများကို ရွေးချယ်ခဲ့ရာတွင် အဂတိလိုက်စားမှုများရှိခဲ့သည်ဟု သံသယများ ထွေပြားဝေဝါးလျက်ရှိကြလေသည်။

ဖီဖာလူကြီးများအား အမေရိကန်က တရားစွဲဆိုရာတွင် ၁၉၉၁ ခုနှစ်အထိ ခြေရာကောက်ကာ အဂတိလိုက်စားမှုဆိုင်ရာ စွပ်စွဲချက်များကို ပယ်ပယ်နယ်နယ် စစ်ဆေးသွားမည်ဟု ဆိုသည်။ ဇူးရစ်မြို့၌ ဖီဖာအရာရှိကြီးခုနစ်ဦးကို ဖမ်းဆီးခဲ့ရုံမျှမဟုတ်၊ ၎င်းတို့ခုနစ်ဦးအပြင် နောက်ထပ် ခုနစ်ဦးကိုပါ အမေရိကန်အစိုးရ ရှေ့နေများက စွဲချက်တင်ထားပြီးဖြစ်ရာ ဖီဖာ၏ ကျက်သရေ လငပုပ်ဖမ်းခံရခြင်းဟု ဆိုနိုင်သည်။

အမေရိကန် အာဏာပိုင်များ၏ မေတ္တာရပ်ခံချက်အရ ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ဖမ်းဆီးပေးခဲ့သော ဖီဖာအရာရှိကြီးအများစုမှာ မြောက်အမေရိက၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသတို့ရှိ ဘောလုံးအဖွဲ့ချုပ်များနှင့် အနီးကပ်ဆက်သွယ်ဆောင်ရွက်ခဲ့သူများဖြစ်ကြပြီး အမေရိကန်ပြည်ထောင်စုအတွင်း ကမ္ဘာ့ဖလားရုပ်မြင်သံကြား ထုတ်လွှင့်ခွင့်နှင့် စပွန်ဆာသဘောတူညီချက်များ ရရှိရေးအတွက် ကြားဝင်စေ့စပ်ပေးရသည့် အခန်းကဏ္ဍတွင်ရှိနေခဲ့သူများဖြစ်ကြလေသည်။

ဖီဖာ၏ လက်ရှိဥက္ကဋ္ဌ ဆပ်ဘလပ်တာမှာမူ အမေရိကန်က တရားစွဲဆိုထားသူ လူစာရင်းတွင် မပါဝင်ပေ။

ထိုစဉ်အတွင်း ဖီဖာဥက္ကဋ္ဌ ရွေးကောက်ပွဲကို မေ ၂၉ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပသွားမည်ဟု သတင်းထွက်ပေါ်လာသည်။ ဖီဖာဥက္ကဋ္ဌ ဘလပ်တာသည် အဂတိလိုက်စားမှု ပြွမ်းတီးနေသော ၎င်း၏အဖွဲ့အစည်းမှ နုတ်ထွက်ပေးရန် ဖိအားပေးမှုများကို တွေ့ကြုံခဲ့ရသော်လည်း ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံရဖွယ်ရှိနေသည်။

အမေရိကန် ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီဘိုင်)သည် လွန်ခဲ့သည့် သုံးနှစ်တာ ကာလပတ်လုံး ဖီဖာကို စုံစမ်းထောက်လှမ်းမှု ဆက်တိုက်ပြုလုပ်နေခဲ့သည်ဆို၏။

၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ကမ္ဘာ့ဖလား ဘောလုံးပွဲများအတွက် အိမ်ရှင်ရွေးချယ်သည့် လုပ်ငန်းစဉ်တွင် အဂတိလိုက်စားမှုများရှိသည်ဆိုသော သတင်းများအရ အက်ဖ်ဘီအိုင်စုံထောက်များက မီးခိုးကြွက်လျှောက် စေ့ငုလေ့လာနေခဲ့ကြသည်။

ဖီဖာလူကြီးများအနေဖြင့် လာဘ်ပေးလာဘ်ယူပြုလုပ်ရာတွင် အမေရိကန်ပြည်ထောင်စုအတွင်း အကွက်ချ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လာဘ်ငွေလွှဲပြောင်းပေးအပ်ရာတွင် အမေရိကန်ဘဏ်များကို အသုံးပြု ခဲ့ခြင်း ရှိ၊ မရှိ အဓိက စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း အမေရိကန် တရားရေးဌာန၏ တရားစွဲဆိုလွှာတွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံသည် အမေရိကန်နှင့် တရားခံလွှဲပြောင်းပေးရေး သဘောတူညီချက်ရရှိထားရာ ဖမ်းဆီးခံထားရသော ဖီဖာလူကြီးများကို တရားစီရင်စစ်ဆေးနိုင်ရန် အမေရိကန်အစိုးရထံ လွှဲပြောင်းပေးအပ်မည်ဟု မျှော်လင့်ရသည်။

ဖီဖာလူကြီးများသည် ဒေါ်လာသန်း ၁၅၀ အထိ လာဘ်ငွေရယူခဲ့သည်ဟု အမေရိကန်၏ တရားစွဲဆိုလွှာတွင် စွပ်စွဲဖော်ပြထားပြီး ယင်းငွေကြေးပမာဏတွင် ကမ္ဘာတစ်ဝန်း ဘောလုံးတာဝန်ရှိသူများနှင့် ပတ်သက်နေသော အခြားလာဘ်ပေးလာဘ်ယူပြုလုပ်မှုများမပါဝင်ဟု ဆိုသည်။

ဖီဖာအနေဖြင့် ရရှိသော ဝင်ငွေအားလုံးလိုလိုမှာ ကမ္ဘာ့ဖလားဘောလုံးပွဲများမှဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပွဲသည် ဝင်ငွေအရ အမက်မောလောက်ဆုံးအားကစားပွဲဖြစ်ပြီး အိုလံပစ်ပြိုင်ပွဲထက်ပင် ဝင်ငွေများစွာ သာလွန်ရရှိသည်။

ဘရာဇီးနိုင်ငံသည် လွန်ခဲ့သည့်နှစ်က ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် ဒေါ်လာ ၄ ဘီလီယံခန့် သုံးစွဲခဲ့ရသော်လည်း ဖီဖာအနေဖြင့် ဒေါ်လာ ၂ ဘီလီယံကျော် ဝင်ငွေရရှိခဲ့သည်။ ကာတာနိုင်ငံ၌ ၂၀၂၂ ခုနှစ်၌ ကျင်းပမည့် ကမ္ဘာ့ဖလားပွဲအနေဖြင့် ရေနံသူဌေးယင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၆ ဘီလီယံကျော် ကျခံသုံးစွဲမည်ဆို၏။

ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက်ပင်လျှင် သုံးစွဲရမည့် ငွေကြေးပမာဏမှာ အလွန်များပြားလှသည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် အိမ်ရှင်ဖြစ်ရန် ပေါင်ငွေ ၂၁ သန်းအထိ ကျခံသုံးစွဲခဲ့သည့်တိုင်အောင် ရွေးချယ်ခံခဲ့ရခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စုက ဖီဖာအမှုဆောင်အရာရှိများအား တရားစွဲဆိုရာတွင် လာမည့်ကမ္ဘာ့ဖလားပွဲများနှင့် ပတ်သက်နေသော အရှုပ်အထွေးများကို စစ်ဆေးမည်မဟုတ်ဘဲ ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် တောင်အာဖရိကနိုင်ငံကို အိမ်ရှင်အဖြစ် ရွေးချယ်ခဲ့ခြင်း လုပ်ငန်းစဉ်တွင် လာဘ်ပေးလာဘ်ယူမှုများ ရှိ၊ မရှိ ကြားနာစစ်ဆေးမည်ဖြစ်သည်။

ဆွစ်အာဏာပိုင်များကမူ မကျင်းပရသေးသော ကမ္ဘာ့ဖလားပြိုင်ပွဲများအတွက် အိမ်ရှင်ရွေးချယ်ရာတွင် ဖီဖာလူကြီးများ ဖြောင့်မတ်မှန်ကန်စွာ ရပ်တည်ခဲ့ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးမည် ဖြစ်သည်။

ရုရှားနိုင်ငံသည် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ရွေးချယ် ခံထားရပြီးဖြစ်သော်လည်း အကယ်၍ အိမ်ရှင်ရွေးချယ်မှု လုပ်ငန်းစဉ်တွင် မဟုတ်မဟပ်ပြုလုပ်ထားမှုကို စစ်ဆေးတွေ့ရှိရပါက နောက်ထပ်အိမ်ရှင်ကို ထပ်မံရွေးချယ်ရမလို ဖြစ်ရပြန်သည်။ သို့ရာတွင် ကမ္ဘာ့နိုင်ငံအများစုမှာ ငွေကြေးတတ်စွမ်းနိုင်မှုအရ ကမ္ဘာ့ဖလား ပွဲကို လက်ခံကျင်းပရေးမှာ မလွယ်ကူလှပေ။

ပွင့်လင်းမြင်သာမှု မရှိခြင်းသည် အဂတိလိုက်မှုကို ဖိတ်ခေါ်နေကြောင်း၊ မိမိ၏ အဖွဲ့အစည်းအတွင်း ပွင့်လင်း မြင်သာမှုရှိရန် လိုအပ်ကြောင်း ဘလပ်တာက ပြောကြားခဲ့သည်။ ။



## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ခိုင်က ကျွန်တော့်ကို မော့၍ စူးစူးစိုက်စိုက်လေး ကြည့်သည်။ စကားပြန်သောအသံသည် မမာတော့သော်လည်း ခံပြင်းမှုအနက်သဘောကိုမူ မထိမ်ဝှက်နိုင်။

" မောင်က ခိုင့်ကို လောကကြီးကို အရှုံးပေးဖို့ ပြောနေသလား "

ကျွန်တော်က အသာအယာ ရယ်မောမိသည်။

" လောကကို အရှုံးပေးခြင်း၊ လောကကို အနိုင်ယူခြင်း ဆိုတဲ့ စကားတွေကို လူတွေဟာ ဘယ်အနက်အဓိပ္ပာယ်နဲ့ ပြောနေကြတယ်ဆိုတာ မောင် မသိဘူး။ မွန်မြတ်သော ဒုလ္လဘရယ်လို့ ဂုဏ်တင်ခြင်းခံရတဲ့ ဘဝပိုင်ရှင် လူသား တစ်ယောက် အနေနဲ့တော့ ဘာကိုမှ အရှုံးပေးဖို့ မလိုအပ်ဘူး။တစ်ခါတစ်နည်း လှည့်စား ပြန်တော့ စိန္တကံ . . . အစိန္တကံမည်တဲ့ ဘုရားရဟန္တာမဖြစ်မီ လောကကို နိုင်ပြီလို့ ကြွေးကြော်သူ လူသား တစ်ယောက်ဟာ လူ့မာန်ကို ရှိသင့်တာထက် ပိုထားတဲ့ မိုက်မှားသူတစ်ဦး ဖြစ်နေတတ်တယ်"

ခိုင်သည် မျက်ရည်ကျလျက် ခေါင်းငုံ့နေရာမှ မော့လျက် ပေါက်ကွဲစွာ ဆိုသည်။

"တော်ပါတော့၊ မောင့်တရားတွေကို ရပ်ပါတော့ . . .။ ခိုင့်ကို ရှင်းရှင်းပြောစမ်းပါ။ မောင် ဘာတွေ ဆိုလိုနေတာလဲ"

ကျွန်တော်က ခိုင့်ကို ကြည့်မိသည်။ ခိုင့်မေးရိုးများမှာ အံကြိတ်ထားသောကြောင့် တင်းမာနေသည်။

ခိုင့်မျက်လုံးများ ကလည်း ထူးဆန်းစွာ မုန်းတီးမှု အပြည့်နှင့် ကျွန်တော့်ကို မီးပွင့်လုမတတ် စိုက်ကြည့်နေ၏။

ကျွန်တော်ကလည်း ဤမျက်လုံးများကို တည့်တည့်ပြန်ကြည့်ရင်း ပြတ်သားစွာ ပြောရ၏။

"ခိုင်က ရှင်းရှင်းပြောပါဆိုတော့ မောင် ပြောမယ်။ ခိုင် အနေအထိုင်ကို မောင် မကြိုက်ဘူး။ ခိုင့် ပေါင်းသင်းဆက်ဆံရေးပုံစံဟာ မှားနေတယ်။ ဒါကို မောင် ကန့်ကွက်တယ်။ ကန့်ကွက်ရုံမကဘူး ပြင်ခိုင်းနေတယ်။ မောင်ပြောတာ ရှင်းရဲ့လား . . . ဟင် . . . မိခိုင် . . ."

ခိုင်၏ မျက်လုံးဝန်းဝန်းများသည် ပြူးကျယ်သွား၏။ ပါးစပ်ကလေးများလည်း ဟကာ မျက်ခုံးလေးများလည်း တွန့်လျက် မယုံကြည်နိုင်သော စကားကို ကြားလိုက်ရသည့်ပမာ ကျွန်တော့်အား ခေတ္တတွေတွေစိုက်ကြည့်နေသည်။ နောက်ခဏတွင်မူ ခိုင်၏ မျက်နှာလေးသည် အသွင်အမျိုးမျိုး ပြောင်းလဲသွားသည်။

ပထမသော် ပြင်းထန်သော ကြေကွဲဝမ်းနည်းမှု၊ ထို့နောက် နင့်သီးနက်ရှိုင်းသော စိတ်နာမှု၊ လျှပ်တစ်ပြက်တွင်း ခိုင်၏ ဉာလက်သည် မြောက်တက်သွားပြီး အရှိန်ပြင်းစွာနှင့် ကျွန်တော့်ပါးတစ်ဖက်ဆီ ကျဆင်းလာသည်။

ခိုင့်လက်ဖဝါးနှင့် ကျွန်တော့်ပါး မထိမီ၊ ကျွန်တော့် ဘယ်လက်က ထောင့်ဖြတ်ဝင်တားကာ ခိုင့်လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဖမ်းမိသည်။

ခိုင်သည် သူ့လက်ကလေးကို ကျွန်တော့်လက်တွင်းမှ လွတ်အောင်ရုန်းသည်။ သို့ရာတွင် မလွတ်နိုင်။

ခိုင့်ဘယ်လက်သည် ကျွန်တော့်ကို လှမ်းရိုက်ပြန်သည်။ ဤလက်တစ်ဖက်ကိုလည်း ကျွန်တော်က ကျန်လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်ပြန်၏။ ခိုင်သည် စူးစူးရှရှ အော်သည်။

" လွှတ် . . . လွှတ် . . . ခိုင့်လက်တွေကို လွှတ် . . .။ လွှတ်လိုက်စမ်းပါ . . . "

ကျွန်တော်က ခိုင့်လက်များကို မလွှတ်။ နှုတ်ကမူ သတိပေးစကား ဆိုမိ၏။

" ခိုင် ဘာဖြစ်နေတာလဲ၊ မောင်ပြောတာ နားထောင်စမ်း "

ခိုင်သည် ကျွန်တော့်စကားကို အမှုမထား။ ကြားဟန်လည်းမတူ။ ကိုယ်လေးကိုသာ ယိမ်းနွဲ့တွန့်လိမ် ရုန်းကန်ရင်း နှုတ်မှလည်း တတွတ်တွတ် ပြောနေ၏။

" ခိုင့်လက်တွေကို လွှတ်ပါ။ ခိုင့်ကို မောင် မထိပါနဲ့။ မောင့်ကို မုန်းတယ်၊ မောင့်ကို ခိုင် မုန်းတယ် "

" ခိုင် . . . ခိုင် . . . "

ခိုင်က အကြိတ်အနယ်ပင် ကျွန်တော့်လက်မှ ရုန်းထွက်နေသည်။

ကျွန်တော်က ခိုင့်လက်များကို လွှတ်လိုက်သည်။ ခိုင်သည်ရုန်းကန်မှုအရှိန်ကြောင့် နောက်သို့ တစ်လှမ်းနှစ်လှမ်းမျှ ယိုင်ဆုတ်သွားသည်။ ကိုယ်ကိုမတ်အောင် ထိန်းနိုင်သောအခါ ခိုင်သည် တုန်ယင်စွာဖြင့် ကျွန်တော့်ကို စူးစိုက်ကြည့်နေသည်။

အို . . . ဤအကြည့်သည် ကြောက်မက်ဖွယ်ကောင်းလေစွတကား။ ဤအကြည့်သည် စိမ်းကားလွန်း လှတကား . . .။ ကြောက်မက်ဖွယ် စိမ်းကားသောအကြည့်ဖြင့် ကျွန်တော့်ကို ကြည့်နေသော ခိုင်သည် ယခင်က ကျွန်တော်သိခဲ့သော ခိုင် မဟုတ်ပါပေတကား . . .။ ဤအသွင် . . . ဤသဏ္ဌာန်သည် ကျွန်တော် မြင်နေကျ ခိုင်၏ အသွင်သဏ္ဌာန် မဟုတ်လေပါတကား။

ကျွန်တော်သည် ကြက်သေသေလျက်ရှိရာမှ ရှေ့တစ်လှမ်းတိုး၍ ခေါ်မိသည်။

" ခိုင် . . . ဘာဖြစ်သွားတာလဲ . . .။ မောင်လေ . . . ခိုင့်မောင်လေ "

ခိုင်က နောက်သို့ တစ်လှမ်းဆုတ်သည်။

" ခိုင့်အနား မကပ်ပါနဲ့၊ မောင်ကို မုန်းတယ် . . . မောင့်ကို မုန်းတယ် . . . သိလား။ မောင့်ကို မုန်းတယ် . . . မုန်းတယ် . . . မုန်းတယ် . . . မုန်းတယ် . . . မုန်းတယ် . . . မုန်း . . . " ခိုင့်အသံက ပြတ်သွားသည်။ ခိုင့်မျက်လုံးများမှာလည်း မှိတ်သွားသည်။

" အို . . . ခိုင် . . . "

ကျွန်တော်သည် ရုတ်တရက် ရှေ့သို့ခုန်၍ ခိုင့်ကို လှမ်းပွေ့မိသည်။ ကျွန်တော် လှမ်းပွေ့မိသည်မှာ အချိန်မီဖြစ်သည်။ အကြောင်းမှာ ကျွန်တော့်ရင်ခွင်တွင်းရောက်ခဲ့သော ခိုင်၌ သတိမရှိပြီ . . .။

ကျွန်တော်သည် ခိုင်ကို ရင်ခွင်၌ ပွေ့လျက်ထိုင်ရင်း ထိတ်လန့်တကြား ခေါ်မိသည်။

" ခိုင် . . . ခိုင် . . . ခိုင်ရေ . . . "

ခိုင်ကမူ မလှုပ်။ ကျွန်တော်က ခိုင့်နှာခေါင်းဆီ ပါးအပ်လျက် နားထောင်မိသည်။

ခိုင့်အသက်ရှူသံကို မကြားရ။

" ခိုင် . . . ခိုင်ရေ . . . မိခိုင်ရေ . . . "

ခိုင့်မေးဖျားလေးကို ကိုင်လှုပ်၍ ကျွန်တော်က တကြော်ကြော် ခေါ်မိလေသည်။

ခိုင်မူကား သတိပြန်လည်မလာ။

ကျွန်တော်သည် ခိုင့်ကို မြက်ခင်းပေါ် ချ၍ ရေစပ်ဆီ ပြေးဆင်းခဲ့သည်။ လက်ခုပ်ဖြင့် ရေသယ်ခဲ့ပြီး ခိုင့်မျက်နှာလေးကို ဖျန်းပက်ရသည်။

ခိုင်က အသက်ပြန်ရှူသည်။ ကျွန်တော်သည် ခိုင့်ပါးနှစ်ဖက်ကို လက်ဖဝါးနှင့် ခပ်ပြင်းပြင်းလေး ပုတ်ခတ်ရိုက်ပေးသည်။ ခိုင့်အသက်ရှူသံသည် ပိုမြန်လာသည်။

ကျွန်တော်သည် ခိုင့်ပုခုံးလေးကို ဆွဲခါလှုပ်လျက် နာမည်ကို ဆက်တိုက်ခေါ်ပေးသည်။

" ခိုင် . . . ခိုင် . . . ခိုင် သတိရပြီလား။ မောင် ခေါ်နေတယ်လေ။ ခိုင့်မောင် ခေါ်နေတယ် "

ခိုင်သည် အသက်ရှူမှန်လာရာမှ မျက်လုံးများကို ဖွင့်ကြည့်သည်။

" ခိုင် . . . ခိုင် သတိရပြီ . . .။ ခိုင်ရေ မောင်လေ . . . မောင်ပြောနေတာကို ကြားရဲ့လား . . . "

ခိုင်သည် အံ့မှိုင်းရီဝေသော မျက်လုံးများနှင့် ကျွန်တော့်ကို အတန်ကြာစွာ စိုက်ကြည့်နေသည်။ ခဏတွင်မူ ထိတ်လန့်တကြားအော်သည်။

" ကြောက်တယ်၊ ကြောက်တယ်၊ ခိုင် ကြောက်တယ် "

ခိုင်သည် မျက်လုံးများကို ပိတ်၍ လက်ကလေးများက ကျွန်တော့်ကို သိုင်းဖက်သည်။ ကိုယ်လေးမှ တဆတ်ဆတ် တုန်ယင်နေသည်။ မျက်နှာလေးကိုလည်း ကျွန်တော့်ရင်ခွင်တွင် မှောက်အပ်ဝှက်ထား၏။

" ခိုင် . . . ဘာကြောက်တာလဲ၊ မောင် ရှိတယ်လေ။ မောင့်ကို မှတ်မိရဲ့လား "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


ဦးအောင်အောင် LCCI

B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc

Level I+II 15%Dis: SAT-SUN 7-8:30 am 20.6.15 | THU-FRI 9:30-11:30 am 25.6.15 | SUN 2-5:00 pm 5.7.15

Level III 15%Dis: (A) MON to WED 10 am-4 pm 22.6.15 (B) SUN 9 am-5 pm 20.6.15 (C) MON to SUN 6 pm-8 pm 6.7.15

အမှတ်(၂၁၉)၊ ၃ထပ်(ဘယ်)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၅၁၀၃၀၀၂၊ ၀၉၉၇၅၁၀၃၀၀၂၊ ၀၉၇၈၅၁၀၃၀၀၂

**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ထမံသီကျေးရွာနေ အဖ ဦးအောင်ကြည်သိန်း ၅/ဟမလ(နိုင်) ၀၅၆၅၉၅၂၏ သား မောင်ဗိုမင်းသန့်အား မောင်အောင်ဗိုမင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**ယာဉ်မောင်းအမြန်အလိုရှိသည်**

-ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။

-ဆက်သွယ်ရန်

ဖုန်းနံပါတ် ၀၉-၄၂၀၃၁၅၆၆၄

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်အောင်ကျော်ဇော(CDC No-81247)သည် 4-TK PSC and RB,SSA လက်မှတ်များ ပျောက်ဆုံးနေပါ သဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါ ရန်။ ဖုန်း 09-250494820






**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ပတ္တမြား/တောင်၊မြေကွက်အမှတ်-၇၃၊ မြေကွက်တည်နေရာအမှတ်-၇၃၊ သစ္စာ(၂)လမ်း၊ ပတ္တမြားမြို့သစ်၊ (ဒေါ်ဝင်းစိန်)အမည်ပေါက် ပါမစ်မြေအား ဒေါ်နီနီဝင်း[၁၂/မဂဒ(နိုင်)၀၉၆၉၆၅]က အမည်ပေါက်ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်နှင့် တင်ပြပါမစ်မူရင်း တွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တို့တင်ပြထားသော်လည်း မိသားစုမှီခို စာရင်း တင်ပြနိုင်ခြင်းမရှိဘဲ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈၊မြေကွက်အမှတ် ၇၉၈^၁၊ ၁၂. ၄၃၄ဧက၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာ အမှတ် ၇၉/၂မြကန်သာကျောင်းလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် (A-ဘဂေါ်း) အမည်ပေါက်B မြေပိုင် လ/န-၃၉မြေအား အင်းစိန်မြို့နယ် တရားရုံးတရားမကြီးမှု အမှတ်-၁၀၃/၁၄ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု၏ ၁၉-၂-၂၀၁၅ရက်စွဲပါ ဒီကရီ တရားမဇာရီမှုအမှတ်-၃/၂၀၁၅ဖြင့် ဘီလစ်ခန့်အပ်သည့် ၁၃-၂-၂၀၁၅ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တို့ကိုတင်ပြ၍ တရားရုံးကိုယ်စားဘီလစ် ဒေါ်မိုးမိုးအေး[၁၂/အစန(နိုင်) ၁၂၂၁၈၄]မှ အရောင်းစာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဝန်ထမ်းအမြန်အလိုရှိသည်**

အမှတ်(၁၅၁)၊ လမ်း(၅၀)ရှိ Pharmaceutical Products Ltdမှ အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်။

၁။ Marketing ကျား/မ(၁၀)ဦး

၂။ Delevery ကျား/မ(၁၀)ဦး

၃။ Driver ကျား(၃)ဦး

CV Form နှင့်အတူ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ အမျိုးသားမှတ်ပုံတင် အခြားလိုအပ်သော စာရွက်စာတမ်းများနှင့်တကွ ကြော်ငြာပါပြီး (၁)ပတ်အတွင်း လူကိုယ်တိုင် အထက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

# မော်ကျွန်း-လှိုင်းဘုန်းလမ်းရှိ တံတားအချို့ပျက်စီးနေ

**မော်လမြိုင်ကျွန်း မေ ၃၀**

မော်ကျွန်း-လှိုင်းဘုန်းတာ လမ်းမတစ်လျှောက်ရှိ အချို့ချောင်းကူးတံတားများမှာ တံတားအခင်းများ နေရာအများအပြားတွင် ပေါက်ပြဲပျက်စီးနေကြောင်း ဒေသခံများ၏ပြောကြားချက်အရသိရသည်။

ယခုကျောင်းဖွင့်ရာသီချိန်တွင်ကျောင်းတက်ကြမည့် ကျေးရွာပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအတွက် ချောင်းကူးတံတားများပေါ်မှနေ့၊ ည ကူးသန်းသွားလာရာတွင် ဘေးအန္တရာယ်ဖြစ်ဖွယ်ရှိနေကြောင်း ယင်းဒေသခံများက ပြောသည်။

ထို့ပြင် ဆိုင်ကယ်ဖြင့် မော်လမြိုင်ကျွန်းမြို့သို့ တိုက်ရိုက်သွားလာရာတွင်လည်း ပေါက်ပြဲနေသော တံတားအချို့နှင့် တံတားချဉ်းကပ်လမ်း မြေသားအချို့ ယိုယွင်းပျက်စီးနေမှုကြောင့် ဆိုင်ကယ်ကို သတိဖြင့် မောင်းနှင်နေကြရသည်။

"နာဂစ်နောက်ပိုင်းမှာ လမ်းတံတားတွေ တည်ဆောက်ပြီးစီးသွားလို့ ကျွန်တော်တို့ဒေသခံပြည်သူတွေ မော်ကျွန်းကို လာရတာ သိပ်အဆင်ပြေပါတယ်။ အခုတော့ ချောင်းကူးတံတားအချို့ အခင်းပျက်စီးပြီး ချဉ်းကပ်လမ်းအချို့ ယိုယွင်းနေလို့ဆိုင်ကယ်ကို မနည်းသတိထားမောင်းရတယ်။ အချိန်မီ ပြုပြင်ဖို့လိုနေပါပြီ။ သိပ်အန္တရာယ်များပါတယ်ဗျာ" ဟု ပုဂံပုကျေးရွာနေ ကိုဇော်ဌေးအောင်က ပြောသည်။

သဘာဝ ဘေးအန္တရာယ်ကျရောက်လာပါက ပင်လယ်ပိုင်းဒေသနေ ပြည်သူများ ဘေးလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့သွားလာနိုင်ရေးအတွက် နာဂစ်နောက်ပိုင်းတွင် မော်ကျွန်း-လှိုင်းဘုန်း ပြင်စလူအဝေးပြေး လမ်းမကြီးနှင့် ချောင်းကူးတံတားများကို ဆက်သွယ်ဆောက်လုပ်ပေးခဲ့ရာ ပင်လယ်ပိုင်းဒေသနေပြည်သူများမှာ ယခင်က မော်လမြိုင်ကျွန်းမြို့သို့ လှိုင်းရေယာဉ်ဖြင့် သုံးနာရီသွားလာခဲ့ရသော်လည်း လမ်းတံတား တည်ဆောက်ပြီးစီးသွားသဖြင့် ဆိုင်ကယ်နှင့် နာရီဝက်ခရီးဖြင့် မော်လမြိုင်ကျွန်းမြို့သို့ သွားလာနိုင်ခဲ့ကြသည်။

**မော်ကျွန်း(မြင့်အောင်)**



# ယမားအဆင့်(၃) အသေးစား ရေအားလျှပ်စစ်စီမံကိန်းအတွက် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုဆိုင်ရာလူထုတွေ့ဆုံ

**ပုလဲ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ မြောက်ယမားဆည်အနီး ဆည်မြောင်းထိန်းသိမ်းရေးရုံး၌ မေ ၂၈ ရက် နံနက် ၁၀ နာရီက အိန္ဒိယနိုင်ငံ Delta Construction System Limited မှ တာဝန်ယူတည်ဆောက်မည့်အိမ်ခြေ ၂၀၀၀၀ ကျော် ယမားအဆင့်(၃) (၇ ဒသမ ၀၅ မဂ္ဂါဝပ်) အသေးစားရေအားလျှပ်စစ်စီမံကိန်းအတွက် ပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆိုင်ရာ လူထုတွေ့ဆုံရှင်းလင်းပွဲ ( IEE /SIA ) ကို ကျင်းပခဲ့ကြောင်းသိရသည်။

အသေးစား ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် လုပ်ငန်းများ ပြီးစီးမည်ဖြစ်ရာ ကျေးရွာ ၁၅ ရွာမှ အိမ်ခြေ ၂၀၀၀၀ ကျော်ကို လျှပ်စစ်မီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် Resource and Environment Myanmar မှ Director ဦးဝင်းနိုင်ထွန်းက အသေးစားရေအားလျှပ်စစ် စီမံကိန်းအတွက် ပတ်ဝန်းကျင်အကျိုးသက်ရောက်မည့် ကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ D C S Limited rS Mr. Murari Yerneni ( ProjectHead)နှင့် ဦးဝင်းနိုင်ထွန်း( REM )တို့က လုပ်ငန်းများ ဆောင်ရွက်ပေးမည့် အစီအမံများနှင့်ပတ်သက်၍ အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးညွန့်ငွေနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ၊ Delta Construction System Limited မှ Mr. Murari Yerneni ( Project Head )နှင့် တာဝန်ရှိသူများ၊Resource and Environment Myanmar မှ ဦးဝင်းနိုင်ထွန်း( Director )နှင့် တာဝန်ရှိသူများ၊ မြောက်ယမားဆည်အနီးရှိ ပတ်ဝန်းကျင်ကျေးရွာကိုးရွာမှ ဒေသခံပြည်သူများတက်ရောက်ခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# တပ်ကုန်းမြို့နယ် ဆင်သေကျေးရွာတွင် လျှပ်စစ်ဓာတ်အားလိုင်းစနစ်ဖြင့်မီးရရှိ

**တပ်ကုန်း မေ ၃၀**

တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ဆင်သေကျေးရွာတွင် နေပြည်တော်ကောင်စီမှ ဆောင်ရွက်ပေးထားသော လျှပ်စစ်ဓာတ်အားလိုင်းမီးဖွင့်ပွဲအခမ်းအနားကို မေ ၂၈ ရက်က အဆိုပါကျေးရွာရှိ ထရန်စဖော်မာရှေ့၌ ကျင်းပခဲ့သည်။

ယခုကဲ့သို့ လျှပ်စစ်မီးရရှိသည့်အတွက် ဆင်သေကျေးရွာဒေသခံများနေ့စဉ် ချက်ပြုတ်ရာတွင် အသုံးပြုရသည့် ထင်းနှင့် မီးသွေးသုံးစွဲမှုများ လျှော့ချနိုင်သည့်အခါ အနီးပတ်ဝန်းကျင် သဘာဝတောတောင်များလည်း ပြန်လည်စိမ်းစိုလာမည်ဖြစ်သလို လျှပ်စစ်ဓာတ်အားကို အခြေခံသည့် လုပ်ငန်းများလည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်လာနိုင်မည်ဖြစ်သဖြင့် ယင်းကျေးရွာပြည်သူများ လူမှုစီးပွားဘဝများလည်း အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ယင်းဒေသခံများက သုံးသပ်ပြောသည်။

ကင်မွန်းတန်းကျေးရွာအုပ်စု ဆင်သေကျေးရွာတွင် ဓာတ်အားလိုင်းစနစ်မှ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၈၀ အကုန်အကျခံ၍ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ စတင်၍ 11KV ဓာတ်အားလိုင်း ပေ ၈၀၀၊ 11/0.4 KV(220KVA) ထရန်စဖော်မာ တစ်လုံး၊ ကျေးရွာအတွင်း လိုင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၈၀၀ အစရှိသည့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယခုနှစ် ဧပြီ ၅ ရက်က လုပ်ငန်းများအားလုံးပြီးစီးခဲ့ကာ လျှပ်စစ်ဓာတ်အားလိုင်းမီးဖွင့်လှစ်၍ ကျေးရွာလုံးကျွတ် ၂၄ နာရီပတ်လုံး လျှပ်စစ်မီး ရရှိခဲ့သည်။

နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေတို့က နေပြည်တော်ကောင်စီအနေဖြင့် တပ်ကုန်းမြို့နယ်အတွင်း မြို့ပေါ်နှင့်ကျေးလက်ဒေသများတွင် ဟန်ချက်ညီညီဖွံ့ဖြိုးနိုင်စေရန် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍအစရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအပြင် ကျေးလက်မီးလင်းရေး လုပ်ငန်းများကိုပါ ပြည်သူလူထု လိုလားချက်အပေါ် ဖြည့်ဆည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**တင်စိုးလွင်**



T
**Talent & Models**
M
**For Your Success**

**အထူးသင်တန်းများ**

**မိတ်ကပ်အထူးသင်တန်း**

June (10) ရက်နေ့တွင်ဖွင့်ပါမည်။

Singapore မှ Make-Up ပညာရှင်ဆရာမကိုယ်တိုင် သင်ကြားပေးပါမည်။

Artist - Denise (Professional Makeup Artist,)
Diploma in Professional MakeupArtistry,
Cosmoprof Academy Singapore
Diploma in Advance Makeup Course,
Monita Beauty College Hongkong

စာရင်းပေးသွင်းနိုင်ပါပြီ - **09-420117115, 09-254705787**

ယောမင်းကြီးလမ်း၊ တိုက်အမှတ်(၃၀)၊ (၃)လွှာ၊ ဒဂုံမြို့နယ်။

သင်တန်းဖွင့်မည့်နေရာ - တော်ဝင်စင်တာ(B-1)၊ CB Bank အနီး။

500 KVA(Caterpillar) ဒီဇယ်တစ်လုံး အမြန်ရောင်းရန်ရှိသည်။
Lucky Concrete Precast Products Manufacturing Co.,Ltd
အမှတ် - 217/222 ,U Tun Nyo St; Industry Zone(1)
Dagon Seikkan Tsp,Yangon.
Ph:0973231270,09-5341026,09-973659312

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ပြည့်စုံဦး[၁၂/ဒဂန(နိုင်)၀၃၂၈၉၃] CDC No.82120 ၏ SSA လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **Ph:09-796325137**




**၂၉-၃-၂၀၁၅ ရက်စွဲပါ မန္တလေးနေ့စဉ်စာမျက်နှာ(၁၇)ပါ ဒေါ်အမာကြည်၊ အေအီး-၀၀၃၂၅၅၏ ကြေညာချက်အပေါ် ရှင်းလင်းအသိပေးကြေညာခြင်း**

ဒေါ်အမာကြည်[အေအီး-၀၀၃၂၅၅]၏ ကြေညာချက်ပါ ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်၊ ဘုရင့်နောင်လမ်း၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာဧက(၀. ၀၅၂)ရှိမြေနှင့် မြေပေါ်ရှိ အဆောက်အအုံများမှာ ၂-၂-၉၈ ရက်စွဲပါ မိသားစုအမွေခွဲဝေခြင်း ကတိစာချုပ်ချုပ်ဆိုပြီး နောက်ပိုင်း ၂၅-၄-၂၀၀၈ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြည်သူပိုင်သိမ်းဆည်းခဲ့ပါသဖြင့် ဒေါ်အမာကြည်အပါအဝင် အမွေဆက်ခံသူများအားလုံး ပိုင်ဆိုင်ခြင်းမရှိတော့ပါ။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်လှရွှေ(ခ)ဒေါ်ဟာဂျလာဘီ၊ ပီဘီအီး-၁၄၉၇၈၅၊ မြင်းဘက် ရပ်၊ ပျော်ဘွယ်မြို့နေသူမှအထက်ပါ မြေနှင့်အဆောက်အအုံနှင့်ပတ်သက်၍ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီး ဌာန၊ နေပြည်တော်သို့ အသနားခံလွှာတင်သွင်းခဲ့ရာ အဆင့်ဆင့်စိစစ်ပြီး ၁၃-၇-၂၀၁၁ ရက်တွင် ပျော်ဘွယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်လှရွှေ၏အမည်ဖြင့် ပြန်လည်နေရာ ချထားပေးသဖြင့် မြေကွက်တန်ဖိုးငွေ(၅၄)သိန်းကျပ်တိတိအား ဒေါ်လှရွှေမှ ပေးသွင်းခဲ့သဖြင့် ဒေါ်လှရွှေအမည်ဖြင့် နှစ်(၃၀)ဂရန်အား ၂၁-၁-၂၀၁၃ ရက်တွင် ထုတ်ပေးခဲ့ပြီးဖြစ်၍ ပျော်ဘွယ် မြို့၊ မြင်းဘက်ရပ်၊ ဘုရင့်နောင်လမ်း၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာဧက (၀. ၀၅၂)ရှိမြေနှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံမှာ ဒေါ်လှရွှေတစ်ဦးတည်းပိုင်ဖြစ်ပါသည်။ ဒေါ်အမာကြည်၏ ကန့်ကွက်အသိပေးကြေညာချက်မှာ မှန်ကန်မှုမရှိကြောင်းနှင့် အဆိုပါမြေနှင့် အဆောက်အအုံအပေါ် မည်သူမျှ ကန့်ကွက်ဟန့်တားနှောင့်ယှက်ခြင်း၊ တားမြစ်ခြင်းပြုပိုင်ခွင့် မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်လှရွှေ(ခ)ဒေါ်ဟာဂျလာဘီ | ဦးစိုးတင့် **B.A(Law),LL.B** |
| [ပီဘီအီး-၁၄၉၇၈၅] | တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၂၄၂၂(၃၁-၁၀-၁၉၈၃) |
| | အိမ်အမှတ်-၃၆၁/၆၊ သာယာကုန်း(၁)၊ |
| | နန်းတော်ကုန်းရပ်၊ မိတ္ထီလာမြို့ |



# စားသုံးရန်မသင့်သော စားသောက်ကုန် တာချီလိတ်မြို့တွင် ဖျက်ဆီး

**တာချီလိတ် မေ ၃၀**

စားသုံးရန်မသင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောခန့်မှန်း တန်ဖိုး ကျပ် ၂ ဒသမ ၈၆၅ သန်းတန်ဖိုးရှိ စားသောက်ကုန်များကို တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးအတွင်းတွင် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

Mobile Team ဖမ်းဆီးမှု သုံးကြိမ်မှ အများပြည်သူ စားသုံးရန်မသင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဘီယာများ၊ FDA ထောက်ခံချက်မပါရှိသော အချိုရည်များ၊ DRC ခွင့်ပြုချက်မပါရှိသော ဆေးဝါးများ၊ လူသုံးကုန်နှင့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်းများကို မေ ၂၈ ရက်က တာချီလိတ်မြို့နယ်၌ ဖျက်ဆီးခဲ့သည်။

ယင်းသို့ ဖျက်ဆီးရာတွင် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၂ ဒသမ ၈၆၅ ရှိ စားသုံးရန်မသင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော Eeo ဘီယာများ၊ စားသောက်ကုန်ပစ္စည်းများ၊ FDA ထောက်ခံချက်မပါရှိသော Lactasoy ပဲနို့အချိုရည်များ၊ DRC ခွင့်ပြုချက်မပါရှိသော Bashi Quick Slimming Capsule ဆေးဝါးများပင် ဖြစ်သည်။

ထို့အပြင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ခွင့်ပြုချက် မရရှိထားသော Almix ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးစိုက်ပျိုးရေးသုံး ဆေးပစ္စည်းများလည်းပါဝင်ပြီး ယင်းပစ္စည်းများအား တာချီလိတ်မြို့အကောက်ခွန်ဦးစီးဌာနမှူးရုံးအတွင်း၌ စနစ်တကျ ကျင်းတူးပြီး ဖျက်ဆီးမှုကြီးကြပ်ရေးအဖွဲ့ဖြင့် စားသောက်ကုန်များအား ဖွင့်ဖောက်ကာ ကျင်းအတွင်းသို့ လောင်းထည့်၍ ဖျက်ဆီးခဲ့သည်။

ယင်းနေ့က ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အကောက်ခွန်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ညွှန့်အောင်နှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင် ဦးဆောင်သောအဖွဲ့စုံဖြင့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သောပစ္စည်းများကို ဖျက်ဆီးခဲ့ကြသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

## ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းများ ထုတ်ပြန်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ၂၀၁၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့ရာ ပြိုင်ပွဲဝင်စာမူများအား ပညာရှင်အသီးသီး ပါဝင်သောစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ကြောင်းသိရသည်။ ယင်းပြိုင်ပွဲတွင် ဆုရသူများစာရင်းကို ထုတ်ပြန်ထားသည်။

**အလွတ်တန်းဆောင်းပါး ဆုရသူများစာရင်း**

| စဉ် | အမည် | နေရပ်လိပ်စာ | ရရှိသောဆု |
|---|---|---|---|
| ၁။ | ဒေါ်ဝေဝေလှိုင် | စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ နေပြည်တော်။ | ပထမဆု |
| ၂။ | ဦးစိန်ဝင်း | အမှတ်(၅၂၈)၊ ကန်ပတ်လမ်း၊ ပန်းမြိုင်လယ်စိန်ဝင်း ဘုရားကြီးရပ်ကွက်၊ ဟင်္သာတမြို့။ | ဒုတိယဆု |
| ၃။ | ဦးစန်းအောင် မောင်ခိုင်မာ(အထက်မင်းလှ) | အမှတ်(၇/၄၃၇)၊ (၇)ရပ်ကွက်၊ အထက်မင်းလှမြို့၊ မကွေးတိုင်း ဒေသကြီး။ | တတိယဆု |
| ၄။ | ဒေါ်ယုယုနိုင် | ဒေါ်ယုယုနိုင်(ဦးစီးအရာရှိ)၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်။ | အထူးဆု(၁) |
| ၅။ | သူရမြင့်မောင် | အမှတ်(၂)၊ တပ်မတော်ဆေးရုံကြီး၊ (ခုတင်-၁၀၀၀) (ပါရမီသွေး-ဆေးပညာ) နေပြည်တော်။ | အထူးဆု(၂) |
| ၆။ | ဒေါ်စမ်းဇမော် | ၇၉/၆၊ ပင်လုံရပ်ကွက်၊ လမ်းမတော်လမ်း၊ကလေးမြို့ မြို့နယ်ပညာရေးမှူးရုံး၊ ကျင်မွာလ်ရပ်ကွက်၊ဖလမ်းမြို့။ | အထူးဆု(၃) |

**အလွတ်တန်းစာစီစာကုံး ဆုသူရများစာရင်း**

| စဉ် | အမည် | နေရပ်လိပ်စာ | ရရှိသောဆု |
|---|---|---|---|
| ၁။ | မစန္ဒီဟိန်းလတ် | ဥဿာမြို့သစ်၊ ဦးပုညလမ်း၊ ပဲခူးမြို့။ | ပထမဆု |
| ၂။ | မထက်ထက်လင်း | အမှတ်(၁၉)၊ ဇီဝဌာယီလမ်း၊ အမှတ်(၉)ရပ်ကွက်၊ ပခုက္ကူမြို့။ | ဒုတိယဆု |
| ၃။ | ဒေါ်သက်ဝေနှင်းမြူ | ၁၆/၇၈၆ မြဝတီမင်းကြီးလမ်းသွယ်(၁)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | တတိယဆု |
| ၄။ | ဦးဝင်းထွန်း | နတ်ကျွန်း၊ မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ | အထူးဆု(၁) |
| ၅။ | မဆွေကမ္ဘာအောင် ကမ္ဘာကြီး (MECH) | ၁၀ လမ်း၊ ၈၁ လမ်းထောင့်၊ အမက(၁၄)၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့၊မန္တလေးတိုင်းဒေသကြီး။ | အထူးဆု(၂) |

**အမည်ပြောင်း**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း (A)မှ (ဘ)ဦးဌေးလွင်၏သမီး မရွှန်းလဲ့လဲ့ အား မရွှန်းလဲ့ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မရွှန်းလဲ့

**အမည်ပြောင်း**

အဖ ဦးစိုးသိန်း (CE-၁၀၇၆၄၈)၏ သမီးဖြစ်သူ ရွှေပေါက်ကံ၊ အထက(၆)မှ မအေးအေးအောင်အား မသူဇာထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသူဇာထွန်း

**ဖခင်အမည်မှန်**

အမက(၁၇)၊(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ဂျိုးဇက်ထောင်ဇပုမ်း၏ ဖခင်ဦးထန်အုပ်၏ အမည်မှန်မှာ ဦးတလွန်နှင်း [၄/ထတလ(နိုင်)၀၃၉၇၅၈]ဖြစ်ကြောင်း။

ဦးထန်အုပ်(ခ)ဦးတလွန်နှင်း

**အမည်ပြောင်း**

တိုက်ကြီးမြို့၊ မြို့မ အထက သတ္တမတန်း(C)အောင်မှ မောင်အောင်ခန့်ကျော်အား မောင်ထက်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**Sirius Star Co.,Ltd**
**Driver အလိုရှိသည်**

အခြေခံလစာ -200000+(OT+bonus)
English ဘာသာအနည်းငယ်နားလည်ရမည်။
Ph: 09-5340246, 09-31680951
အမှတ်(၆၃၈)၊ အသာက(၂၁)လမ်း၊ ၁၀ရပ်ကွက်၊ တ/ဥ




**အမည်ပြောင်း**

အဖ ဦးထင်အောင်ကျော်၏ သားဖြစ်သူ အထက(၆)အလုံ၊ နဝမတန်း(B)မှ မောင်အောင်ကျော်ကျော်အား မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ကောင်းမြတ်

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ**

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)**

**ဒက္ခိဏခရိုင် တရားမရုံးတော်၌**

**၂၀၁၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၃**

ကွယ်လွန်သူ ဒေါ်စိုးစိုးသွင်[တိုက်(၁၁)၊အခန်း(၂၅)၊ကံ့ကော်အိမ်ရာ၊ နေပြည်တော်နေ]၏ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

အမှတ်(၄၇)၊ (၄)လွှာဝဲဘက်၊ အသောကလမ်း၊နတ်ချောင်း တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ ဒေါ်နီနီအေးညို လျှောက်သူ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ အသောကလမ်း၊ တိုက်အမှတ်(၄၇)၊ (၄)လွှာဝဲဘက်နေသူ ဒေါ်နီနီအေးညိုက ကွယ်လွန်သူ ဒေါ်စိုးစိုးသွင်၏ ညီမဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဒေါ်စိုးစိုးသွင်မှာ ကျန်ရှိရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်စိုးစိုးသွင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ်၊ ဇွန်လ(၁၆)ရက် (၁၃၇၇ခုနှစ်၊ နယုန်လကွယ်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်နီနီအေးညို၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။ ၂၀၁၅ခုနှစ်၊ မေလ ၂၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းလွင်)
ဒုတိယခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

# ကော်ဖီအရည်အသွေး ကမ္ဘာ့ဈေးကွက်တင်ပို့ရန် ပထမအကြိမ် အကဲဖြတ်ယှဉ်ပြိုင်



**ရန်ကုန် မေ ၃၀**

ပထမအကြိမ် ကော်ဖီအရည်အသွေးအကဲဖြတ်ပြိုင်ပွဲကို USAID ESifh Winrock (International) မှ မြန်မာနိုင်ငံကော်ဖီအသင်းတို့မှ ကြီးမှူးကာ မေ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ ရန်ကုန်မြို့ ဒေါပုံမြို့နယ် ရွှေပုစွန်ကိတ်နှင့် အအေးဆိုင်တွင် ကျင်းပခဲ့ရာ ကော်ဖီနမူနာ ငါးမျိုးကို ကော်ဖီအရည်အသွေးဆိုင်ရာ အကဲဖြတ်ပညာရှင်သုံးဦးမှ အကဲဖြတ်အမှတ်ပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင်ပါဝင်သည့် ကော်ဖီ ၅၀ တွင် ရှမ်းပြည်နယ်တောင်ပိုင်းမှ ကော်ဖီစိုက်တောင်သူများထံမှ ကော်ဖီနမူနာ ၃၀ ကျော်ပါဝင်ပြီး ၁၅ ခုမှာ ပြင်ဦးလွင်မြို့ရှိ ကော်ဖီစိုက် တောင်သူများထံမှဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရွာင်မြို့နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းမှ ကော်ဖီစိုက် တောင်သူများမှ ပေးပို့သည့် ကော်ဖီနမူနာများအား ပြည်ပမှ ကော်ဖီအရည်အသွေး အကဲဖြတ်ပညာရှင်သုံးဦးဖြစ်သည့် Mr. Craig Holt (Atlas-ကော်ဖီတင်ပို့အဖွဲ့ပိုင်ရှင် ကော်ဖီအရည်အသွေးစစ်ဒိုင်)၊ Mr. Matt Graylee (Innovative Flight-ကော်ဖီကုမ္ပဏီ၏ ဒါရိုက်တာ ကမ္ဘာ့ကော်ဖီ လှည့်ပတ်ဝယ်ယူသူတစ်ဦး)၊ Mr. Andrew Hetzel (အမေရိကန် ကော်ဖီအရည်အသွေးဌာနမှ ညွှန်ကြားရေးမှူး) အကဲဖြတ်အမှတ်ပေးကာ နိုင်ငံတကာစံနှုန်းမီ အဆင့်ရှိသောကော်ဖီများကို ရွေးချယ်သုံးသပ်ပေးခဲ့ပြီး ကမ္ဘာ့အထူးတန်းကော်ဖီဈေးကွက်သို့ တင်ပို့နိုင်ရန်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

ပထမအကြိမ် ကော်ဖီအရည်အသွေးပြိုင်ပွဲတွင် ကော်ဖီထုတ်လုပ်ပုံအဆင့်ဆင့် ပေါ်မူတည်ပြီး အရသာခံမှု၊ အချို၊ အချဉ်၊ အနံ့အရသာများ ပါးစပ်ထဲတွင် စွဲကျန်နေမှုပေါ်မူတည်ပြီး အကဲဖြတ်ကာ၊ ကော်ဖီ၏ ထုတ်လုပ်မှုပေါ်မူတည်ပြီး အရည်အသွေးကွာခြားမှု၊ တောင်သူများအား ကော်ဖီသီးဆွတ်ခူးရာတွင် အမှည့်များကိုခူးမှသာ အရည်အသွေး ပိုမိုကောင်းမွန်ကြောင်းနှင့် ယခု မြန်မာ့ကော်ဖီကို အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိနေပြီး ဥရောပနှင့် အမေရိကဂျပန်နိုင်ငံများသို့ နမူနာများကိုလည်း ကော်ဖီတောင်သူ အားလုံးမှစုပြီး တင်ပို့ထားရာ ရလဒ်ကောင်းမွန်ကြောင်း၊ ဈေးကွက်အလားအလာများစွာရှိနေကြောင်း၊ ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးလာနိုင်ကြောင်း မြန်မာကော်ဖီဥက္ကဋ္ဌ ဦးရဲမြင့်က ပြောသည်။

မြန်မာကော်ဖီအသင်းကို ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

**လိပ်သို မေ ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် မူးယစ်ဆေးဝါးပညာပေး ဓာတ်ပုံပြပွဲကို လိပ်သိုမြို့အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မေ ၂၈ ရက်နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေ့ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ကိုနိုင်က အမှာစကားပြောကြားပြီး လိပ်သိုမြို့ တိုက်နယ်ဆရာဝန်ဒေါက်တာဇေယျာဦးက မူးယစ်ဆေးဝါးဆိုင်ရာ ဆိုးကျိုးများအကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အေးက မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်ခဲ့သော မှုခင်းဖြစ်ပွားမှုဆိုင်ရာ အတွေ့အကြုံများအား ဟောပြောခဲ့ကြသည်။

မူးယစ်ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ခင်းကျင်းပြသထားသော ပညာပေးဓာတ်ပုံများ၊ နံရံကပ်စာစောင်များအား တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လိပ်သို (ပြန်/ဆက်)**

# ဖလမ်းမြို့နယ်၌ အဌမအကြိမ် မူလတန်းကြို ကျောင်းဆင်းဘွဲ့ အပ်နှင်းပွဲကျင်းပ

**ဖလမ်း မေ ၃၀**

ချင်းပြည်နယ် ဖလမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော မူလတန်းကြို ကျောင်းသား၊ ကျောင်းသူများ အဌမအကြိမ် ကျောင်းဆင်းဘွဲ့အပ်နှင်းပွဲအခမ်းအနားကို မေ ၂၈ ရက်တွင် ဖလမ်းမြို့ ဗလိုင်ရပ်ကွက်ရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖလမ်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က အမှာစကားပြောကြားပြီး မူကြိုကလေးငယ်များက ကဗျာရွတ်ဆိုခြင်းနှင့် သရုပ်ဖော်တေးသီချင်းသီဆိုကပြခြင်းတို့ဖြင့် ဖျော်ဖြေကြသည်။ ယင်းနောက် မူလတန်းကြိုကျောင်းဆင်းကလေးငယ်များအား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းဆင်းဘွဲ့လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**







## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်မြည္ဒန့်[၁၂/ပဘတ(နိုင်)၀၀၄၂၉၉]၏ နိုင်ငံကူးလက်မှတ်အမှတ် (M-၆၁၁၆၂၇)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၀၄၁၃၁

## ပျောက်ဆုံးကြောင်း

Myint Myat Maung Services Co.,Ltd ၏ ID No. 712586 (3-5-2013) Toyota Kluger 2002 ID မူရင်းမှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၄၅၀၀၀၅၄၄၄

## အမည်ပြောင်း

အဖ ဦးမြင့်ဦး[၁၂/မဂဒ(နိုင်)၀၂၅၆၂၁]၏ သမီးဖြစ်သူ အမက(၃၀)မူလွန်တွင် ပညာ သင်ကြားနေသော မဟန်မွန်ဦးအား မယဉ် မွန်ထွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မယဉ်မွန်ထွေး

## မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော် မောင်ကျော်စိုးနိုင်[၁၃/တကန(နိုင်)၁၃၈၂၃၈]၏ ဇနီးဖြစ်သူမစိမ့်သီရိကျော် [၁၃/တကန(နိုင်)၁၅၁၉၃၀]သည် ကျွန်တော်၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိဆန္ဒအရ နေအိမ်မှအကြိမ်ကြိမ်ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ ဇနီးအဖြစ်မှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

uaumnp;Ei

## Ze; t jzprrouqiawmyalumi;

ကျွန်တော် ဦးသိန်းဦး[၁၂/သကတ(နိုင်)၀၇၀၂၈၆]၏ဇနီးဖြစ်သူ ဒေါ်မြသူဇာ[၁၂/သကတ(နိုင်)၁၇၅၈၈၂]သည် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် တွင်၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

0;oe;0;

## ဦးဝေယံပိုင်(H & W Construction Co.,Ltd)နှင့် အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဒဂုံစက်မှုဇုန်(၁)၊ မော်လမြိုင်လမ်း၊ အမှတ်(၁၈၇)(ယခုနေရပ်လိပ်စာမသိ)တွင် ရုံးခန်းဖွင့်လှစ်ထားသော H & W Construction Co.,Ltd မှ ဦးဝေယံပိုင်[၁၂/မရက(နိုင်)၁၂၆၄၅၄]က ကန်ထရိုက်တာအဖြစ်လည်းကောင်း၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း(၂)၊ အမှတ်(၁၁၃)နေ ဒေါ်သင်းသင်းခိုင်နှင့် ဒေါ်မြကြည်တို့က မြေရှင်များအဖြစ်လည်းကောင်း၊ (၁၅-၁-၂၀၁၄)ရက်စွဲပါ "RCC(၂)ခန်းတွဲ (၅)ထပ်တိုက် ဆောက်လုပ်ရန်အတွက် နှစ်ဦးသဘောတူကတိစာချုပ်" တစ်ရပ်ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး မြေရှင်များ ပိုင်ဆိုင်သော အထက်ပါမြေကွက်တွင် (၂)ခန်းတွဲ (၅)ထပ်တိုက်တစ်လုံးအား သက်ဆိုင်ရာဌာန၏ ခွင့်ပြုမိန့်ကျသည့်နေ့မှ (၁၀)လနှင့် သက်တမ်းတိုးကာလ(၄)လအတွင်း ကန်ထရိုက်တာမှအပြီး တည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ယခုအခါ သက်တမ်းကာလ(၁၄)လကျော် ကာလအတွင်း ဖောင်ဒေးရှင်းအဆင့်ထိကိုသာ ဆောင်ရွက်ခဲ့ပြီး ယနေ့တိုင်တစ်စုံတစ်ရာ ဆက်လက်ဆောင်ရွက်ခြင်းမရှိခဲ့ပါ။ လူကြီးမင်းအား လူကိုယ်တိုင်သော်လည်းကောင်း၊ ရှေ့နေမှ တစ်ဆင့်သော်လည်းကောင်း၊ ကြိုးစားဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းအနေဖြင့် အထက်ဖော် ပြပါလိပ်စာတွင် နေထိုင်ခြင်းမရှိတော့ကြောင်း သိရှိခဲ့ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက် ဖော်ပြပါမြေရှင်များနှင့် လူကြီးမင်းတို့ ချုပ်ဆိုထားသော "RCC (၂)ခန်းတွဲ (၅)ထပ်တိုက် ဆောက်လုပ်ရန်အတွက် နှစ်ဦးသဘောတူကတိစာချုပ်"မှာ အဆိုပါစာချုပ် အပိုဒ်(၁၃)(ဂ)အရ ပျက်ပြယ်ပြီးဖြစ်ကြောင်းနှင့် အဆိုပါမြေကွက်ပေါ်တွင် မြေရှင်များက မိမိတို့၏ အစီအစဉ်ဖြင့် အဆောက်အအုံအား ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ ကန်ထရိုက်တာဦးဝေယံပိုင်ထံမှ အခန်းကြိုပွိုင့်ဝယ်ယူထားသူများ ရှိပါက ဦးဝေယံပိုင်နှင့်သာ စာရင်းရှင်းလင်းဆောင်ရွက်ကြရန်နှင့် မြေရှင်များအနေဖြင့် တစ်စုံတစ်ရာ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ဦးဝေယံပိုင်နှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းခိုင်နှင့်ဒေါ်မြကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအေးဇော်မင်း**(LL.B)** | ဦးတင်ထွဋ် **H.G.P;LL.B(Advocate)** |
| အထက်တန်းရှေ့နေ(စဉ်-၂၈၅၁၄) | တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၆၀/၉၁) |
| ဒေါ်ကြာညိုနှင်းရည် **LL.B** | ဒေါ်မြတ်သီတာအောင် **LL.B** |
| အထက်တန်းရှေ့နေ(စဉ်-၃၄၄၁၆) | အထက်တန်းရှေ့နေ(စဉ်-၃၂၄၁၈) |

အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၁၉၂၅၆၊ ၀၉-၄၃၁၉၈၃၂၀၊ ၀၉-၇၃၁၃၅၇၄၅၊ ၀၉-၇၃၁၈၀၈၈၄

## အင်းပေါက်ဝ အုပ်စု ကုမ္ပဏီလီမိတက်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု(ပြည်နယ်အဆင့်)တွင် နိုင်ငံတော်အတွက် "ဘဏ္ဍာထူးချွန်အခွန်ထမ်းဆု"များကို ချီးမြှင့်ရာတွင် Inn Pauk Wa Group of Companies ပါဝင်သော

➤အင်းပေါက်ဝကုမ္ပဏီလီမိတက်အနေဖြင့် ပထမဆုကို (၂)နှစ်ဆက်တိုက်ရခဲ့ပါသည်။

➤အဆိုပါအုပ်စုကုမ္ပဏီလီမိတက်ပါဝင်သော ရွှေမင်းဂံကုမ္ပဏီလီမိတက်သည်လည်း ၂၀၁၄ခုနှစ်တွင် ဒုတိယဆုကို ရရှိခဲ့ပြီး ၂၀၁၅ခုနှစ်တွင် တတိယဆုကို ရရှိခဲ့ပါသည်။

သို့အတွက်အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

- ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ရခိုင်ဆန်စပါးကုမ္ပဏီလီမိတက်
- သဇင့်ဂုဏ်ရောင်ကုမ္ပဏီလီမိတက်
- Asia Pacific Management Holdings Pte.Ltd
- Good Life Purified Drinking
- သက်တန့်ရောင်စက်သုံးဆီအရောင်းဆိုင်များ
- ဂိုးဒန်းလန်းဖွံ့ဖြိုးရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
- ရခိုင်ဘက်စုံကုန်သွယ်မှုကုမ္ပဏီလီမိတက်
- Shwe Family Holdings Pte.Ltd
- Mrauk Oo Nawarat Hotel
- ရွှေရိုးမစက်သုံးဆီအရောင်းဆိုင်များ
- BMG ရေသန့်စက်နှင့် ရေခဲစက်လုပ်ငန်း

## t x;*P ,0r;ajrmujci;

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သော ၂၀၁၅ခုနှစ်၊ နိုင်ငံ့စွမ်းဆောင်ရည်ဆုကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသော အောက်ဖော်ပြပါအသင်းဝင် ကုမ္ပဏီ/လုပ်ငန်းများကို မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အနေဖြင့် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း-

၁။ ဦးဝေဖြိုး(ချိုချိုအသင့်စားကြာဇံလုပ်ငန်း)
တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု(တတိယ)

၂။ ဦးသိန်းကြည်(Nibban လျှပ်စစ်နှင့်အီလက်ထရွန်နစ်လုပ်ငန်း)
ထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု (ကုန်ထုတ်လုပ်မှုတတိယ)

၃။ ဦးကိုလေး(JKL အဆင့်မြင့်ထုပ်ပိုးမှုလုပ်ငန်း)
ထူးချွန်အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆု (ထုတ်လုပ်မှုဒုတိယ)

၄။ ဦးတင်မောင်ကြည်(အေးငြိမ်းသီတာတိုင်းရင်းဆေးဝါး ထုတ်လုပ်မှုလုပ်ငန်း)
ထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု (ထုတ်လုပ်မှုဒုတိယ)

၅။ ဦးလှဦး(စုပေါင်းလယ်ယာဆန်စက်)
ထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု (ကုန်ထုတ်လုပ်မှုဒုတိယ)


**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရရှိသော ဦးစိုးပိုင်(ပိုင် မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီ)အား အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံ့အကျိုး၊ အမျိုးဘာသာ၊ သာသနာကို ဆက်လက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးလူမော်မြင့်မောင်နှင့် ဇနီး**
**Shwe Wah Yaung Group Co.,Ltd**


MIC
Myanmar Imperial College




တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်
The University of Northampton (UK) မှတိုက်ရိုက်ပေးအပ်သော
HND | BA
Business Management
Marketing Management
Tourism Management
မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA | DBA Doctor of Business Administration
Enroll Now! 09 732 10001 / 09 4211 00222
No. 62 (C), Inya Road, Kamayut Tsp, Yangon, Myanmar.


**မိခင်အမည်မှန်**
ရေတာရှည်မြို့နယ်၊အင်ကြင်းကုန်းကျေးရွာ အလက(ခွဲ)မှ အဋ္ဌမတန်းအောင်မြင်ထားသော မောင်အောင်ကိုလင်း၊ သတ္တမတန်းအောင်မြင်ထားသော မပန်းအိဖြူနှင့် စတုတ္ထတန်းအောင်မြင်ထားသော မမေသကြိန်တို့၏ မိခင်အမည်မှန်မှာ ဒေါ်ထားထား[၇/ရတရ(နိုင်)၁၇၂၇၇၂]ဖြစ်ပါကြောင်း။
**ဒေါ်ထားထား[၇/ရတရ(နိုင်)၁၇၂၇၇၂]**


FEG
Future Engineer Generation
Training School
fegtrainingschool@gmail.com
fegtrainingschool.blogspot.com

လျှပ်စစ်ဝါယာရင်းကျွမ်းကျင်သင်တန်း
အိမ်၊ စက်ရုံ၊ အလုပ်ရုံ ဝါယာရင်း သွယ်တန်းနည်းများကို စာတွေ့လက်တွေ့ ထိရောက်စွာသင်ကြားပေးမည်။
6.6.2015 Sat, Sun (8:30 ~ 10:30)AM
10-weeks

M &E
Electrical Design
IEE မှုကိုအခြေခံ၍ အဆောက်အအုံဆိုင်ရာ လျှပ်စစ်သွယ်တန်းမှု လုပ်ငန်းများအတွက် ဒီဇိုင်းနှင့်တွက်ချက်ခြင်းများ
9.6.2015 Tue to Fri (5:30~7:30) PM
(1-month)

သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၃၈–ကြိမ်မြောက် (ဇွန်လ ၂၀၊ ၂၁)နှစ်ရက်အလင်းဒါနပြုလုပ်ပါမည်။

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှု၊ မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr. Mya Aung ကြီးကြပ်မှုနှင့် အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ၌ မေလ(၂၄)ရက်၊ (၃၇)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၂၉၅၀၀)ဦးတို့အား စစ်ဆေးကုသခြင်းနှင့် (၆၀၅၀)ဦးအား ခွဲစိတ်ကုသအလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇွန်လ(၂၀၊ ၂၁)ရက်များတွင် ဦးရေ(၆၁၅၀ ပြည့်) (၃၈) ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ရာ ဇွန်လ (၆)ရက် တစ်ရက်တည်းသာ နံနက်(၇)နာရီတွင် စာရင်းသွင်းလက်ခံမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း – ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံဘုရားလမ်း၊ တာမွေလေးသဲလမ်းအနီး] ဖုန်း ၅၄၁၄၉၃၊ ၀၉–၇၃၀၅၆၅၆၉

အရေးရှုဆောင်ယူဝမ်းမြောက်ခြင်း

ESI Foods. Ever Sunny Industrial Co., Ltd. အနေဖြင့်

RicH COFFEE MIX
SUNDAY COFFEE MIX
PLATINUM COFFEEMIX
Shabati
J-cup Jelly

အသည်ကုန်အမှတ်တံဆိပ် ထုတ်ကုန်များအတွက်

ISO 9001 : 2008 အရည်အသွေးဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ရရှိသည့်အတွက် အထူးပင်

ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ယနေ့မှစ၍ ဒီထက်မက ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Global GROUP ISO 9001:2008
UKAS QUALITY MANAGEMENT 039
Certificate No : 81Q16840

CENTURY BEVERAGE
MIB GROUP
Grand Elephant
abc CONVENIENCE STORE
CM
USG

Since 1996
(၅တန်း မှ ၁၀တန်း)

ဆရာဝန်များ ဦးစီးသည့်
စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း

၂၀၁၃–၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)

မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနှိပ် မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက်လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ၊ အားကစားကွင်း၊ ကွန်ပျူတာခန်း၊ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ (သင့်တင့်ချိုသာသောသင်တန်းကြေး)

(၉)တန်းအထူးအစီအစဉ် စာတော်လျှင် (၀)နှစ်ဝက်(၉)တန်းအပြီး သင်ပေးပြီး (၃)နှစ်ဝက်(၁၀)တန်းစာတစ်ခေါက် ကြိုသင်ပေးသည်။

အမှတ် (၇၇)၊ ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉–၅၁၅၈၈၅၁၊ ၀၉–၃၁၂၉၉၇၂၆၊ ၀၁–၆၃၈၀၅၀



ကျောင်းသွဲ့ပရိုပါ ဘွဲ့ရအဆောင်မှူး(Guide)အလိုရှိသည်

ပြင်ဆင်ဖတ်ရှုပါရန်

၃-၁-၂၀၁၅ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာမြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်လှရွှေ+၁၈၏မြေပုံကူးတွင် ၂၀၀၂ခုနှစ်ခွဲစိတ်မြေပုံနှင့်အရောင်းမြေပုံပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာတင်ပြ၍ဟုဖြည့်စွက်ဖတ်ရှုပါရန်။

မိနိုင်း 140 K Sq-Ft (၁၆လောင်) 120

ဇေ၀
အားတိုးဆေးရည်

ကိုယ်တွင်းဩဇာဓာတ်များအားနည်းကုန်ခန်းနေပါသလား

ဇေ၀အားတိုးဆေးရည်က သင့်ကျန်းမာရေးကို တာဝန်ယူပါရစေ။

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - TMR 010126 (0216)
ကြော်ငြာခွင့်ပြုချက်အမှတ် – တဆတက (စာနယ်ဇင်း) ၀၃၂/၀၅၁၅

ဗိုလ်ဘာနမ်းနော်



အစားမဝင်
အိပ်မပျော်
အပျားမကျ
ဝမ်းမရပ်

ပျောက်ကင်းစေပြီး
အားပြည့်လန်းဆန်းစေသည်။

❖ နာတာရှည်ရောဂါသည်များအတွက် နာလန်ပြန်ထစေနိုင်သည်။
❖ အထူးသဖြင့်ခုခံအားကျရောဂါဝေဒနာစိုးရိမ်ရသည့်အဆင့်ခံစားရသူများအတွက် သောက်သုံး ခြင်းဖြင့်လူသာမန်များကဲ့သို့ လုပ်ငန်းခွင်ပြန်ဝင်နိုင်သည်၊ အထူးအသက်ရှည်ဆေးအဖြစ် သုံးစွဲနိုင် သည်၊
❖ Anti oxidant Actionရှိကြောင်းလက်တွေ့သုတေသနပြုပြီး။
❖ Acute Toxicity test ကိုလည်းစမ်းသပ်ပြီး သိပ္ပံနည်းကျ သုတေသနပြုလုပ်ထား၍ Side effect ဘေးထွက်ဆိုးကျိုးကင်းကြောင်း သိရှိရပြီး ဖြစ်ပါသည်။
❖ From Experience ~ To Evidence

ပင်ရင်း ❖ ဇေ၀ ဆေးတိုက် ➢ အောင်ဇေယျမြို့တော်၊ ကျန်စစ်သားလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
☎: ၀၉-၂၄၀၂၉၅၃၈၃၊ ၀၉-၇၉၈၇၅၅၅၄၂၁၊၀၉-၇၉၈၇၅၅၅၄၁၂၊ ၀၉-၇၉၈၇၅၅၅၆၂၁၊ ၀၉-၇၉၈၇၅၅၅၆၁၂၊ ၀၉-၄၉၈၇၄၂၇၄၉၊ ၀၉-၈၅၇၅၃၄၁


မြန်မာ - ကိုးရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်
Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်
ဝယ်ယူသူများအတွက် အထူးလက်ဆောင်
SAMSUNG
Galaxy S6
DUOS
Original Clear View Cover
Power Bank
SAMSUNG
Galaxy S6 edge
Power Bank
သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ
သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ) ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်။ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG
www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM ( အစိုးရရုံးပိတ်ရက်များအပါအဝင် )

Hot Line No-0930500100

ယနေ့

**မာတိကာ**

**၂၀၁၅ ရွှေဒါးပတ် ချန်ပီယံပိုလ်လုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်**
စာမျက်နှာ » ၆

**စီးပွားရေးပညာကို အမှန်တကယ် တတ်မြောက်သည့် ကျောင်းသားများ မွေးထုတ်ပေးမည်**
စာမျက်နှာ » ၇



သတင်း - စိုးဝင်း (MLA)
ဓာတ်ပုံ - မြင့်ဦး(အင်းစိန်)

# အင်းစိန်ရထားလမ်းခုံးကျော်တံတားအသစ်ပေါ်မှ ဇူလိုင်လတတိယပတ်တွင် ယာဉ်များ စတင်စမ်းသပ်ဖြတ်သန်းသွားလာခွင့်ပေးမည်

ရန်ကုန်   မေ   ၃၀

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှအသစ်ထပ်မံဆောက်လုပ်နေသည့် ငွေကျပ် ၆ ဒသမ ၁၇၈ ဘီလီယံ တန်ဖိုးရှိ အင်းစိန်ရထားလမ်း ခုံးကျော်တံတားအသစ်စီမံကိန်းမှာ တံတားတစ်စင်းလုံးအတိုင်းအတာအရ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး**(အပေါ်ပုံ) **လာမည့်ဇူလိုင်လတတိယပတ်တွင် ယာဉ်များအား စတင်စမ်းသပ်ဖြတ်သန်းသွားလာခွင့်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။**

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# မြန်မာယူ-၂၀ အသင်း ပွဲဦးထွက် ရှုံးခဲ့သော်လည်း ကမ္ဘာ့အဆင့်မီသည့် ခြေစွမ်းပြသနိုင်ခဲ့

**ဖိုးဿော်စင်**

၂၀၁၅ ဖီဖာယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ နယူးဇီလန်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာယူ-၂၀ အသင်းမှာ အမေရိကန်ယူ-၂၀ အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ပွဲဦးထွက် ရှုံးပွဲကြုံတွေ့ခဲ့သည်။

| | | |
|---|---|---|
| **အမေရိကန်ယူ-၂၀** | - | **နှစ်ဂိုး** |
| **မြန်မာ ယူ-၂၀** | - | **တစ်ဂိုး** |

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် မြန်မာအသင်း၏ပွဲဦးထွက်ပွဲစဉ်မှာ ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း ခြေရည်တူကစားကာ ပြိုင်ဘက်အသင်းများ၏ ဂရုပြုမှုကိုခံခဲ့ရသည်။ တောင်ပံကစားသမား ရန်နိုင်ဦး၏ ဦးဆောင်ဂိုးဖြင့် အမေရိကန်ကို ဦးဆောင်နိုင်သည်အထိ မြန်မာအသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ထိုက်တန်သည့် ခြေစွမ်းကို ပြသနိုင်ခဲ့သည်။

မြန်မာယူ-၂၀ အသင်းမှာ ၃-၄-၁-၂ပုံစံဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲထွက်လူစာရင်းတွင် မျိုးမင်းလတ်(ဂိုး)၊ နန္ဒကျော်၊ သီဟထက်အောင်၊ ထိုက်ထိုက်အောင်၊ ကျော်မင်းဦး၊ မျိုးကိုထွန်း၊ မောင်မောင်စိုး၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ သန်းပိုင်နှင့် အောင်သူတို့ ပါဝင်ခဲ့သည်။ ယခုပွဲကို

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# လေ့စီးဒုက္ခသည်များနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံအပေါ် အပြစ်ပုံချသည့်အပြုအမူများ နိုင်ငံတကာမှ အထင်အမြင်လွဲမှားနိုင် တစ်ဖက်စောင်းနင်းနိုင်သော အဆိုးမြင် ပြောကြားချက်များအားလုံးကို မြန်မာနိုင်ငံက ပယ်ချ

## သတင်းထုတ်ပြန်ချက်

၁။ အိန္ဒိယသမုဒ္ဒရာနှင့် မလက္ကာရေလက်ကြားတို့တွင် ရုတ်တရက်ဖြစ်ပေါ်လာသည့် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လှေစီးဒုက္ခသည်များပြဿနာသည် အရှေ့တောင် အာရှဒေသအတွင်း ၂၀၁၅ ခုနှစ်၊ မေလ အလယ်ပိုင်းမှစတင်၍ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့အား ဂယက်ရိုက်လှုပ်ရှားစေခဲ့ပါသည်။

၂။ ယင်းကိစ္စများဖြစ်ပေါ်သည့် အချိန်ကာလအတွင်းမှာပင် နော်ဝေနိုင်ငံ၊ အော်စလိုမြို့၌ ၂၆-၅-၂၀၁၅ရက်နေ့တွင် “The Oslo Conference to End Myanmar’s Persecution of Rohingyas” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပါသည်။ အော်စလို ဆွေးနွေးပွဲသို့ မစ္စတာ ဂျော့ဆိုရော့စ်၊ ဒေါက်တာ မဟာသီယာ မိုဟာမက်၊ ဒေါက်တာ ဆာအဒ်ဟာမစ်ဒ် အယ်လ်ဘာနှင့် ဒက်စ်မွန်တူးတူးတို့မှ ကြိုတင်ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်မှတစ်ဆင့်လည်းကောင်း၊ လူကိုယ်တိုင်တက်ရောက်၍လည်းကောင်း မိန့်ခွန်းပြောကြားခြင်းများပြုလုပ်ခဲ့ကြပါသည်။

၃။ ယင်းတို့၏ပြောကြားချက်များတွင် မြန်မာနိုင်ငံအနေဖြင့် ရခိုင်ဒေသရှိ အသိုက်အဝန်းနှစ်ခုအကြား ဆောင်ရွက်ပေးနေသည့် ယုံကြည်မှုပြန်လည်တည်ဆောက်ရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအတွက် အစီအမံများ၊ မြန်မာနိုင်ငံအတွင်း ယခင်နှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့သည့် ဘင်္ဂါလီများအား နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များမှတစ်ဆင့် တရားဝင်နိုင်ငံသားဖြစ်ခွင့်ရရှိရန်ဆောင်ရွက်နေမှု၊ ရေရှည်တွင် အသိုက်အဝန်းနှစ်ခုအကြား ခိုင်မာမှန်ကန်သည့် အထောက်အထားများဖြင့် လက်တွဲနေထိုင်သွားနိုင်ရန် အစီအမံတို့ကို လျစ်လျူရှုပြစ်တင်ဝေဖန်မှုများကို ပြုလုပ်ခဲ့ပါသည်။ ဤသို့ အပြုသဘောမဆောင်သည့် ၎င်းတို့၏ ပြောကြားချက်များကို ကန့်ကွက်ပါသည်။

၄။ မြန်မာနိုင်ငံသည်ဒေသတွင်းနိုင်ငံများနှင့်အတူ လတ်တလောဖြစ်ပေါ်နေသည့် လှေစီးဒုက္ခသည်များပြဿနာကို လက်တွဲဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ တစ်နိုင်ငံချင်းအနေဖြင့်လည်း မိမိတို့တတ်နိုင်စွမ်းသရွေ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုများကို ပေးအပ်ခြင်း၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ပြုလုပ်လျက်ရှိပါသည်။

၅။ ထို့ပြင် ၂၉-၅-၂၀၁၅ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပြုလုပ်ခဲ့သည့် အိန္ဒိယသမုဒ္ဒရာအတွင်း ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အထူးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ပြီး ဒေသတွင်းနိုင်ငံများနှင့်အတူ လူမှောင်ခိုထုတ်မှု၊ လူကုန်ကူးမှုနှင့် ဆက်စပ် နိုင်ငံဖြတ်ကျော်မှုခင်းများအား ရေတို၊ ရေရှည်တွင် ထိရောက်စွာ ပူးပေါင်းဖြေရှင်းသွားနိုင်ရန် အမြင်ချင်းဖလှယ်နှီးနှောမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ နိုင်ငံတစ်နိုင်ငံကို ဦးတည်ပြစ်တင်ဝေဖန်မှုများ ပြုလုပ်နေခြင်းထက် လူသားချင်းစာနာထောက်ထားမှုကိစ္စများကို ဦးစားပေး ပူးပေါင်းဆောင်ရွက်ရန်နှင့် သက်ဆိုင်သည့် နိုင်ငံများတွင် ဖွံ့ဖြိုးရေး အကူအညီများ ပေးရေးအတွက်ကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဦးတည်ဆွေးနွေးခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ လူမှောင်ခိုကူးသူများနှင့် လူကုန်ကူးသူများ၏ အမြတ်ထုတ်မှုကြောင့် ထိခိုက်ခံစားနေရသည့် လှေစီးဒုက္ခသည်များအား လူသားချင်းစာနာမှုဆိုင်ရာ စိတ်သဘောထားရှိ၍ ထောက်ပံ့ရေးနည်းလမ်းများ ရှာဖွေကူညီရန် လိုအပ်လျက်ရှိချိန်တွင် နိုင်ငံတစ်နိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေး အပြစ်ပုံချသည့် အပြုအမူများသည် မြန်မာနိုင်ငံအပါအဝင် သက်ရောက်ခံနိုင်ငံများ၏ လတ်တလောကြိုးပမ်းမှုများကို သေးသိမ်ရာရောက်စေပြီး နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုများ ဖြစ်စေနိုင်သဖြင့် တစ်ဖက်စောင်းနင်းနိုင်သော အဆိုးမြင် ပြောကြားချက်များအားလုံးကို မြန်မာနိုင်ငံက ပယ်ချပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၅ခုနှစ်၊ မေလ ၃၀ ရက်**




themirror.npt@gmail.com
www.facebook.com/themirrordaily